www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မင်းသွေးသစ္စာ

# ကျောက်မျက်လုံး တစ္ဆေ

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် [၅၀၀၆၂၉၀၅၀၇]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [၅၀၀၆၆၂၀၆၀၇]

❑

**ပုံနှိပ်ခြင်း**

ပထမအကြိမ် အုပ်ရေ (၅၀၀)

❑

**ထုတ်ဝေသည့်လ**

ဒီဇင်ဘာလ ၂၀၀၇

❑

**မျက်နှာဖုံးနှင့်အတွင်းစာသား ပုံနှိပ်သူ**

ဦးကျော်လှိုင် (၅၅၇၃) စေတနာအော့ဖ်ဆက်
အမှတ် (၅၉)၊ ၁၉ လမ်း၊ ရန်ကုန်။

❑

**ထုတ်ဝေသူ**

ဦးကျော်လှိုင်(၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။

**ကွန်ပျူတာ**

ပန်းအိစံ

❑

**မျက်နှာဖုံးပန်းချီ**

ကိုသိန်းဇော်

❑

**တန်ဖိုး**

၃၀ ကျပ်

❑

**ဖြန့်ချိရေး**

ရန်မျိုးအောင်စာပေ၊ ကျောက်မြောင်း၊ ရန်ကုန်

BURMESE CLASSIC .com

# စာရေးဆရာ မင်းသွေးသစ္စာ

၏

# နောက်ထွက်မည့် စာအုပ်များ

- ❑ သူယောင်မယ်
- ❑ နတ်ကြိုးတောသူ
- ❑ ပင်ကချွပ်
- ❑ ပုလဲနက် အမြုတေ
- ❑ ခေါင်းသုံးလုံးမြွေ

www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

"ဒီနေ့တိုက်ရှိပ်မှာလည်း မျက်လုံးတစ်ဖက် ပေါင်းလောင်းကြီး ဖြစ်နေတော့ 'ဓနုတာ ရှာလ်တန်' ဆီက ကျောက်မျက်လုံးတစ်ဖက် ပြန်ရဖို့ ကြိုးစားနေတဲ့ မြို့တော်သားရဲ့ကောအနဲ့ ကိုက်ညီမနေ ဘူးလား၊ မနုတာရှာလ်တန်က ကျောက်မျက်လုံးကို မှလနေရာရောက်အောင် လုပ်ဆောင်ပြီးတာနဲ့ 'မိုဟန်ဂျိုဒါရို' မြို့တော်ဟောင်းက ဘုရင် အဆက်ဆက် သိုမှီးထားခဲ့တဲ့ လျှို့ဝှက်ရတနာသိုက် ရှိတဲ့နေရာကို မနုတာရှာလ်တန်သိအောင် အရှင် တုန်းက ဆက်သွယ်ခဲ့ဖူးတဲ့ စိတ်ချင်းဆက်သွယ်တဲ့ နည်းမျိုးနဲ့ ဆက်သွယ်ပြီး သတင်းပေးမယ်လို့ ဆိုတယ်"



www.burmeseclassic.com

www.burmeseclassic.com



- ပြစ်ဒဏ်ဆိုတာ
  တရားမဲ့သူတွေအတွက်
  မှန်ကန်တဲ့ ဆုံးဖြတ်ချက်ပါ။

  မိန့်ခြွန်ဂတ်စ် ဘင်း



**နိဒါန်း**

ကောင်းကင်တစ်ခုလုံး တိမ်မည်းညိုတို့အုပ်ဆိုင်းပြီး လေ ရော မိုးပါ ပြင်းထန်စွာ တိုက်ခတ်ရွာသွန်းနေ၏။ တစ်ချက်တစ်ချက် ပြိုးပြိုးပြက်ပြက် လင်းလက်သွားသော လျှပ်ရောင်နှင့်အတူ မိုးကြိုး ထစ်ချုန်းသံက ထွက်ပေါ်လာတတ်၏။

ထိုအချိန်တွင် ကျဉ်းမြောင်းသော အခန်းတစ်ခုအတွင်း၌ ထွန်းညှိထားသည့် မီးအိမ်မီးကလေးက သံတိုင်များကာရံထားရာ လေဝင်ပေါက်မှ တိုးဝင်လာသော မိုးသက်လေကြောင့် ယိမ်းထိုး လှုပ်ရှားနေ၏။

www.burmeseclassic.com

www.burmeseclassic.com



လူနှစ်ယောက်ကမူ ဆိုးရွားသော ရာသီဥတုကို အမှုထားမိဟန်မတူဘဲ ထိုနေရာ၌ ရှိနေကြ၏။

အမှန်စင်စစ် ထိုနေရာတွင် သူတစ်ယောက်က အခြားတစ်ယောက်ကို မလှုပ်သာအောင် တုပ်နှောင်ပြီး အပြုံးတကြီး နှိပ်စက်နေခြင်းဖြစ်၏။

အသက် (၂၀)ကျော်ခန့် လူငယ်၏လက်တွင်းမှ ကြာပွတ်က မိုးကြိုးတစ်ချက်နှင့်အပြိုင် ဝေါခနဲထနေသော မြွေတစ်ကောင်လို ရွမ်းခနဲ ရွမ်းခနဲ လှုပ်ရှားနေ၏။

ခြေလက်များကို တစ်ဖက်ဆီတွင် သံကွင်းကြီးများ တပ်ဆင်၍ သံကြိုးကြီးများနှင့် တုပ်နှောင်ခံထားရသော အသက်(၄၀)ကျော်ခန့် လူကြီးထံမှ ကြာပွတ်ရိုက်ချက်ကျရောက်လာတိုင်း မပီမသ ညည်းညူသံ ထွက်ပေါ်လာ၏။

လူကြီး၏ ခန္ဓာကိုယ်အပေါ်ပိုင်းတွင် ဗလာကျင်းလျက် ကြာပွတ်ဒဏ်ကြောင့် သွေးချင်းချင်းနီနေချေပြီ။

မီးအိမ်နီအလင်းရောင်နှင့် ကြာပွတ်ကိုင်ဆောင်သူ လူငယ်၏ မျက်နှာက အရွယ်နှင့်မလျော်အောင် တင်းမာခက်ထန်ကာ သွေးဆာနေသော ဘီလူးသဘက်ရဲ့လို ရှိ၏။

တစ်ကြိမ်တွင် လူငယ်သည် ကြာပွတ်ကို လေထဲတွင်





အားယူရော့ယမ်းပြီး

"ခင်ဗျားကြီးက တော်တော်ခေါင်းမာနေပါလား၊ ကောင်းပြီလေ၊ ဘယ်လောက်ခံနိုင်ရည်ရှိသလဲဆိုတာ ကြည့်ကြသေးတာပေါ့၊ ခင်ဗျားပါးစပ်က ကျုပ်လိုချင်တဲ့စကားတစ်ခွန်း ထွက်မလာသေးသရွေ့ သေချင်တယ်ဆိုရင်တောင် ကျုပ် သေခွင့်မပေးနိုင်ဘူး၊ ယောဒီအခန်းထဲမှာ ဝိတ်လျော်ပြီး နေ့စဉ် ဒီလိုပဲ ကျုပ်ရဲ့ကြာပွတ်စာ ကျွေးရသေးတာပေါ့"

ဟု ကြိုးဝါး၏။

လူကြီးသည် ဆတ်ခနဲ ခေါင်းမော့လာကာ ကြာပွတ်ကိုင် လူငယ်ကို စူးစိုက်ကြည့်၏။

သူသည် မည်သို့ဖြင့် နာကျင်စေကြာ မှု တင်းတင်းနေထားသောနှုတ်ခမ်းနှင့် စူးရဲသောမျက်လုံးအစုံက လူငယ်ကို ကြောက်ရွံ့အရှုံးပေးမည်မဟုတ်ဟု သက်သေခံနေ၏။

ထိုအမူအရာက ရှုငယ်၏ဒေါသကို ပိုမိုနှိုးဆွလိုက်သလို ရှိ၏။

ထိုဒေါသက ကြာပွတ်တွင်စုစည်းပြီး လူကြီး၏ကိုယ်ပေါ်သို့ အဆက်မပြတ် ကျရောက်လာ၏။

လူငယ်သည် အားရအောင်ရိုက်နှက်ပြီး လျှော်စားပွဲတစ်လုံ



www.burmeseclassic.com

www.burmeseclassic.com



တွင် တင်ထားသော အရက်ခွက်ကိုမော့ကာ ဟက်ခနဲရယ်၍

"ဒီမှာ ဦးဘသော်... ဟောဒီအခန်းကလေးက ကျုပ်အဖေလက်ထက်ကတည်းက သေသေချာချာ ဆောက်လုပ်ခဲ့တာဗျ၊ ဒီအခန်းက ကျုပ်တို့အိမ်ကြီးရဲ့ မြေတိုက်ခန်းသဘောမျိုးပဲ၊ မလှမ်းမကမ်းမှာရှိတဲ့ ဧရာဝတီမြစ်ကြီးက မြစ်ရေတက်ချိန်ဆိုရင် ဟောဒီအခန်းထဲကို ရေထွက်ပေါက်ကတစ်ဆင့် ရေတွေဝင်လာအောင် စီမံထားတာဗျ၊ အဲဒီအချိန်ဆိုရင် ကျုပ်က ရေတံခါးကလေးတစ်ခုကို ဖွင့်ပေးလိုက်တာနဲ့ ဒီအခန်းရဲ့တစ်ဝက်လောက်အထိ ရေတွေ ဒလဟောတိုးဝင်လာလိမ့်မယ်၊ ရေထဲမှာ ခင်ဗျားကြီး ဘယ်လောက်တောင်ခံနိုင်မလဲဆိုတာ ကြည့်ကြသေးတာပေါ့"

ဟု ပြောလေ၏။ လူကြီးက မေးကြောကြီးများထောင်အောင် အံကြိတ်ပြီး

"အမျိုးယုတ်... ဒါဟာ မင်းတို့သားအဖ နှစ်ယောက်စလုံးနဲ့ ထိုက်တန်တဲ့စကားပဲ"

ဟု ဆိုလိုက်ရာ လူငယ်သည် တရှူးရှူးနှင့် ဒေါသထွက်ပြီး





ဦးဘသော်ဟူသည့်လူကြီးကို ကြာပွတ်နှင့် တရွှမ်းရွှမ်း ရိုက်နှက်ပြန်၏။

နောက်ဆုံးတွင် ဦးဘသော်သည် ပြင်းထန်သောနာကျင်မှုဝေဒနာကြောင့် ခေါင်းငိုက်စိုက်နှင့် သတိကင်းလွတ်သွားတော့၏။

ထိုအခါမှပင် လူငယ်သည် ရိုက်နှက်မှုကို လက်စသတ်ပြီး လူကြီးကို တံတွေးနှင့် ထွီခနဲထွေး၍

"ခင်ဗျားကြီးလောက် ခေါင်းမာတာ တစ်ခါမှ မမြင်ဖူးခဲ့ဘူး၊ ဒါကြောင့် အဖေကပြောတာ၊ ဘသော်ကို မပိုင်ဘဲနဲ့ သွားမကိုင်နဲ့တဲ့၊ သူဟာ ရှတ်တရက်ကြည့်ရင် မနုတ်တတ်တဲ့ကြောင်လို့ ထင်ရတယ်၊ တကယ်တော့ မြွေဆိုးပဲလို့ သတိပေးခဲ့တာကိုး"

ဟု ရေရွတ်လေ၏။

ထို့နောက် သတိကင်းလွတ်လျက်ရှိသော ဦးဘသော်သည် အကျဉ်းခန်းထဲတွင် ကျန်ရစ်ခဲ့၏။

အချိန်များစွာကြာမြင့်မီ အခန်း၏တစ်နေရာရှိ အပေါက်ငယ်မှ ရေများ တစိမ့်စိမ့်တိုးဝင်လာပြီး ဦးဘသော်လည်း ရေထဲတွင် တဖြည်းဖြည်း နစ်မြုပ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ရေက သူ၏ချက်နားနှင့် နီးကပ်သည်အထိ မြင့်တက်လာမှ ပင် သတိပြန်လည်လာ၏။ အပြင်တွင် မိုးက တဝုန်းဝုန်း ရွာသွန်း ဆဲသာဖြစ်၏။

ထိုအခါ ဦးဘသော်သည် ထိတ်လန့်ခြင်း အလျှဉ်းမရှိဘဲ ခေါင်းကိုမော့ပြီး ရှုတ်တရက် ရူးသွပ်သွားသူလို ဟားတိုက်ရယ်မော လေတော့၏။

*"ဟား ဟား ဟား… မင်းတို့သားအဖ တွေ ငါ့ကို ဘယ်လိုပဲနှိပ်စက်ပါစေ၊ ငါ့ရင်ထဲက လျှို့ဝှက်ချက်ကို သိရမှာမဟုတ်ဘူးပေါ့၊ အဲဒီ လျှို့ဝှက်ချက်ကို ငါနဲ့အတူ သေရွာအထိ ယူသွား မယ်ကွ"*

ဟု ကြိမ်းဝါးလေ၏။

ထိုသို့ ကြိမ်းဝါးရယ်မောလိုက်သော်လည်း သူသည် ရင် ခြည်းပင် တစ်စုံတစ်ရာကို တွေးမိဟန်နှင့် မျက်နှာတည်သွားပြန်၏။

မျက်နှာတွင် တစ်စုံတစ်ရာအတွက် စိုးရိမ်သောကရောက် သွားဟန်က အထင်းသား ပေါ်လာ၏။ ဦးဘသော်သည် မျက်ခုံး ကြုတ်ပြီး

*"ဒီလောကကြီးမှာ ငါ့အသက်ထက်တောင်*





*ပိုပြီးချစ်ရတဲ့ သမီးကလေး မြေနယ်ရှိသေးတယ်၊ ဘုရား… ဘုရား… လျှို့ဝှက်ပြီးနေနေတဲ့ သမီး ကလေးကို ဒီကောင်တွေ တွေ့မသွားပါစေနဲ့"*

ဟု တီးတိုးဆုတောင်းမိ၏။

သူ၏အတွေးအာရုံထဲတွင် ပျော်ရွှင်ဖွယ်ကောင်းသော မိသားစုတစ်ခု၏ပုံရိပ်က ထင်ဟပ်လာ၏။

လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော်က ထိုမိသားစုကလေး သည် မြက်ခင်းစိမ်းများနှင့် အနောက်ရိုးမတောင်တန်းကြီးကို နောက်ခံထားသော ရွာကလေးတွင် ပျော်ရွှင်စွာနေထိုင်ခဲ့ကြ၏။

ထိုမိသားစုကလေးသည် ချမ်းသာကြွယ်ဝခြင်းမရှိသော် လည်း တစ်ဦးအပေါ်တစ်ဦးထားရှိသော မေတ္တာစေတနာတို့နှင့် ရစ်ပတ်နှောင်ဖွဲ့ရင်း အရာအားလုံး ပြည့်စုံနေခဲ့ကြ၏။

ယခုလို ဆိုးရွားသော ရာသီတစ်ခု၏ မိုးသက်မုန်တိုင်း ကျရောက်ရာနေ့တစ်နေ့တွင်မူ သူတို့မိသားစုကလေးထံသို့ ကံကြမ္မာ ဆိုးက မထင်မှတ်ဘဲ ဝင်ရောက်လာခဲ့၏။

ထိုမှစ၍ သူတို့၏ပျော်ရွှင်မှုများ ဆိတ်သုဉ်းခဲ့ရ၏။ သူတို့၏ ကျောထက်၌ ကြောက်ရွံ့တုန်လှုပ်ဖွယ် ဝန်ထုပ်ဝန်ပိုးကြီးကို နှစ်ပေါင်းများစွာ ထမ်းပိုးခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နည်းအားဖြင့် "ကျောက်မျက်လုံးတစ္ဆေ"က သူတို့ကို ယခုတိုင် ခြောက်လှန့်နေဆဲသာဖြစ်၏။

● ● ●





❀ သူကောင်းမယောက်ျားပါ
အကြီးကျွန်စေဆိုင်တယ်ဆိုရင်တော့
သူကောင်းကောင်းမဖြစ်ရင်...
သူယုတ်မာပဲ ဖြစ်ရမယ်။

ရော့ဘတ်ဘာတန်



www.burmeseclassic.com

www.burmeseclassic.com



ပထမပိုင်း

တစ်နေ့သည်၌ အနောက်ဂိုးမဟောင်ခြေရွာကလေး တစ်ရွာ ရှာစွန်ရှိ သေသပ်စွာဆောက်လုပ်ထားသော တဲအိမ်ကလေးရှေ့တွင် လူတစ်ယောက်သည် အကျအနေထိုင်ပြီး ဓါးသွေးနေလေ၏။

ထိုအခိုက် တဲအိမ်အတွင်းမှ ဖြူဝင်းသော အသားအရည်ရှိ သော အမျိုးသမီးတစ်ယောက် ငါးနှစ်အရွယ် ကလေးမငယ်ကို လက်ဆွဲပြီး ထွက်လာကာ

*"ကိုဘသော်... အလုပ်နားနိုက်မှာ သက်သောင့်သက်သာ နေပါဦး၊ ရှင့်မှာလည်း အရိပ်ရတိုင်း ဒီဓါးကိုပဲ သွေးနေတယ်"*



ဟု ပြောလေ၏။ ဘသော်က ခါးကျားကို လက်နှင့်စမ်း သပ်ပြီး

*"ဒီဓါးက အသားမျိုး (မြဲ)ဘာရှိတယ်ကွ၊ ဒါကြောင့် ခြောက်သယ်သားဓါးလို့ ငါက အမည် ပေးထားတယ်၊ သမ်မှတ်သမားတစ်ယောက် အတွက် အရေးကြီးဆုံးလိုအပ်တာက ထက်မြ နေအောင် သွေးထားတဲ့ ဓါးကောင်းကောင်း ပဲ မိန်းမလှလှပဲ မဟုတ်ဘူး ဒါကြောင့် ဒီဓါးမပေ ငါ့အတွက် အကောင်းဆုံးအဖော်ဆိုရင်လည်း ဖြော့လို့ရတယ် ဘိုရဲ့သမင်ရှင်တွေ့တောင် ဘင်စား လုံးကိုမှာပဲတယ်"*

ဟု ဆိုသောရာ အမျိုးသမီးက လက်တစ်ဖက်နှင့် ကိုင် ဆောင်ထားသော သင်ဖျန်းကို ဖရှေ့ကွပ်ပျစ်တွင်ချပြီး

*"ရှင့်ရဲ့ဓါးနဲ့ကာတိုရပ်ပြီး ဟန်းလျက်ဖြူအုပ် ငလေးနဲ့ လက်ဖက်ရည်ကြမ်းပူပူကလေး မြည်း လိုက်ပါဦး၊ ညနေစောင်းရင် သစ်ခုန်းက ဘိုတဲကို သွားရဦးမယ် မဟုတ်လား"*

ဟု ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဘသော်သည် အနီးရှိ သမီးငယ်ကို ချီပိုးပြီး တရွှတ်ရွှတ် နမ်းရှုပ်လိုက်ပြီးမှ အမျိုးသမီးကို

*"မြကလေးရယ်. . ငါလေ ဘတ်နိုင်ရင် ဒီည အဲဒီကိုတဲ ဘက်ကို ခြေဦးတောင်မလှည့်ချင်ဘူး၊ အဲဒီမှာ ငါမမြင်ချင်တဲ့ မျက်နှာတွေမြင်ပြီး၊ မလုပ်ချင်တဲ့အလုပ်တွေ လုပ်ရဦးမယ်"*

ဟု ညည်းညူ၏။

ဘသော်က ချစ်စနိုးနှင့် မြကလေးဟု အမည်ကို အမှား ခွတ်၍ ခေါ်ဝေါ်သော မမြချစ်က စာနာဟန်နှင့်

*"ဟုတ်ပါတယ်၊ ဒါပေမဲ့ ကျွန်တော့်ဘကော သူတစ်ပါးရဲ့ အစေးလုပ်ကိုင်နေရတာ မဟုတ်လား၊ တောခေါင်းကြီးတို့ ပြုဖြင်သွားရင် ရှင့်ရဲ့ အလုပ်ကို ထိမ်ိကဲလိမ့်မယ်"*

ဟု ဆိုလေ၏။

ဘသော်သည် အနောက်ရိုးမရှိ ထိုခေတ်အခါက ဗြိတိသျှ အစိုးရထံမှ အငှားလိုက်စင် အကြီးအကျယ်ရထားသော ဘီဘီတီစီ သစ်ကုမ္ပဏီနှင့် သစ်တောဌာနတို့ပူးပေါင်း၍ သစ်ထုတ်လုပ်သည့် သစ်တောလုပ်ကွက်တစ်ခုတွင် နေ့စား သစ်ခုတ်သမားတစ်ယောက်





ဖြစ်၏။

သူ၏လုပ်အားခမှာ နည်းပါးသော်လည်း မမြချစ်က သင်ဖျာကလေးများ ရက်လုပ်ကာ ဝင်ငွေရသော့ဖြင့် ဝမ်းရေးအတွက် မိသားစုသုံးဦး မကြောင့်မကျ နေထိုင်နိုင်ခဲ့၏။

ဘသော်၏အလုပ်မှာ တစ်နေကုန် တစ်နေခမ်း သစ်တော ထဲတွင် ခုတ်လှဲမည့်သစ်ပင်ကြီးများကို ပေါင်းသင်ခြင်း၊ သင်းသတ် ခြင်းမျှသာ ဖြစ်သော်လည်း အသက်အန္တရာယ်နှင့် နီးစပ်လှ၏။

ဘသော်မှာ သစ်ပင်တက် ကျွမ်းကျင်သလို သင်းသတ် ခြင်းဟူသော သစ်တစ်ပင်လုံးအား ပင်စည်မှလွဲ၍ အကိုင်းအခက်များ ဖြတ်တောက်ခုတ်ထွင်ရာတွင်လည်း သူမတူအောင် နေ့စပ်သေချာ ကာ မြန်ဆန်လေ၏။

တောခေါင်းကြီး ဦးစံပကာမှ ဘသော်ကို ဘက်ရုံးဘစ်ဆွ သဖွယ် အေးထား၏။ သစ်တောထဲတွင် သစ်ခုတ်သမားများ နေထိုင် ရာ စခန်းရှိ၏။

သစ်သတ်လုပ်ရာတွင် ခိုင်းစေသော ဆင်ပိုင်းခေါ် ဆင် စခန်း ရှိ၏။

သစ်တောနှင့်ပတ်သက်သော အရာရှိကြီးများ၊ ဘီဘီတီစီ သစ်ကုမ္ပဏီမှ ကိုယ်စားလှယ်များ (သို့မဟုတ်) အကြေင်းကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုနှင့် လှေရောက်တည်းခိုတတ်သော အုပ်ချုပ်ရေးပိုင်းမှ အရာရှိကြီးများအတွက် အိပ်ရာခင်းမှအစ ချက်ပြုတ်ရန် အိုးခွက် ပန်းကန်အဆုံး ပရိဘောဂအစုံအလင် ထားရှိသော အဆောင်အဆောင် တစ်ခုလည်းရှိ၏။

ငှင်းကို ကျွန်းသစ်များနှင့် ခြေတံရှည် အိမ်အခြေ ဆောက် လုပ်ပြီး ရေနံချေးဝအောင်သုတ်ကာ သွပ်မိုးထား၏။

ထိုအဆောက်အအုံကို မျက်နှာဖြူအရာရှိကြီးများ ရောက်ရှိ တည်းခိုသည်ကို အစွဲပြု၍ 'ဘိုတဲ' ဟုသာ ခေါ်ဝေါ်ကြ၏။

ဘသော်မှာမူ သစ်စခန်းတွင်နေသော တစ်နှာရိုးရိုးနှဲ့သား ဝေးကွာသော သူ၏ဇာတိရွာကလေးတွင် မိသားစုနှင့်နေထိုင်၏။

ပုံမှန်အတိုင်းဆိုလျှင် သူတို့အတွက် အလုပ်နားရက် ဟူသည် ရှားပါးလှ၏။

ယမန်နေ့ကမူ တောခေါင်းကြီး ဦးစံပက ဘသော်တို့ သစ်ခုတ်သမားများကို

*"နောက်တစ်နေ့မှာ မင်းတို့ကို အလုပ်နားခွင့် ပြုတယ်၊ ဘိုတဲကိုရောက်တဲ့ သစ်တောဝန်ထောက် ကြီးနဲ့ အတူလည်ပတ်လိုက်ပါလာတဲ့ လူကြီး လူကောင်းတွေ ပျော်ပွဲစားကြလိမ့်မယ်၊ တို့*



*သစ်တောဘက်က ဝန်ထမ်းတွေလည်း လူကြီးတွေ ရဲ့ ဝေယျာဝစ္စလုပ်ပေးရမှာနဲ့ အလုပ်ကောင်း ကောင်း လုပ်နိုင်မှာမဟုတ်ဘူး"*

ဟု ပြောကာ ခွင့်တစ်ရက်ပေးခဲ့လေ၏။

ဆင်သမားများလည်း ထိုအတူ အားလပ်ရက်ရကြ၏။

ဘသော်ကိုမူ

*"မင်းကတော့ နောက်တစ်နေ့ ညနေစောင်း ရင် ဘိုတဲကို လာခဲ့ဦး၊ လူကြီးတွေအတွက် လှေ အစ်တာတွေ ပေါ်တို့နဲ့ ချည်ပြီး လာပေးရမယ်၊ လူကြီးတွေသောက်ချင် သောက်ဆေးတွေ ဘာ တွေလည်း ရတာပေါ့ကွာ၊ ဒီထက်ပိုပြီးကံကောင်း ရင် နိုင်ငံခြားအရက်တွေ ဘာတွေလည်း သောက်ရ သေးတာပေါ့ကွာ"*

ဟု ဦးစံပက ခေါ်လေ၏။

ထို့ကြောင့်ပင် ဘသော်သည် အားလပ်ရပ်တစ်ရက်လုံး အိမ်မှ သမီးငယ်ကလေး 'မမြနှယ်' တို့နှင့် အချိန်ကုန်ကာ ညနေ ဆောင်းသော် ဘိုတဲသို့ထွက်ခွာရန်ပြင်၏။

ဘသော်သည် တဘက်တစ်ထည်ကို ခေါင်းဘောင်းပေါင်း

www.burmeseclassic.com

ဓား ပင်နီအင်္ကျီနှင့် နှစ်နံ့စပ်ပုဆိုးကို ဟိုတိုဝတ်၏။

ပြီးလျှင် လက်စွဲတော် ခြောက်ဆယ်သားဒါးကို ခါးကြား တွင် ထိုးလေရာ သစ်ခုတ်သမားတစ်ယောက်၏ အသွင်အပြင် အပြည့် ဖြစ်သွားတော့၏။

မျက်နှာကမူ တစ်စုံတစ်ရာကြောင့် အနည်းငယ် အလိုမကျ ဟန်ပေါ်နေရာ မမြချစ်က ရိပ်မိပြီး

*"ရှင့်စိတ်ထဲမှာ ကိုရွှေပေါ်တို့နဲ့တွေ့မှာကို တွေးပြီး မကြည်သာဘူး မဟုတ်လား၊ ဘာပဲဖြစ်ဖြစ် သည်းခံပါရှင်၊ သည်းခံခြင်းသာ ဆောင်မြင်ရာလို့ ဘုရားကဟောခဲ့တာပဲ မဟုတ်လား"*

ဟု မှာလေ၏။

ဘသော်က ခေါင်းညိတ်၍ မရယ်ချင် ရယ်ချင်နှင့် ဟက်ခနဲရယ်ကာ

*"အားလုံးကို ခေါင်းငုံ့ပြီးခံရပေါင်းများတော့ ငါတို့လည်း တဖြည်းဖြည်း မြေကြီးထဲကို နစ်ပြီး ဝင်နေပြီကွ၊ ဒါပေမဲ့ မြကလေးစကားကို နားထောင်ရမှာပေါ့"*

ဟု ပြော၍ သမီးငယ်ကိုပါ နှုတ်ဆက်၍ ထွက်လာခဲ့၏။





ဘသော်သည် ရွာအထွက်လမ်းသို့ရောက်လျှင် နောက် ဘက်မှ အပြင်းနှင်လာသည့် မြင်းခွာသံကို ကြားရ၏။

မကြာမီ မြင်းက မြေလမ်းတွင် ဖုန်ဟထောင်းထောင်းထ အောင် ပြေးလွှားလာပြီး ဘသော်ကို ကျော်ဖြတ်သွား၏။

ထိုအခါ လူကြီးလူကောင်းများ၏ ဝေယျာဝစ္စကို ကူညီ လုပ်ကိုင်ပေးရန် အသပ်ရပ်ဆုံး ပြင်ဆင်လာသော ဘသော်သည် ဖုန်လုံးကြီးထဲတွင် ကျန်ရစ်ခဲ့၏။

ဘသော်မှာ မြင်းကို အပြင်းနှင်သွားသူအား ကောင်းစွာ မြင်တွေ့လိုက်ရ၏။ ထိုသူသည် 'ရွှေပေါ်' ဖြစ်၏။

၎င်းသည် သူကြီးမျိုးရိုးမှ ဆင်းသက်လာသူဖြစ်၏။

လက်ရှိတွင်လည်း ရွှေပေါ်၏ဖခင်မှာ အင်္ဂလိပ်အစိုးရက ချီးမြှင့်ထားသော ဓါးထမ်းကောင်းလက်မှတ်နှင့် နှစ်လုံးပြူးသေနတ် ကို ပိုင်ဆိုင်ထားသည့် အထူးအာဏာရသူကြီးမင်းဖြစ်၏။

ထိုသူကြီးမင်းမရှိတော့သည့် တစ်နေ့တွင် ရွှေပေါ်သည် လည်း အလိုအလျောက် သူကြီးဖြစ်လာပေဦးမည်။ 'ရွှေပေါ်' တွင် 'မြကောင်' ဟူသော သားကလေးတစ်ယောက်လည်းရှိ၏။

ထိုကလေးသည် ဘသော်၏သမီးကလေးနှင့် သက်တူ ရွယ်တူဖြစ်၏။ အားလုံးက ထိုကလေးကို အသိုင်းအဝိုင်း၏ဝုဏ်

www.burmeseclassic.com



ကြောင့် "ရွှေပေါ်မြတင်"ကလေးဟု ချစ်စနိုးခေါ်ကြ၏။

ဇင်းသည်လည်း သူကြီးမျိုးဆက်ကို အဆွေခံဦးသည်သာဖြစ် [illegible] မြင်းကို အခန့်သားစီးနင်းသွားသော ရွှေပေါ်သည် ဟန်ကြီး ပန်ကြီးနိုင်လှစွာ ဘိုကေကို ဝိပြားနေအောင် ဖြီးသင်ထား၏။

ရွှေကိုင်းမျက်မှန်ဝိုင်းကလေးကိုတပ်လျက် အဖြူရောင် အနောက်တိုင်းဝတ်စုံနှင့် တက်ယ့်ဘိလပ်သားတစ်ယောက်လို ဆင်မြန်းသား၏။

သူ၏ဦးတည်ရာကား သစ်တောအတွင်းမှ ဘိုတဲသို့သာ ဖြစ်၏။

● ● ●





● လမ်းကြောင်းမမှန်လို့ကတော့
အနန္တကွာသည်ဟာ ခြေတစ်လှမ်း၊
လက်ဝဲဘက်ကမ်းစာမှာ
ရောက်နေပြီလို့သာ မှတ်လိုက်ပေတော့။

[illegible] ကိုနှင်းမြိုင်



www.burmeseclassic.com

www.burmeseclassic.com



ဘသော်သည် ဘိုတဲသို့ရောက်ရှိလျှင် ဘိုတဲရှေ့မြက်ခင်းပြင် တောခေါင်းကြီး ဦးစံပနှင့် သစ်တောဝန်ထမ်းအချို့က စားပွဲရှည်ကြီးများ ခင်းခြင်း၊ အောက်လင်းမီးအိမ်များပြင်ဆင်ခြင်း စသည်ဖြင့် လုပ်ကိုင်နေသည်ကို တွေ့ရ၏။

ထိုနေ့ရာတွင် လူကြီးလူကောင်းများ ညစာစားသောက်ကြမည် ဖြစ်၏။ ထိုသူများနှင့်အတူ ခေါ်ဆောင်လာဟန်တူသော အိန္ဒိယတိုင်းသား စားဖိုမှူးများကလည်း တစ်နေရာတွင် ချက်ပြုတ်ပြင်ဆင်နေကြ၏။





တောခေါင်းကြီး ဦးစံပသည် ထုံးစံအတိုင်း ကာကီရောင်ဘောင်းဘီကို သေသပ်စွာဝတ်ဆင်ထားပြီး ရှည်လျားသောနှုတ်ခမ်းမွေးကို အဆီတစ်မျိုးမျိုး သုတ်လိမ်းထားဟန်နှင့် နှုတ်ခမ်းမွေးက ပါးပြင်ထက်သို့ ကော့၍ထောင်နေ၏။

ဘသော်ကမူ ထိုသူအနီး ရောက်ရှိလာကာ

*"တောခေါင်းကြီး ကျုပ် ရောက်လာပါပြီ"*

ဟု အကြောင်းကြားလိုက်၏။

တောခေါင်းကြီး ဦးစံပက အောက်လင်းမီးအိမ်ကို ဆီပြည့်ရင်း ဘသော်ကိုကြည့်၍

*"ဟုတ်ပြီဟေ့၊ မင်းရောက်လာတာ အတော်ပဲ၊ ဘယ်သကောင့်သားက မြှောက်ပင့်ပေးလိုက်သလဲ မသိပါဘူးကွာ၊ လတ်လတ်ဆတ်ဆတ် ငှားရှည့်နဲ့အရက် ရေသောက်ရင် အားတိုးတယ်လို့ သစ်တောဝန်ထောက်နဲ့ပါလာတဲ့ မျက်နှာဖြူကြီးတစ်ယောက်က လတ်လတ်ဆတ်ဆတ် ငှားရှည်လိုချင်တယ်လို့ ငါ့ကိုနိုင်းတယ်ကွ၊ အဲဒါ မင်းက ငှားအုံ့ရှာပြီး အမြန်ဆုံးသာ ငှားဖွတ်ခဲ့ပေတော့"*

ဟု ပြန်၍ခိုင်းစေ၏။



www.burmeseclassic.com

ဘသော်က ခေါင်းညိတ်၍

"ကိစ္စမရှိပါဘူးလေ၊ ညောင်ကြပ်တောထဲက လျှိုထဲမှာ မှားဆုံတစ်ခုံ ကျပ်တွေထားတာရှိတယ်၊ ကျုပ် သွားဖွတ်ပေးပါ့မယ်"

ဟု ဆိုကာ ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ပြီး ဆက်၍

"ဒါနဲ့ ဗျော်သည်တွေ ဘယ်ရောက်နေသလဲ ဗျ၊ တစ်ယောက်မှ မတွေ့ပါလား"

ဟု မေးမြန်းလေ၏။

တောခေါင်းကြီးက အောက်လင်းမီးအိမ်မှ မီးတက်ကို စစ်ဆေးရင်း

"တချို့ကတော့ ဘိုတဲပေါ်မှာ အနားယူနေတယ်၊ တချို့ကတော့ မောင်ရွှေပေါ် အဆွယ် ကောင်းတာနဲ့ ညနေစောင်း ရေသောက်ဆင်းတဲ့ တောကောင်တွေပစ်ခတ်ရအောင် ထွက်သွားကြလေရဲ့"

ဟု သတင်းပေး၏။

ဘသော်သည် ရွှေပေါ်စီးနင်းလာသော မြင်းကို ဘိုတဲအောက်တွင် ချည်နှောင်လျက်တွေ့ရပြီး မြင်းပိုင်ရှင်ကိုမတွေ့။ မြင်း



အား သေသေချာချာပေါက်သွားပေါ်၏။

ထိုနောက် ဘသော်သည် မှားဖွတ်ရန်အတွက် အသုံးပြုရန် ဆောင်ထားသော အသော်စုက်ကို တဘက်တစ်ချောင်းထွင်းပတ်၍ ဆောင်ယူကာ ညောင်ကြပ်တောဘက်သို့ ထွက်လာခဲ့၏။

ဤသို့ဖြင့် ဘသော်သည် ဘိုတဲနှင့် အတန်ငယ် အလှမ်း ဝေးသော ညောင်ကြပ်တောဘက်သို့ရောက်လျှင် သစ်ပင်ကြီးများ အုပ်ဆိုင်းကာ နေမျောက်ပင်မထိုးသော လျှိုတစ်ခုထဲသို့ ဝင်ရောက်လာ၏။

နေလုံးက မပျောက်ကွယ်သေးသော်လည်း လျှိုထဲ၌ အလင်းရောင်က အားနည်းလှ၏။

ပတ်ဝန်းကျင်အနေအထားကို ကောင်းစွာ ကျွမ်းဝင်နေသော ဘသော်အတွက် အခက်အခဲမရှိပေ။

သူသည် လျှိုထဲ၌ အမြင့်ဆုံးဟုဆိုရမည့် ကညင်ပင်ကြီး ထက်တွင် ရှိနေသော မှားဆုံကို အမြန်ဖွတ်၍ ဘိုတဲသို့ပြန်ရန်သာ စိတ်စောနေ၏။

လျှိုထဲတွင် လမ်းဟူ၍မယ်မယ်ရရမရှိဘဲ သစ်ပင်ချုံနွယ် များမှ တိုးဝှေ့သွားလာရ၏။

ထိုအခါ ဘသော်သည် မထင်မှတ်သော အဖြစ်အပျက်

www.burmeseclassic.com



တစ်ခုနှင့် ကြုံတွေ့လိုက်ရ၏။

ရှေ့သို့သာ အာရုံပြု၍ သွားလာနေသော ဘသော်၏နဘေး ချုံထဲမှ အရိပ်မည်းတစ်ခုက လွှားခနဲ ခုန်ပျံလာ၏။

ဘသော်သည် ထိုအရိပ်မည်းနှင့် လုံးထွေးသွား၏။ ဘသော်မှာ ခေတ္တမျှ ကြောင်ငေးသွားသော်လည်း ချက်ချင်းပင် အရိပ်မည်းကို ပြန်လည်တိုက်ခိုက်လိုက်၏။

သူသည် အရိပ်မည်း၏ မျက်နှာတည့်တည့်ကိုမှန်း၍ လက်သီးတစ်လုံး ပစ်သွင်းလေရာ အရိပ်မည်းမှာ နောက်သို့လန်ကျသွား၏။

ဘသော်က ထိုအရိပ်မည်းသည် သားရဲတိရစ္ဆာန် တစ်ကောင်ကောင်ဟု ထင်မှတ်မိ၏။ အရိပ်မည်း လွင့်စင်သွားလျှင် ဘသော်က ဓါးကြားမှ ဓါးမကို လျှင်မြန်စွာထုတ်၍ ခုခံရန်ပြင်၏။

ထိုအခါ ချုံပုတ်တစ်ခုပေါ်သို့ ကားယားကြီးဖြစ်နေသော အရိပ်မည်းထံမှ

*"မလုပ်ပါနဲ့၊ မလုပ်ပါနဲ့... ငါဟာ ရန်သူမ ဟုတ်ပါဘူး"*

ဟု အော်သံထွက်ပေါ်လာ၏။

ဘသော်၏ မျက်လုံးအစုံကလည်း ပြူးကျယ်ပြီး ထိုသူကို





ရှုစိုက်ကြည့်မိ၏။

ဘသော်မှာ မြန်ဆန်လှသော အဖြစ်အပျက်ကြောင့် အရိပ်မည်းကို သေချာစွာ သတိမပြုနိုင်အားဘဲ ရင်ဆိုင်တိုက်ခိုက်ရန် စိတ်ကူးမိခြင်းဖြစ်၏။

ထိုအသံကြောင့် ဘသော်က သက်ပြင်းချပြီး

*"ကံကြီးပေလို့သာပဲဗျာ၊ ကျုပ်သာ ခင်များကို သားရဲတိရစ္ဆာန်တစ်ကောင်ကောင် မှတ်ပြီး ကမူးရှူးထိုး ခုတ်ပိုင်းမိရင် ပြဿနာပဲ၊ ခင်များက ကျုပ်ရဲ့ရန်သူမဟုတ်ရင် ဘာကြောင့်တိုက်ခိုက်ရတာလဲ"*

ဟု မေးမြန်းလိုက်၏။ ထိုသူက ချုံပုတ်မှတိုးထွက်၍ သကာ

*"ကျုပ်ကို စကားတွေအများကြီးမပြောပါနဲ့ လူကလေး၊ ကျုပ် မင်းရဲ့စကားတွေကို အကုန်နားမလည်ဘူး"*

ဟု ဆိုလေ၏။

ဘသော်သည် ထိုအခါမှပင် ထိုသူမှာ မြန်မာတစ်ယောက်မဟုတ်ဘဲ မြန်မာလူမျိုးကဲ့သို့ ရှမ်းဘောင်းဘီအနက်ရောင်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ချည်ကြမ်းအင်္ကျီကို ဝတ်ဆင်ထားသော လူမျိုးခြား မျက်နှာဖြူကြီး တစ်ယောက်ဖြစ်မှန်း သိလိုက်ရ၏။

မျက်နှာဖြူကြီး၏အသက်မှာ (၅၀)ကျော်ခန့်ရှိပြီး တစ်ခေါင်းလုံး ဆံပင်ဖြူတို့ဖြင့် ဖုံးလွှမ်းထား၏။ ဘသော်က ထိုသူကို ပါးစပ်အဟောင်းသားနှင့် ကြည့်ကာ

*"ဒါ... ဒါဆိုရင် မဟုတ်မှလွဲရော ခင်ဗျား ဟာ ဘိုတဲကို ရောက်လာတဲ့ ဧည့်သည်တွေထဲက တစ်ယောက်ပဲဖြစ်ရမယ်"*

ဟု ဆိုလိုက်၏။

မျက်နှာဖြူကြီးက ခေါင်းညိတ်ပြီး ပါးတစ်ဖက်ကို လက်နှင့် ပွတ်ကာ

*"သိပ်ပြီးဟုတ်တာပေါ့၊ ကျုပ်ကလည်း လူကလေးကို သားရဲတိရစ္ဆာန်တစ်ကောင်ကောင် မှတ်ပြီး ကိုယ့်ဘက်က ဦးအောင် တိုက်ခိုက်လိုက်တာပဲ၊ ကျုပ် ဒီလျှိုထဲကဖြတ်ပြီး ဘိုတဲကိုအပြန်မှာ ကျုပ်ရှေ့က ချုံပုတ်တွေ လှုပ်တုပ် လှုပ်တုပ်နဲ့မြင်ရတော့ အဲဒီလို တိရစ္ဆာန်မှတ်ပြီး အသာစောင့်နေတာပဲ၊ ဟား ဟား... လူကလေးရဲ့ လက်သီးချက်က တော်တော်ပြင်းတာပဲ၊ ကျုပ် ဒီည ဒင်နာတောင် စားနိုင်ပါ့မလား မသိဘူး"*

ဟု ဗမာလိုပင် ဖြည်းလေးစွာ ပြော၏။

ဘသော်သည် ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ယောက်ကို လက်သီးနှင့်ထိုးမိလေရာ စိုးရိမ်စိတ်ဝင်ပြီး

*"ကျုပ် တောင်းပန်ပါတယ်ဗျာ၊ ကျုပ်က ဒီသစ်စခန်းက သာမန်သစ်ခုတ်သမားတစ်ယောက်ပါ၊ ခင်ဗျားကို တိုက်ခိုက်မိတာ အပြစ်မယူပါနဲ့"*

ဟု တောင်းပန်လိုက်၏။

မျက်နှာဖြူကြီးက ပြုံး၍

*"အိုး... ဒါဟာ ပြဿနာမဟုတ်ပါဘူး၊ ကျုပ်က လူကလေးကို အပြစ်မတင်ပါဘူး၊ လူကလေးရဲ့ လျင်မြန်ဖျတ်လတ်မှုကိုတောင် သဘောကျမိတယ်၊ ကျုပ်အမည်က 'မစ္စတာ အော်ဒင်' ပါ၊ လွန်ခဲ့တဲ့ (၅)နှစ်လောက်က ဒီနယ်မှာ သစ်တောဝန်ထောက်လုပ်ခဲ့ဖူးတဲ့ 'မစ္စတာချာလ်တန်' နဲ့ အလွန်ပဲရင်းနှီးတဲ့ မိတ်ဆွေပေါ့"*



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာ လက်ဆွဲနှုတ်ဆက်၏။ ဘသော်က ကစ်ရုံ တစ်ရာကို စဉ်းစားမိပြီး

"အဲဒီသစ်တောဝန်ထောက်ကြီးကို ကျုပ် မြင်ခဲ့ဖူးပါတယ်၊ အဲဒီအချိန်က ကျုပ် သစ်စနေ့မှာ အလုပ်ဝင်စပဲရှိပါသေးတယ်၊ ကျုပ်က သစ်တော ဝန်ထောက်ကြီးကို သက်ရှိထင်ရှားမြင်ခဲ့ရတာ မဟုတ်ပါဘူး၊ ကျားဆွဲပြီး ရုပ်ပျက်ဆင်းပျက် ဖြစ်နေတဲ့ ရုပ်အလောင်းကို မြင်ခဲ့ရတာပါ၊ အဲဒီ ခဲဖြစ်အပျက်ကိုတော့ ကျုပ် တစ်သက် မမေ့နိုင် တော့ပါဘူး၊ အဲဒီအချိန်က သစ်တောဝန်ထောက် ကြီးဟာ သူ့ရဲ့မိသားစုနဲ့အတူ ဒီကဘိုတဲကို ရောက်နေတယ်လို့ သတင်းကြားပြီး နောက်တစ်နေ့ မှာပဲ ဝန်ထောက်ကြီးပျောက်ဆုံးနေတယ်လို့ သိရပါ တယ်၊ ဒါကြောင့် ကျုပ်တို့အားလုံး လှည့်ပြီး တောနင်းရှာကြတဲ့အခါ ဟောဒီသျှိုကလေးရဲ့ အဆုံးက တောင်ပူစာကလေးလို ကုန်းမြင့်ဖြစ်ပြီး ချုံနွယ်ပိတ်ပေါင်းတွေ ဖုံးအုပ်နေတဲ့ ဘုရားပျက်ကြီး ဘေးမှာ သစ်တောဝန်ထောက်ကြီးကို ရုပ်ပျက်





ဆင်းပျက် သေဆုံးနေတာကို တွေ့လိုက်ကြရတာပဲ၊ ကျုပ်က ဒီအဖွဲ့ထဲမှာပါတော့ မျက်မြင်ကိုယ်တွေ့ တွေ့ခဲ့ရတာပေါ့ဗျာ၊ သူ့ရဲ့ဇနီးကလည်း ရွှေရောင် ဆံပင်နဲ့ ငယ်ငယ်ချောချောကလေးပဲဗျ၊ သစ်တော ဝန်ထောက်ကြီးရဲ့ ရုပ်အလောင်းကိုကြည့်ပြီး တက်မတတ် ချက်မတတ်ဖြစ်သွားတာကို အခုထိ မြင်ယောင်နေတုန်းပါပဲ"

ဟု ဆိုလိုက်၏။ ထိုအခါ မစ္စတာအော်ဒဝင်က သက်ပြင်း ချပြီး

"သူ့ရဲ့ဇနီးမယားက ဇင်သီယာလို့ခေါ်တယ်၊ တကယ့်ကို သနားစရာကောင်းတဲ့ အမျိုးသမီးပါပဲ၊ သူဟာ မစ္စတာချာလ်တန် သေဆုံးပြီးတဲ့နောက် အိမ်ထောင်မထူတော့ဘဲ တစ်ကိုယ်တည်း နေထိုင် ခဲ့တယ်၊ အခုတော့ သူဟာ ကလကတ္တားက ဆေးရုံ မှာ စိတ်ရောဂါသည်ဘဝနဲ့ ဆေးကုသခံနေရတဲ့ ဝေဒနာရှင်တစ်ယောက် ဖြစ်နေပါပြီ"

ဟု ပြောလေရာ ဘသော်က

"ဒီအမျိုးသမီးက ရူးသွပ်သွားတာပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



*သစ်တောဝန်ထောက်ကြီး သေဆုံးတဲ့ကိစ္စကြောင့် စိတ်ဖောက်ပြန်သွားတာလား”*

ဟု မေးမြန်းလိုက်၏။ မျက်နှာဖြူကြီးက

*“ဒါက အဓိကအချက်ဖြစ်ပါလိမ့်မယ်၊ ဒါပေမဲ့ ကျုပ်တို့ ဉာဏ်မမီတဲ့အကြောင်းတွေလည်း အများကြီးရှိလိမ့်ဦးမယ်၊ စကားမစပ် ကျုပ် လူကလေးကိုမေးရဦးမယ်၊ မစ္စတာချာလ်တန် သေဆုံးရတာ ကျားဆွဲခံရလို့ဆိုတာ သေချာရဲ့လား”*

ဟု ဆိုလေ၏။ ဘသော်က

*“အားလုံးက ဒီလိုပဲ သတ်မှတ်ကြတာပဲ လေ”*

ဟု အဖြေပေးလိုက်ရာ မျက်နှာဖြူကြီးက အတန်ကြာမျှ တိတ်ဆိတ်သွားပြီးနောက် သက်ပြင်းချကာ

*“ဟုတ်ပါတယ်လေ… ဒီအတိုင်းပဲဖြစ်ရမှာပေါ့၊ ကျုပ်ကတော့ မစ္စတာချာလ်တန်သေဆုံးရတာ အခြားအကြောင်းတစ်ခုခုနဲ့ လေးလေးနက်နက် ဆက်နွယ်ပတ်သက်နေလိမ့်မယ်လို့ တွေးနေမိခဲ့တယ်၊ ဒါကြောင့် ဒီနေ့နေ့လယ်ပိုင်းကတည်းက*





*ဒီလျှိုထဲကဖြတ်ပြီး သူသေဆုံးခဲ့တဲ့ ဘုရားမျက်ကြီး ဆီကို ရောက်နေခဲ့တာပေါ့”*

ဟု ဆိုလေ၏။

ထိုအခါမှပင် မျက်နှာဖြူကြီးက ရွှေပေါ်တို့နှင့် အမဲလိုက်ထွက်သည့်အဖွဲ့တွင် ပါဝင်ခြင်းမရှိဘဲ တစ်ကိုယ်တည်းသွားလာခဲ့သည်ဟု သိရလေ၏။

ထို့နောက် ဘသော်က

*“မကြာခင် နေလုံးပျောက်တော့မယ်၊ ကျုပ်လည်း ဘိုတဲက တောခေါင်းကြီးခိုင်းလိုက်တဲ့ မှားမှတ်ရမဲ့ကိစ္စရှိသေးတယ်”*

ဟု ပြောလိုက်၏။ မျက်နှာဖြူကြီးက

*“ဟုတ်ပြီလေ၊ ကျုပ် လူကလေးနဲ့အတူ ဘိုတဲကို ပြန်ကြတာပေါ့၊ လောလောဆယ် မှားမှတ်တာကို ဗဟုသုတအဖြစ် ကြည့်ရဦးမယ်၊ ပြီးတော့ ကျုပ်မိတ်ဆွေ မစ္စတာချာလ်တန် သေဆုံးပုံကို မျက်မြင်တွေ့ခဲ့ရတဲ့ လူကလေးကို ကျုပ်က မေးစရာမေးခွန်းတွေလည်း ညစာအတူစားရင်း မေးရမယ်”*



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုလေ၏။

ဘသော်သည် မျက်နှာဖြူကြီး၏ စကားအသွားအလာကို နားထောင်ပြီး သစ်တောဝန်ထောက်ဟောင်းကြီး သေဆုံးမှုနောက်ကွယ်တွင် ထူးခြားမှုတစ်စုံတစ်ရာရှိနေပြီဖြစ်ကြောင်း သဘောပေါက်လိုက်မိ၏။

● ● ●





● မကောင်းတဲ့ အပေါင်းအသင်းတွေဟာ
ရဲ့ကို အလည်သွားဖို့
အဖော်စပ်တတ်ကြတယ်။

ဟင်နရီဖိုး(လ်)ဒင်း(န်)



www.burmeseclassic.com

www.burmeseclassic.com



ညစာစားပွဲတွင် လူများစုံလင်နေပြီဖြစ်၏။ လက်ရှိ သစ်တောဝန်ထောက်ဖြစ်သူ ပုပုဝဝနှင့် နဖူးပြောင်လှသော မျက်နှာဖြူကြီးသည် ဧည့်သည်များအား ဧည့်ခံရင်း တစ်စုံတစ်ယောက်ကို စောင့်မျှော်နေ၏။

ထို့နောက် သူသည် တောခေါင်းကြီး ဦးစံပကို ခေါ်၍

*"မောင်မင်း... ကျုပ်ရဲ့မိတ်ဆွေ မစ္စတာ အော်ဒဝင်တစ်ယောက် တောထဲကို လေ့လာရေး ထွက်သွားတာ ပြန်မရောက်သေးပါလား၊ သူဟာ မြန်မာပြည်က ရှားပါးတဲ့ ပရဆေးပင်တွေကို*





*လေ့လာဖို့ရောက်လာတာ နှစ်အတော်ကြာနေပြီ၊ တောတောင်တွေဆိုတာ သူ့အတွက်မစိမ်းပေမဲ့ အခုလို အချိန်တန်လို့ ပြန်မရောက်သေးတာတော့ စိုးရိမ်တယ်"*

ဟု ပြောလေ၏။

ထိုအခါ တောခေါင်းကြီးက

*"ကျုပ် အဲဒီလူကြီးမင်းကို ရှာဖွေရအောင် ဝန်ထမ်းတွေ အမြန်ဆုံးလွှတ်လိုက်ပါ့မယ်"*

ဟု နှစ်သိမ့်လိုက်၏။

သူကိုယ်တိုင်လည်း ဘသော်ကို မျှော်နေမိသည်သာ ဖြစ်၏။ ဘသော်မှာ ပြန်ရောက်ချိန်တန်နေပြီဖြစ်၏။ ဧည့်သည်တော်များထဲမှ ယခုအချိန် ဖျားရည်ကို အသုံးပြုလိုသူ ပေါ်ပေါက်လာလျှင် အခက်တွေ့ချေတော့မည်။

သို့သော် တောခေါင်းကြီး၏မျက်နှာက ဘိုတဲသို့ရောက်ရှိလာသော လူနှစ်ယောက်ကို မြင်တွေ့လျှင် ရုတ်ခြည်းဝင်းထိန်သွား၏။

ထို့ကြောင့် ဝန်ထောက်မင်းအနီး တိုးကပ်ပြီး ထိုသူများအား လက်ညှိုးညွှန်ကာ



www.burmeseclassic.com

www.burmeseclassic.com



"မစ္စတာအော်ဒဝင် ပြန်လာပါပြီ"

ဟု သတင်းပေးလိုက်၏။

မစ္စတာအော်ဒဝင်သည် ဘသော်၏ပခုံးကိုဖက်၍ လွန်စွာ ရင်းနှီးဟန်နှင့် လျှောက်လှမ်းလာလေရာ ဝန်ထောက်ကြီးက မျက်မှောင်ကြုတ်၍

"အိုး... ကျုပ်မိတ်ဆွေရဲ့နံဘေးက ဘယ်သူ လဲ၊ သူတို့ကို ကြည့်ရတာ တကယ့်ကို ငယ် သူငယ်ချင်းတွေအတိုင်းပါပဲ"

ဟု ရေရွတ်လေ၏။

တောခေါင်းကြီးသည်လည်း ဘသော်နှင့် မစ္စတာအော်ဒဝင် တို့ ထိုမျှမြန်ဆန်စွာ ရင်းနှီးကျွမ်းဝင်နေသောကြောင့် အံ့သြဒီကာ

"အဲဒီသူငယ်က သစ်စခန်းမှာ နေ့စား သစ်ခုတ်ဝန်ထမ်း တစ်ယောက်ပါ၊ ကျုပ်က သခင်ကြီး မှာထားတဲ့အတိုင်း လတ်လတ် ဆတ်ဆတ် ပျားရည်ရအောင် ပျားဖွတ်ခိုင်းထား တာပါ"

ဟု အဖြေပေးလိုက်၏။ ထိုအခါ ဝန်ထောက်ကြီးက

"ကျုပ်ရဲ့မိတ်ဆွေတွေထဲက ပျားရည်ကို





အလိုရှိတာ မစ္စတာအော်ဒဝင်ပါပဲ၊ အခုတော့ သူကိုယ်တိုင် ပျားဖွတ်လာခဲ့ပုံရတယ်"

ဟု ပြောလေတော့၏။

ဘသော်၏လက်တွင်း၌ အင်ဖက်များနှင့် လုံခြုံစွာထုပ်ပိုး ထားသော ပျားလဘိုကြီးတစ်ခုပါလာ၏။ ဘသော်က ချက်ချင်းပင် ပျားလဘိုကိုညွှန်ပြီး ပိတ်ပါးစဖြင့်ခံကာ ပျားရည်ရအောင် သန့်စင် ပေသ၏၊

ထိုအခိုက်၌ မစ္စတာအော်ဒဝင်က ဝန်ထောက်ကြီးနှင့် စကား အနည်းငယ်မျှပြောဆိုပြီးနောက် အနီး၌ရှိနေသည့် တောခေါင်းကြီးကို

"ကျုပ်နဲ့ လူကလေး ဘသော်တို့ နှစ်ယောက် တည်း ညစာစားရင်း စကားပြောလို့ စားပွဲတစ်လုံး ပြင်ဆင်ပေးပါ"

ဟု ခိုင်းစေလေ၏။ တောခေါင်းကြီးသည် မျက်လုံးပြူး ကျယ်ကာ စိတ်တွင်းမှ

"ဘသော်ဆိုတဲ့ကောင် ဘယ်ပြီး ဘုန်းကံ ကြီးနေပါလား၊ ငါက သူ့ကို ဒီမှာ လက်တို လက်တောင်းခိုင်းရအောင် ခေါ်လာတာ၊ အခုတော့ သူ့ကိုတောင် ပြန်ပြီးဧည့်ခံရမဲ့ပုံပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ရေရွတ်မိ၏။

မကြာမီ ကောင်းမွန်စွာပြင်ဆင်ထားသော စားပွဲတစ်လုံးတွင် ဘသော်သည် မျက်နှာဖြူကြီးနှင့်အတူ ထိုင်လျက်ရှိ၏။ အခြားစားပွဲများမှ ဧည့်သည်များမှာ စားသောက်ရင်း အရှိန်ရနေပြီ ဖြစ်၏။

ထိုအထဲတွင် အဖြူရောင် အနောက်တိုင်းဝတ်စုံနှင့် အင်္ဂလိပ်စကားကို တောင်တစ်လုံး၊ မြောက်တစ်လုံး ယောင်ဖွာ ယောင်ဖွာ ပြောဆိုလျက်ရှိသော ရွှေပေါ်သည် ဘသော်တို့ကို မြင်တွေ့သွား၏။

ထို့ကြောင့် ချက်ချင်းပင် ဝန်ထောက်ကြီးထံသို့သွားပြီး

*"သခင်ကြီး... ဟိုသစ်စခန်းက အလုပ်သမား ဘသော်က သခင်ကြီးရဲ့မိတ်ဆွေကို ဝင်ရောပြီး အခွင့်အရေးယူဖို့ ကြံစည်နေတယ် ထင်ပါတယ်၊ ဒါဟာ အိမ်ရှင်လိုဖြစ်နေတဲ့ ကျုပ်တို့အတွက် မျက်နှာပျက်စရာ ဖြစ်ကုန်လိမ့်မယ်၊ ဒီကောင့်ကို ရှင်းပေးပါ့မယ်"*

ဟု မျက်နှာလိုမျက်နှာရ အာမခံ၏။

ဝန်ထောက်ကြီးနှင့် ရွှေပေါ်မှာ အလုပ်သဘောအရ အမြီးစားဘက် ခေါင်းစားဘက်များဖြစ်နေကြ၏။



ရွှေပေါ်သည် သစ်တောဝန်ထောက်နှင့်ပေါင်းကာ သစ်များဆိုး ခိုးခုတ်ခြင်း၊ လေလံဆွဲခြင်းဖြင့် ဝင်ငွေကောင်းနေခဲ့သူဖြစ်၏။

ထို့ကြောင့်ပင် ဘိုတဲသို့ ဝန်ထောက်ကြီးရောက်တိုင်း သူက [illegible]၍ အထူးတလည် ဧည့်ခံပေးတတ်၏။

ဧည့်သည်လူကြီး လူကောင်းများ လိုက်ပါလာလျှင်လည်း ထိုသူများနှင့် ပေါင်းသင်း သိကျွမ်းရလျှင် ဂုဏ်တက်ကာ အကျိုးအမြတ် ရနိုင်သောကြောင့် ဘိုတဲတွင်ပွဲရှိလျှင် မည်သည့်အခါမှ လက်မနှေးခဲ့ပေ။

အကုန်အကျများစွာခံ၍ အားလုံးကို ဧည့်ခံသည်ချည်းဖြစ်၏။ ရွှေပေါ်၏စကားကြောင့် ဝန်ထောက်ကြီးက အလျှင်အမြန်ပင် လက်ကာပြကာ

*"မောင်ရွှေပေါ် သူ့ဝဒီကို မနှောင့်ယှက်ပါနဲ့၊ ဒီလိုစားသောက်ဖို့ကို ကျုပ်မိတ်ဆွေက စီစဉ်တာ ဖြစ်တယ်၊ ဘယ်လိုပဲဖြစ်ဖြစ် သူဟာ [illegible]နဲ့ စကားပြောဆိုနေရတာကို သဘောကျနေပုံရတယ်"*

ဟု ဟန့်တားလေ၏။

ရွှေပေါ်မှာ အောင့်သက်သက်နှင့်ရှိနေစဉ် ဝန်ထောက်ကြီး၏ စကားအတိုင်းပင် မစ္စတာအော်ဇဝင်သည် မည်သည့်အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် မသိ။ တဟားဟားနှင့် အော်ဟစ်ရယ်မောလိုက်သည်ကို တွေ့ရ၏။

မျက်နှာဖြူကြီးသည် အကောင်းစား ဝီစကီခွက်ထဲသို့ များရည်ထည့်ကာ ဖွန်းကလေးနှင့်မွှေရင်း ရယ်မောပြီး

"ဟား ဟား… ကျုပ်တို့အဖြစ်က တောထဲမှာ မထင်မှတ်ဘဲ သွားပြီးတွေ့ဆုံခဲ့တာကိုး၊ ဒီလိုမှမဟုတ်ရင် ကျုပ်နဲ့လူကလေး ဘသော် ဒီလို စကားတွေပြောဖြစ်ဖို့ အကြောင်းမရှိဘူး၊ ကျုပ် လည်း ရှုးစမ်းချင်တဲ့ကိစ္စအတွက် အဖော် တစ် ယောက်ရမှာမဟုတ်ဘူး"

ဟု ပြောလေ၏။ ဘသော်က အိတ်တွင်းမှ ဆေးပေါလိပ် ကို ထုတ်၍ မီးညှိကာ

"ခင်ဗျားရဲ့စိတ်ထဲမှာ သေဆုံးသွားတဲ့ ဝံသောက်ကြီးအတွက် တစ်ခုခုလုပ်ချင်နေမှန်းတော့ သိပါတယ်၊ ဒါပေမဲ့ ကျုပ် အခုထိ ဘာမှ နား မလည်သေးပါဘူး"

ဟု ပြောလိုက်၏။

ထိုအခါ မျက်နှာဖြူကြီးက များရည်နှင့် ရောစပ်ထားသော





အရက်ခွက်ကို ဘသော်ထံလှမ်းပြီး

"ဟောဒီအရက်ကို သောက်လိုက်ပါဦး၊ ပြီးရင် စားပွဲပေါ်မှာ ရှိသမျှ အစားအသောက်တွေကို စိတ်ကြိုက်စားပါဦး"

ဟု ဆိုလေ၏။

ဘသော်လည်း အရက်ကို ငုံခနဲမော့သောက်ပြီး ကင်၍ ထားသော ကြက်ပေါင်ကိုဖွဲ့လိုက်၏။ မျက်နှာဖြူကြီးက အနီးတွင် ရှိနေသော လက်ကိုနောက်တွင်ပစ်၍ ရပ်နေသည့် သစ်တောဝန်ထမ်း သား

"လူကလေး… ကျုပ်တို့ဝိုင်းမှာ အားလုံး ပြည့်စုံနေပါပြီ၊ မလိုတော့ပါဘူး"

ဟု နှင်ထုတ်လေ၏။ ပြီးမှ ဘသော်ဘက်သို့ ကိုယ်ကို ဆိုင်းပြီး

"ဒီနေ့နေ့လယ်ကတည်းက ကျုပ် ဘုရား မျက်ကြီးကို ရောက်နေတယ်ဆိုတာ လူကလေးကို ပြောခဲ့ဖူးပါတယ်၊ ဒါပေမဲ့ ဘာမှထူးခြားတာ မတွေ့ခဲ့ရပါဘူး၊ နောက်တစ်ခါသွားကြည့်ရင်တော့ တွေ့ရလိမ့်မယ်ထင်တယ်၊ ဒါကြောင့် ကျုပ် ဒီညှ



www.burmeseclassic.com

www.burmeseclassic.com



သန်းခေါင်ယံတိတိမှာ အဲဒီကိုသွားဖို့ ဆုံးဖြတ်ထားတယ်၊ ဘာကြောင့်လဲဆိုရင် ကျုပ် မိတ်ဆွေချာလ်တန်နဲ့တွေ့ချင်လို့ပဲ၊ လူကလေးနားရှင်းအောင်ပြောရရင် သေဆုံးသွားခဲ့တဲ့ ချာလ်တန်ရဲ့ဝိညာဉ်နဲ့တွေ့နိုင်တယ်လို့ ယုံကြည်လို့ပဲ၊ မကျွတ်မလွတ်သေးတဲ့ဝိညာဉ်တွေဟာ ညဘက်မှာ သွားလာကျက်စားတတ်တယ်လို့ဆိုတယ် မဟုတ်လား”

ဟု ပြောလေ၏။

ဘသော်သည် ကြက်ပေါင်ကို အားပါးတရ ကိုက်ဖွဲ့နေရင်း ရပ်တန့်သွားကာ

“ကျုပ်တို့က သရဲနဲ့တွေ့ရမှာပေါ့၊ ဒီလိုတွေ့လို့ ရနိုင်ပါ့မလား”

ဟု ရေရွတ်လေရာ မျက်နှာဖြူကြီးက အရက်ခွက်ကိုမပြီး

“လူကလေးက ကျုပ်ကို တောင်စဉ်ရေမရပြောဆိုနေတယ်လို့ ထင်နေပြီလား၊ ကျုပ်လည်း လက်တွေ့သမားပါပဲ၊ ဒီအတွက် ကျုပ်မှာအကြောင်းအချက်ကလေးတွေ တော်တော် နိုင်နိုင်လုံလုံရှိတယ်၊ ပြောရရင်တော့ ဒီဘိုဝဲကိုရောက်လာ





တာလည်း ချာလ်တန်ရဲ့ကိစ္စကို စုံစမ်းဖို့ပါ၊ လူကလေး ကျုပ်နဲ့လိုက်ဖို့ စိတ်မဝင်စားရင်လည်း အတင်းအကျပ် မတိုက်တွန်းပါဘူး”

ဟု ပြောလေ၏။

ဘသော်သည် မျက်နှာဖြူကြီးက သူ့ကို သွေးကြောင်သည်ဟု ထင်မှတ်မည်စိုးသောကြောင့်

“ကျုပ် ဘုန်းကြီးကျောင်းသားဘဝက ရွာထိပ်မှာရှိတဲ့ ညောင်ပင်ကြီးပေါ်တက်ပြီး သုံးညတိုင်တိုင် အိပ်ဖူးတယ်ဗျ၊ ဘာကြောင့်လဲဆိုတော့ အဲဒီညောင်ပင်ကြီးမှာ မှောင်လာတာနဲ့ လူတွေကိုထွက်ပြီးလိုက်တတ်တဲ့ ဆံပင်ဖားလျားနဲ့ အစိမ်းမရှိတယ်လို့ ပြောနေကြလို့ပဲ၊ ကျုပ် ဘာကိုမှမကြောက်လန့်တတ်ပါဘူး၊ အဲဒီမှာ အစိမ်းမနဲ့မတွေ့ခဲ့ပေမဲ့ နောက်ညတွေ သွားပြီးမအိပ်ရဲတော့ဘူး၊ ညောင်ပင်မှာရှိတဲ့ ခါချဉ်တွေကိုက်လိုက်တာတစ်ကိုယ်လုံး ဖူးယောင်၏နေလို့ဗျ၊ ကျုပ်က သတ္တိမကြောင်ပါဘူးဗျာ၊ ခင်ဗျားမှာ ဘာကိစ္စရှိမယ်မှန်းမသိပေမဲ့ အဲဒီဘုရားပျက်ကြီးကို ကျုပ် လိုက်ပါ့



www.burmeseclassic.com

www.burmeseclassic.com



မယ်”

ဟု ကတိပေးလိုက်တော့၏။

ဘသော်သည် ထိုကိစ္စကို သာမန်မျှသာ သဘောထားပြီး လက်ခံခဲ့၏။

ထိုမှအစပြု၍ သူ့ဘဝအတွက် နှစ်ပေါင်းများစွာ အရိပ်မည်းကြီးတစ်ခု ကပ်ပါလာမည်ကို ကြိုတင်သိရှိလျှင်မူ ငြင်းပယ်ခဲ့မည်သာ ဖြစ်၏။

● ● ●





● လူတိုင်းမှာ
စိတ်ရိုင်းတစ်ခုစီတော့
ရှိတတ်ကြစမြဲပါ။

ဖရက်ဒရစ်သီဂရိုက်



www.burmeseclassic.com

www.burmeseclassic.com



ဘသော်နှင့် မျက်နှာဖြူကြီးသည် ညစာစားသောက်ပြီးပြီ ဖြစ်၏။

ထိုအခါ မျက်နှာဖြူကြီးက

*"ကျုပ်တို့ ဘုရားပုထိုးကြီးဆီကိုသွားဖို့ အချိန်တော့လိုသေးတယ်၊ ဒါပေမဲ့ လိုအပ်တာ လေးတွေ ကျုပ်ပြင်ဆင်လိုက်ဦးမယ်"*

ဟု ပြောကာ ဘိုတဲပေါ်သို့ တက်သွားလေ၏။

ဘသော်သည် ထိုအတိုင်းဆိုလျှင် ယခုည အိမ်ပြန်နိုင်တော့မည် မဟုတ်ဟု တွေးမိ၏။ မြေချစ်ကိုမူ ဘိုတဲတွင် ညအိပ်လျှင် အိပ်မည်ဖြစ်ကြောင်း လိုလိုမယ်မယ်မှာခဲ့၍သာ တော်သေး၏။





အိမ်နီးချင်းများက မြေချစ်နှင့် သမီးငယ်ကို အဖော်ပြုပေး ထားသည် ဖြစ်၏။ ထို့နောက် ဘသော်သည် တောခေါင်းကြီးနှင့်အတူ ဧည့်သည်များ စားသောက်ထားသည်များကို ကူညီသိမ်းဆည်းပေး လေ၏။

သစ်တောဝန်ထောက်ကြီးနှင့် ရွှေပေါ်အပါအဝင် ဧည့်သည် တစ်ဦးစ နှစ်ဦးစ၏ အရက်ဝိုင်းမှာမူ အရှိန်ကောင်းတုန်းပင်ဖြစ်၏။

သူတို့သည် တစ်စုံတစ်ရာသောကိစ္စကို အကြောင်းပြု၍ ရှည်စွာ ငြင်းခုန်နေကြဟန်ရှိ၏။

၎င်းတို့သည် အင်္ဂလိပ်လို အပြန်အလှန် ပြောဆိုနေကြရာ ဘသော်သည် နားမလည်သော်လည်း မကြာမီ သူ့ထံ တောခေါင်း ကြီး ရောက်ရှိလာပြီး

*"မောင်ရင်တော့ အိုင်ယာလန်ထီပေါက်ပြီ ထင်တယ်"*

ဟု ပြောလေ၏။ ဘသော်က အူကြောင်ကြောင်ဖြင့် ရှိနေစဉ် တောခေါင်းကြီးကဆက်ပြီး

*"ဟို လူကြီးလူကောင်းအုပ်စုမှာ သရဲတစ္ဆေနဲ့ ပတ်သက်ပြီး အငြင်းပွားနေကြတယ်ကွ၊ တို့ရဲ့ ဝန်ထောက်ကြီးနဲ့ မောင်ရွှေပေါ်က တစ်ဖက်*



www.burmeseclassic.com

www.burmeseclassic.com



ကျန်တဲ့လူတွေက တစ်ဖက်ပေါ်ကွား မောင်ရွှေပေါ် တို့က သရဲတစ္ဆေဆိုတာ လူကိုခြောက်လှန့်ရုံက လွဲပြီး ဘာမှမလုပ်နိုင်ဘူးလို့ပြောပြီး ကျန်တဲ့လူတွေ ကတော့ သူတို့အတွေ့အကြုံအရ သရဲတစ္ဆေဆိုတာ ခြောက်လှန့်ရုံတင်မကဘူး၊ လူကိုပါ ညှဉ်းပန်း နှိပ်စက်နိုင်သေးတယ်လို့ ငြင်းခုန်နေကြတယ်ကွ”

ဟု ဆိုလေ၏။ ဘသော်က ပန်းကန်ဆေးခြင်းကို လက်စ သပ်ပြီး

“ဒါက ကျုပ်နဲ့ ဘာဆိုင်လို့လဲဗျ”

ဟု ရေရွတ်လေရာ တောခေါင်းကြီးက

“ဒီလိုကွ… သူတို့ရဲ့အငြင်းအခုန်က ဒီအတိုင်းရပ်မသွားဘဲ လူတစ်ယောက်ကို တို့ရဲ့ သစ်တောထဲက သရဲခြောက်ပါတယ်လို့ ခေတ် အဆက်ဆက် နာမည်ကြီးနေတဲ့ ဘုရားပျက်ကြီးဆီ ကို ညအချိန်မှာ သွားခိုင်းပြီး စမ်းသပ်မို့ပဲ၊ အဲဒီလူကို ရွေးချယ်လိုက်တော့ ဘာကိုမှ အကြောက်အလန့် မရှိတဲ့ မင်းကိုပဲ ရွေးချယ်ကြတယ်ကွ”

ဟု ပြောလေ၏။ ဘသော်သည် နှုတ်ခမ်းကို တင်းတင်းစေ့





ပြီး

“ဒီလိုအခွင့်ပါယ်မရှိတဲ့ကိစ္စကို သူတို့ကိုယ်တိုင် စမ်းသပ် ကြည့်ပါလားဗျာ၊ ကျုပ်က ကြားထဲက ဓါးစာခံရဦးမယ်၊ ကျုပ် သိပါတယ်၊ ဒါဟာ ပိုကောင်ရွှေပေါ်လက်ချက် မဟုတ်လား၊ ဒီကောင် က ညွှေ်သည်တွေကို ကျုပ်က သရဲခြောက်တယ် ဆိုတဲ့ ရွာထိပ်က ညောင်ပင်ကြီးမှာတောင် သုံးရက် ဆက်တိုက် အိပ်ပြခဲ့တယ်ဆိုတာပြောပြီး ကျုပ်ကို ညွှန်လိုက်မှာပေါ့”

ဟု ဆိုလေရာ တောခေါင်းကြီးက ဟုတ်မှန်သည့်အနေ နှင့် နှုတ်ဆိတ်နေ၏။

ဘသော်က ဟက်ခနဲရယ်ပြီး

“ဒါပေမဲ့ ကျုပ်သွားမယ်ဗျာ၊ ဒီအတိုင်းတော့ မဟုတ်ဘူး၊ ကျုပ်နဲ့အတူ အဖော်တစ်ယောက် ပါလိမ့်မယ်၊ အဲဒီလူက မစ္စတာ အော်ဒဝင်ဆိုတဲ့ မျက်နှာဖြူကြီးပဲ၊ ဘာကြောင့်လဲဆိုရင် ခင်ဗျားတို့ အငြင်းအခုန်မလုပ်ခင်ကတည်းက ကျုပ်နဲ့မျက်နှာဖြူ ကြီးက ဒီညသန်းခေါင်ယံမှာ အဲဒီဘုရားပျက်ကြီးဆီ



www.burmeseclassic.com

www.burmeseclassic.com



သွားဖို့ ချိန်းဆိုထားလို့ပဲ”

ဟု ပြောလေရာ တောခေါင်းကြီးက ပါးစပ်အဟောင်းသားနှင့်

“မင်းတို့ စိတ်မှန့်သေးရဲ့လား၊ အဲဒီဘုရား ပျက်ကြီးမှာ သစ်တောဝန်ထောက်ဟောင်းကြီး ကျားဆွဲခံရတာ သိတယ်မဟုတ်လား၊ လွန်ခဲ့တဲ့ တစ်ပတ်လောက်ကတောင် အလုပ်သိမ်းတာ နောက်ကျလို့ မြမောင်တို့အဖွဲ့ မှောင်ရီပျိုးချိန်မှာ အဲဒီဘုရားပျက်ကြီးဘေးက ဖြတ်ပြီးပြန်ခဲ့တာ ဘယ်လိုကြုံတွေ့ခဲ့သလဲဆိုတာ မင်းမသိသေးဘူး ထင်တယ်၊ သူတို့ကို ဘုရားပျက်ထဲက အဖြူရိပ်ကြီး တစ်ခုထွက်ပြီးလိုက်လို့ ခွေးပြေး၊ ဝက်ပြေး၊ ပြေးခဲ့ ရတယ်တဲ့၊ အဲဒီအဖြူရိပ်ဆိုတာကလည်း အဖြူ ရောင် ဝတ်စုံကို အမြဲဝတ်တတ်တဲ့ သစ်တော ဝန်ထောက်ဟောင်းကြီးပဲလို့ ထင်နေကြတယ်”

ဟု ပြောဆိုလေ၏။ ဘသော်က လက်ဖျောက်တီးပြီး

“ဒါဆိုရင် ပိုပြီးကောင်းတာပေါ့ဗျာ၊ ကျုပ်ကို မှာတာအော်ဇဝင်ကလည်း အဲဒီဝန်ထောက်ဟောင်း





သားရဲ့နဲ့တွေ့ပြီး စကားပြောချင်တာတဲ့ဗျ”

ဟု ပြောလေ၏။

မကြာမီ ထိုသတင်းကို အားလုံးသိရှိသွားကြ၏။ ထိုအခါ ဝန်ထောက်ကြီးက ဘသော်ကိုခေါ်ပြီး

“လူကလေးနဲ့ ကျုပ်မိတ်ဆွေကြီးတို့ကလည်း ဇွတ်တိုက်ဆိုင်ဆိုင်ပဲ၊ ဘုရားပျက်ကြီးကို သွားကြ မှာကိုး၊ ဒါဆိုရင် ကျုပ်တို့ရဲ့ အငြင်းအခုန်ကိစ္စလည်း တစ်နည်းနည်းနဲ့ အဖြေထွက်လာမှာပဲ၊ တစ်ခုတော့ ရှိတယ်၊ လူကလေးက ကျုပ်မိတ်ဆွေကို သေသေ ချာချာ စောင့်ရှောက်စေချင်တယ်”

ဟု မှာလေ၏။

ဘသော်က ရယ်ကျဲကျဲနှင့်ရှိနေသော ရွှေပေါကို တစ်ချက်မျှ ကြည့်ပြီး

“ကျုပ်တို့မှာ ကိစ္စမပေါ်ရင်လည်း ဝန် ထောက်ကြီးတို့ စေခိုင်းတဲ့အတိုင်း ကျုပ်သွားမှာပါ၊ ကျုပ်က လေလုံးထွားတတ်တဲ့ ခပ်ညုံ့ညုံ့ယောကျ်ား မျိုး မဟုတ်ပါဘူး”

ဟု ပြောလိုက်၏။ ထိုအခါ ရွှေပေါက မျက်နှာကိုမဲ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဘသော်… ဘုရားမျက်က သရဲတွေက

တော်တော်ဆိုးတယ်လို့ သတင်းကြီးနေတာကွ"

ဟု ဆိုလေရာ ဘသော်က

"သရဲဆိုတာ ဘယ်လောက်ပဲဆိုးဆိုး လူကို

မမီပါဘူးကွာ၊ သရဲက လူလို ကောက်ကျစ်ယုတ်မာ

တဲ့စိတ်လည်း ရှိမှာမဟုတ်ဘူး၊ မိန်းမလို မိန်းမရ

နောက်ကျောကို ဓါးနဲ့ထိုးတဲ့ကိစ္စမျိုးလည်း လုပ်မှာ

မဟုတ်ဘူး"

ဟု ပြောလေ၏။

ရွှေပေါ်လည်း နှုတ်ပိတ်သွား၏။ မကြာမီ သူ့ဟို့ထဲ

မစ္စတာအော်ဒဝင်ရောက်ရှိလာ၏။ ၎င်းသည် ခရီးဝေးသွားမည့်

သူကဲ့သို့ ကျောပိုးအိတ်ကို လွယ်ပိုးထား၏။

ခါးတွင် ခြောက်လုံးပြူးကိုလည်း ချိတ်ထား၏။ တော

လိုက် ဓါးမြှောင်နှင့် အားကောင်းလှသော သုံးတောင့်ထိုးလက်နှိပ်

ဓါတ်မီးလည်း ပါ၏။

အားလုံးက မစ္စတာအော်ဒဝင်ကိုကြည့်၍ ဩဘာပေးကာ

"တကယ့်ကို တိုက်ပွဲဝင်တော့မဲ့ စစ်သား

တစ်ယောက်လိုပါပဲလား၊ ကျုပ်တို့ နောက်တစ်နေ့မှာ





ခင်ဗျားတို့ရဲ့အတွေ့အကြုံကို ကြားချင်ပါတယ်"

ဟု ပြောလေ၏။

ဤသို့ဖြင့် သူတို့အားလုံး သန်းခေါင်ချိန်မတိုင်မီအထိ

ဝိုင်းဖွဲ့ပြီး ဘသော်နှင့် မျက်နှာဖြူကြီးတို့သည် ဧည့်ခန်းဆောင်

အနက်သို့ ထွက်ခဲ့၏။

လမ်းတွင် မျက်နှာဖြူကြီးက သက်ပြင်းချကာ

"ကျုပ် လူကလေးကို ကြိုက်ပြီး သတိ

မပေးမိဘူး၊ တကယ်ဆိုရင် ကျုပ်တို့ ဘုရားမျက်

ကြီးဆီကိုသွားမဲ့ကိစ္စကို ကျုပ်က လူသိမခံချင်

လို့ပါ"

ဟု ပြောလေ၏။ ဘသော်က

"ဒီကိစ္စက တိုက်ဆိုင်သွားတယ်၊ ဝန်

ထောက်ကြီးတို့လူစုက ကျုပ်ကို သူတို့ရဲ့အငြင်း

အခုံကြောင့် အဲဒီကိုလှတ်ပြိုင်နေတာဗျ၊ ဒါကြောင့်

ကျုပ်တို့ကိစ္စကို ပြောလိုက်မိတာပါ"

ဟု ရှင်းပြလေရာ မျက်နှာဖြူကြီးက

"ကျုပ် လူကလေးကို အပြစ်မတင်ပါဘူး

လေ၊ ဒီည ဘုရားမျက်ကြီးမှာ တစ်ခုခုတော့ သိ



www.burmeseclassic.com

www.burmeseclassic.com



မှာပဲ၊ ဒါပေမဲ့ လှုကာလေးကို ကျုပ် သတိပေးထား
ဦးမယ်၊ နောက်တစ်နေ့ ဘိုဘဲကိုပြန်ရောက်ရင်
ကျုပ်တို့ အဲဒီမှာ ဘယ်လိုထူးခြားမှုမျိုးမှ မကြုံခဲ့ပါ
ဘူးလို့ ပြောရမယ်၊ အဲဒါကိုတော့ သေသေချာချာ
မှတ်ထားပါ”

ဟု မှာလေတော့၏။

● ● ●





● လူလိမ် လူကောက်တစ်ယောက်ကို
ပြန်ပြီးလှည့်စားပစ်လိုက်ခြင်းဟာ
ကျေနပ်ပြီးရင်း ကျေနပ်နေရဦးမယ့်
ပျော်ရွှင်မှုတစ်ရပ်ပါပဲ။

ယွန်ဒီလာဖောင်(န်)တိန်း



www.burmeseclassic.com

ပတ်ဝန်းကျင်အခြေအနေနှင့် အချိန်အခါကပါ ထိတ်လန့်တုန်လှုပ်မှုကိုဖြစ်စေရန် လှုံ့ဆော်သလိုရှိ၏။

နက်ရှိုင်းသော တောအတွင်း၌ ပိုးကောင်မွှားကောင်ကလေးများ၏ တကျီကျီအော်သံ၊ တစ်ချက်တစ်ချက် ဖူးဖူးရှုရှုနှင့် ငှက်ဆိုးထိုးသံဟု အမည်ပေးထားသည့် ညဥ့်ငှက်တို့၏အသံမှာအပ တိတ်ဆိတ်ခြင်းက မင်းမူနေ၏။

လကွယ်ညဖြစ်လေရာ တိတ်ဆိတ်ခြင်းနှင့်အတူ မှောင်မိုက်ခြင်းက ဖြစ်ပေါ်နေ၏။ သာမန်ဆိုလျှင် ထိုအခြေအနေ၌ ကိုယ့်ခြေသံကိုပင် ကိုယ်ပြန်ပြီး ထိတ်လန့်နေမည်သာဖြစ်၏။



ဘသော်နှင့် မျက်နှာပြူကြီးကမူ ဘာမျှဂရုမထားဟန်နှင့် ခရီးနှင်လျက်ရှိ၏။ လှိုဏ်ထဲသို့ရောက်လျှင် ဘသော်က ရှေ့မှဦးဆောင်ပြီး ဓါးမကိုဝှေ့ယမ်းကာ လမ်းထွင်သွားလာသလို မျက်နှာပြူကြီးက ဓာတ်မီးဝိုင်ပါတ်မီးဖြင့် လမ်းပြကာ ထက်ကြပ်မကွာလိုက်ပါလာ၏။

သူတို့သည် လှိုဏ်ထဲမှ စက်ခက်ခဲခဲသွားလာပြီးလျှင် ကြီးမားလှသော သစ္စာဝါကြီးတစ်ကောင် ငြိမ်သက်နေသည့်အလားရှိသည့် ချုံနွယ်ပိတ်ပေါင်းများဖုံးအုပ်နေသော ဘုရားပျက်ကြီးသို့ ရောက်လာခဲ့၏။

ထိုအခါ မျက်နှာပြူကြီးက

*“အရင်ဆုံး ကျုပ်တို့ မီးပုံတစ်ခုဖိုရမယ်”*

ဟု ပြောလေရာ ဘသော်သည် အလျှင်အမြန် ထင်းခြောက်များရှာဖွေကာ မီးပုံဖို၏။

သူသည် ထိုအချိန် သတိကြီးစွာထားနေ၏။ သရဲတစ္ဆေနှင့် ရွှေကြိုမည်ထက် သားရဲတိရစ္ဆာန်များ၏ နှောင့်ယှက်ရန်ပြုမည်ကို စိုးရိမ်သောကြောင့်ဖြစ်၏။

ဘသော်၏မီးဖိုမှာ မီးတောက်မီးလျှံများနှင့် တောင်းစွာလောင်ကျွမ်းနေချိန်၌ မျက်နှာပြူကြီး၏ တေးချူချမ်းဖွယ်ရာ အသံက ထွက်ပေါ်လာ၏။

www.burmeseclassic.com



မျက်နှာဖြူကြီးသည် ဘုရားပျက်ဆီသို့ မျက်နှာမူပြီး လက်နှစ်ဖက်အားယောင်၍

"ကျုပ်ရဲ့ ချစ်လှစွာသော မိတ်ဆွေကြီး မစ္စတာချာလ်တန်၊ သင်နဲ့တွေ့ဆုံဖို့ ကျွန်ုပ်တို့ ရောက်လာပါပြီ၊ အော်ဝင်က ချာလ်တန်နဲ့ စကား ပြောပြချင်လှပါပြီ၊ သင်က ကျွန်ုပ်ကို ဆက်သွယ် နိုင်ခဲ့ရင်း တစ်မျိုးမျိုးနဲ့ ဆက်သွယ်စေချင်ပါတယ် မစ္စတာချာလ်တန်"

ဟု အော်ဟစ်လေ၏။

အသည်းငယ်လှသောသူဆိုလျှင် ထိုနေရာတွင် သေဆုံးသွားနိုင်ပြီ ဖြစ်သော လူတစ်ယောက်အား ထိုအချိန်မျိုး၌ တွေ့ဆုံရမိပါသော်မူ ကိုကြားကာ ထိတ်လန့်သွားမည် အမှန်ဖြစ်၏။

ဘသော်တရ တော့်နေလှုပ်ရှိရင်း ထိုလူကြီး၏ အကြောက် အလွန်ကင်းမဲ့မှုကို သဘောကျသွားပြီး

"ဒါဟာ ကျုပ်အတွက်တော့ အတွေ့အကြုံ တစ်ခုရတာပေါ့"

ဟု ပြောလိုက်၏။

ထိုအချိန်၌ စေတီပျက်၏အပေါ်တည့်တည့်မှ 'ဝရော'ခဲ့



သံထွက်ပေါ်ကာ သူတို့နှင့်မလှမ်းမကမ်းသို့ မည်းမည်းအရာတစ်ခု ပျံသွားလာသည်ကို မြင်တွေ့လိုက်ရ၏။

မီးပုံမှအလင်းရောင်ကောင်းစွာရရှိနေသော်လည်း မျက်နှာ ဖြူကြီးက ထိုအရာကို လက်နှိပ်ဓါတ်မီးဖြင့် လှမ်း၍ထိုးကာ ကြည့်ရှု လိုက်၏။

ဘသော်လည်း ခါးကြားမှ ဓါးမကို အသင့်ထုတ်၍ ဆုပ် ကိုင်ပြီးဖြစ်၏။

မီးအလင်းရောင်အောက်တွင် အမွေးဖွားဖွားနှင့်တောကြောင် ကြီးတစ်ကောင်က ချုံပုတ်များကြားသို့ လျှင်မြန်စွာတိုးဝင်ပျောက် ကွယ်သွားသည်ကိုသာ တွေ့ရ၏။ မျက်နှာဖြူကြီးက ဟက်ခနဲ ရယ်၍

"ကျုပ်အသံကြောင့် ဒီသတ္တဝါလန့်သွားပုံ ရတယ်"

ဟုရေရွတ်လေ၏။ ထို့နောက်မျက်နှာဖြူကြီးက မီးပုံအနီး ကျောက်တုံးတစ်ခုတွင်ထိုင်ကာ ကျောပိုးအိတ်ကို ဖွင့်၍

"ဒီအချိန်မှာ ကျုပ်တို့အတွက် လုပ်စရာ တစ်ခုပဲရှိတယ်"

ဟုပြောပြီး အရက်ပုလင်းတစ်လုံးကိုထုတ်ယူ၏။ ထို့အပြင်

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာဖြူကြီးသည် အရက်သောက်ရန် ဖန်ခွက်များ၊ အမြည်း အဖြစ် အသားဗူးများကိုပါ ယူဆောင်လာ၏။ ဘသော်သည် ဘိုတဲ တွင် အရက်သောက်လာသည်မှာ ယခုတိုင် ရီဝေဝေရှိနေသေးဖြစ် လေရာ

*"ကျုပ် မသောက်တော့ဘူး၊ အမူးလွန်ပြီး သတိလွတ်သွားရင် ဒီတော၊ ဒီတောင်ထဲမှာ အန္တရာယ်ရှိနိုင်တယ်"*

ဟုမျက်နှာဖြူကြီးကိုပြောလိုက်၏။ မျက်နှာဖြူကြီးက မြေပြင်တွင် ခွက်များကို ချပြီး ခေါင်းယမ်းကာ

*"ဒီဝိုင်းမှာလူစည်သွားအောင် တစ်ခွက် လောက်တော့ သောက်စမ်းပါ၊ ကျုပ်ရဲ့စိတ်ချောက်ကို လည်း စိတ်ပြီးတိုက်ချင်လို့ပါ"*

ဟုပြောကာ အရက်ခွက်ကို မြှောက်ပြီး

*"မစ္စတာချာလ်တန်၊ ကျုပ်အရက်ဝိုင်းပြင်ပြီး စောင့်နေပါတယ်၊ ကျုပ်တို့နဲ့ တစ်ပျော်တစ်ပါး သောက်ရအောင် လာခဲ့ပါဗျာ"*

ဟုဖိတ်ခေါ်၏။ ဘသော်သည် ထိုအခါမှပင် မျက်နှာဖြူ ကြီးသည် အရက်ခွက်သုံးခွက်ထည့်ကာ ပြင်ဆင်ထားသည်ကို သတိ



ပြုမိ၏။ ထို့ကြောင့် သူလည်း မငြင်းတော့ဘဲ ဖန်ခွက်ကိုကောက် ကိုင်လိုက်၏။ မျက်နှာဖြူကြီးကလည်း ခွက်ကိုမြှောက်ပြီး ဘသော် ၏ခွက်နှင့်ထိကာ

*"ချီးယားစ် ရှာလေး"*

ဟုဆိုလေ၏။

ထိုစဉ် မြေပြင်ရှိ မစ္စတာချာလ်တန်အတွက် ချည်ရွယ်ထား သော အရက်ခွက်မှာ မည်သည့်အရာနှင့်မျှ ထိခိုက်မိခြင်းမရှိဘဲ အလိုအလျောက် ခွပ်ခနဲ ကွဲအက်သွားသည်ကို ထူးဆန်းစွာတွေ့ လိုက်ရတော့၏။

ဘသော်သည် မျက်လုံးကို ပွတ်သပ်ကြည့်ပြီး

*"ဘယ်လိုဖြစ်တာလဲ၊ ခွက်က ခင်ဗျားအိတ် ထဲမှာထည့်ပြီး သွားလာနေတုန်း ထိခိုက်မိလာ သလား မသိဘူး"*

ဟုပြောလေရာ မျက်နှာဖြူကြီး၏ မျက်လုံးအစုံက မှုတ်ခနဲ တောက်ပပြီး

*"နိုး နိုး… လုံးဝမဟုတ်ဘူး၊ ကျုပ် အဲဒီ ဖန်ခွက်တွေကို သေသေချာချာ စစ်ဆေးပြီးမှ အရက် ထည့်ခဲ့တာပဲ၊ ဒါဟာ ချာလ်တန်က ဒီဝိုင်းမှာ

သူရောက်နေပြီဆိုတာ အချက်ပြလိုက်တာပဲ"

ဟုအဖြေပေးလေ၏။ ဘာကြောင့်မှန်းမသိ၊ ကြောက်ရွံ့ခြင်းကင်းသော ဘသော်၏ကျောထဲတွင် စိမ့်ခနဲဖြစ်သွားမိ၏။ သူသည် တစ္ဆေသရဲများ၊ မိမိအနီး၌ရောက်ရှိနေလျှင် အလိုအလျောက် ကြက်သီးများ ထလာတတ်သည်ဟု လူကြီးသူမများ၏ ပြောသံကို ကြားခဲ့ဖူး၏။

ယခုလည်း မျက်နှာဖြူကြီး ပြောသည့်အတိုင်း မှော်ဝင်ချာလ်တန်သည် တကယ်ပင် အချက်ပြနေပြီလားမသိရ။ မျက်နှာဖြူကြီးမှာမူ သူ့အထင်နှင့်သူ၊ ပျော်ရွှင်သွားပုံရ၏။ သူသည် အရက်ခွက်ကိုမော့ပြီး အသားမှုးကို မီးပုံနှင့်အငွေ့ပေးကာ

"ဒီနေရာမှာပဲ လူကလေးတို့၊ တစ်ချိန်က မှော်တာချာလ်တန်ရဲ့ ရုပ်အလောင်းကိုတွေ့ခဲ့ရတာ မဟုတ်လား၊ အဲဒီတုန်းက သေဆုံးနေတဲ့ သူ့ရဲ့ ပုံသဏ္ဌာန်ကို မှတ်မိသမျှ ပြောစမ်းပါ"

ဟုမေးမြန်း၏။ ဘသော်က ခေါင်းညိတ်ပြီး

"အဲဒီပုံသဏ္ဌာန်က အခုတွေးမိရင် အခု ပေါ်လွင်လာအောင် မျက်စိထဲစွဲနေတာပေါ့ဗျာ၊ တကယ့်ကို ကျားကုတ်သွားတဲ့ဒဏ်ရာက ရုပ်ပျက်



ဆင်းပျက်ပါပဲ၊ အထူးခြားဆုံးက မျက်လုံးနှစ်လုံးစလုံး သွေးရှုံးချင်းနဲ့ပြီး ပေါက်ပက်ကြီးဖြစ်နေတာပဲဗျ"

ဟုပြောလိုက်ရာ မျက်နှာဖြူကြီးက လက်ကာ၍တားကာ

"ဒီလောက်ဆိုရင်ရပါပြီ၊ ကျုပ်ဆိုလိုချင်တာလည်း အဲဒါပါပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ချာလ်တန်ဟာ အကြွေးဆပ်လိုက်ရတာပဲ၊ သူဟာ မျက်လုံးတစ်လုံးကို ယူဆောင်အသုံးပြုခဲ့တဲ့အတွက် ကျန်တဲ့ မျက်လုံးတစ်လုံးကို ပြန်ပြီးပေးဆပ်လိုက်ရတာပဲ၊ ချာလ်တန်မှာ ဘယ်သူမှမသိတဲ့ လျှို့ဝှက်ချက်ကတော့ သူဟာ ထိခိုက်ဒဏ်ရာတစ်ခုကြောင့် မျက်လုံးတစ်လုံးကွယ်ခဲ့လို့ အဲဒီမျက်လုံးအစား ကျောက်မျက်လုံးတစ်ခု အစားထိုး တပ်ဆင်ထားခဲ့တယ်ဆိုတာပဲ၊ အဲဒီကျောက်မျက်လုံးဟာ မျက်လုံးအစစ်နဲ့ မခြား တူအောင် ပြုလုပ်ထားလို့ မျက်လုံးအစားထိုးထားမှန်း ဘယ်သူမှ မသိခဲ့ကြဘူး"

ဟုဆိုလေ၏။ ဘသော်ကမျက်မှောင်ကြုတ်ပြီး

"ကျုပ်ဟာ ဝန်ထောက်ကြီးကို သာလျှ

www.burmeseclassic.com



ထင်ရှားမမြင်ခဲ့ဘူးပေမဲ့ မျက်လုံးတစ်လုံးပျက်နေ
တယ်လို့ ပြောသံလည်း မကြားမိပါဘူး”

ဟုပြောဆိုလေရာ မျက်နှာဖြူကြီးက

“ရာလ်တန်ရဲ့မျက်လုံးကိစ္စကို သူ့ရဲ့ဇနီး
စင်သီယာက ဖွဲ့ပြီး သိတဲ့လူဆိုတာ ကမ္ဘာပေါ်မှာ
ကျုပ်အပါအဝင် သုံးဦးပဲရှိတယ်၊ စင်သီယာနဲ့ ကျုပ်
အပြင် ဒီရှိတဲ့အကြာတစ်ယောက်ကတော့ ကျောက်
မျက်လုံးရဲ့မူလပိုင်ရှင်ပဲ”

ဟုပြောပြန်၏။

ဘသော်၏စိတ်ဝင်စားမှုက အထွတ်အထိပ်သို့ရောက်ရှိနေပြီဖြစ်၏။ ဘသော်သည် မီးပုံကို အလယ်ခွင်ထားပြီး မျက်နှာဖြူကြီးနှင့် မျက်နှာချင်းဆိုင်ထိုင်လျက်ရှိ၏။

ထိုအခါ မျက်နှာဖြူကြီး၏ စကားကို နားထောင်နေရင်း တောစပ်တစ်နေရာမှ အဖြူရောင်အရိပ်တစ်ခုက လျှင်မြန်စွာရွေ့လျားသွားသည်ကို ဖျတ်ခနဲတွေ့လိုက်ရ၏။

သူ၏မျက်လုံးအစုံက ပြူးကျယ်သွား၏။ သူသည် ထိုအရိပ်ကို ကောင်းစွာတွေ့လိုက်ရပြီး လူတစ်ယောက်ဖြစ်မှန်းလည်း သတိပြုမိလိုက်၏။ ထို့ကြောင့် ဘသော်က ထိုနေရာသို့လက်ညှိုး



ညွှန်ပြီး

“လူရှိ၊ တောထဲကိုပြေးဝင်ပြီးပျောက်သွား
တယ်၊ အဖြူရောင်ဝတ်စုံကိုဝတ်ထားတယ်”

ဟု မျက်နှာဖြူကြီးကိုပြောလိုက်၏။ မစ္စတာအော်ဇဝင်က မျက်မှောင်ကြုတ်ပြီး

“သေချာရဲ့လားလူလေး၊ ဒါဆိုရင် မစ္စတာ
ရာလ်တန်ရဲ့ ဝိညာဉ်များ ဖြစ်နေမလား”

ဟုရေရွတ်၏။

ဘသော်က ထိုနေရာသို့စူးစိုက်ကြည့်ပြီး

“မသိဘူးဗျ၊ အဖြူရောင်လှုပ်ရိပ်ကိုတော့
ကျုပ်သေသေ ချာချာမြင်လိုက်ရတာပဲ”

ဟုအဖြေပေးလိုက်စဉ် စေတီမျက်၏နောက်ဘက်မှလည်းကောင်း၊ တောအုပ်အတွင်းမှလည်းကောင်း သူတို့၏ပတ်ပတ်လည် အမှောင်ရိပ်များမှ တိတ်ဆိတ်ခြင်းကို ဖြိုခွဲပြီး ကျယ်လောင်သော ရယ်မောသံများက ကြောက်မက်ဖွယ်ရာ ထွက်ပေါ်လာတော့၏။

● ● ●

www.burmeseclassic.com

● နားလည်ပိုင်းခြား သိမြင်တတ်တဲ့
စိတ်ဓါတ်အင်အားဟာ
အပျော်ကျူးတတ်တဲ့စိတ်ကို
မောင်းထုတ်ပစ်တတ်တယ်။

လီယိုနာဒို ဒါဗင်ချီ



ကြောက်မက်ဖွယ်ရယ်မောသံများကြောင့် ဘသော်နှင့် မျက်နှာဖြူကြီးသည် လှုပ်လှုပ်ရှားရှားဖြစ်သွားကြ၏။

ရုတ်ခြည်းပင် မျက်နှာဖြူကြီးက ခြောက်လုံးပြူးကိုထုတ်ပြီး မိုးပေါ်သို့ထောင်က ဒိုင်းခနဲပစ်ခတ်လိုက်၏။ သေနတ်သံထွက်ပေါ်လာလျှင် ရယ်မောသံများ တိခနဲရပ်တန့်သွား၏။ ချက်ချင်းပင် သစ်တောအုပ်အတွင်းမှ လူတစ်ယောက်လှမ်းထွက်လာပြီး

*"မှေတာဆော်ဒဝင် ကျွပ်တို့ပါဗျူ၊ ရမ်းသမ်း ပြီးသေနတ်နဲ့ ပေစ်လိုက်ပါနဲ့"*

www.burmeseclassic.com

www.burmeseclassic.com



ဟု ရွှေပေါ်၏အသံထွက်ပေါ်လာ၏။ ဘသော်သည် ထိုအခါမှပင် ဓာဓာက လှစ်ခနဲပျောက်ကွယ်သွားသော အဖြူရိပ်မှာ ရွှေပေါ်ဖြစ်မှန်းသိလိုက်ရ၏။

ထို့အတူ သစ်တောဝန်ထောက်ကြီးနှင့် တောခေါင်းကြီး အပါအဝင် ချေသည်များ၊ သစ်တောဝန်ထမ်းများ၊ စုစုပေါင်း (၁၀) ယောက်ခန့်ရှိမည့်လူစုသည် အမှောင်ရိပ်ကွယ်များမှ အလျှိုလျှိုထွက်လာကြ၏။

ဝန်ထောက်ကြီးက ပြုံးဖြီးဖြီးလုပ်ပြီးလက်ထောင်ပြကာ

*"မွေတာအော်ဒဝင်၊ ကျုပ်တို့က ခင်ဗျားတို့နှစ်ယောက်ကို ဘာမဟုတ်တဲ့ အကြောင်းအရာကိစ္စလေးနဲ့ ဒီလို သွားရှိတိုက်ရှုန်းမိသလို ဖြစ်သွားတယ်မဟုတ်လား၊ တကယ်ဆိုရင် ဒီကိစ္စကြောင့် ခင်ဗျားတို့ အရှုရာယ်တစ်ခုနဲ့ကြုံတွေ့ရရင် ကျုပ်တို့ကလည်း မကောင်းသူကြီး အားလုံးတိုင်ပင်ပြီး လိုက်လာကြတာပါဗျာ၊ ခင်ဗျားတို့ကိုလည်း အမှော်သဘောနဲ့ ရောက်ကြောင်းရအောင်လည်း ပါတာပေါ့၊ ဟားဟားဟား…"*

ဟုရယ်မောပြောကာဆို၏။ မွေတာအော်ဒဝင်ဟူသော



မျက်မှာဖြူကြီး၏မျက်နှာမှာ မသိမသာရှုံ့မဲ့သွားပြီး ဘသော်တို့ လေသံတိုးတိုးနှင့်

*"ရှာတလေး ဒီရှုရှပ်တွေကြောင့် ကျုပ်တို့ အစီအစဉ်တော့ ပျက်ပြီ"*

ဟုညည်းတွားလေတော့၏။ ထို့နောက် မျက်နှာဖြူကြီးသည် နောက်ထပ်ရောက်လာသောလူစုနှင့်အတူ စီးပုံနဘေးတွင် အရက်ဝိုင်းဖွဲ့ရပြန်၏။

သစ်တောဝန်ထောက်ကြီးတို့တွင် စားသောက်စရာရိက္ခာ အစုံအလင်ပါလာသည်မဟုတ်ပါလား။

ဘသော်မှာမူ ထိုဝိုင်းနှင့်မလှမ်းမကမ်းရှိ သစ်ငုတ်တိုကြီးတွင်ထိုင်ကာ လက်ရှောင်နေလေ၏။

သူတို့သည် ထိုနေရာတွင် နံနက်အရုဏ်တက်သည်အထိ မျော်ပါးသောက်စားကြ၏။ မည်သူမျှ ချည်းကပ်ဝံ့သော ဘုရားပျက်ကြီးနဘေးတွင် သူတို့အတွက် တစ်ညလုံး ဝိုင်းဖွဲ့နေခြင်းကိုလည်း ဝုဏ်ယူနေကြပြန်တူ၏။

နောက်တစ်နေ့သို့ရောက်လျှင် ဘသော်သည် အိမ်ကိုရောမှု ပြန်ပြီး အနားမယူနိုင်ဘဲ အလုပ်ခွင်သို့ဝင်ရပြန်၏။ ထိုအခါ ဘုရားပျက်ကြီးနဘေးတွင် ဝိုင်းဖွဲ့ခဲ့သူအားလုံး ဖျားနာကြရာမှာ

www.burmeseclassic.com

www.burmeseclassic.com



ကြ၏။ ဝမ်းလျောဝမ်းပျက်ဖြစ်သူက ဖြစ်ကြသည့်သတင်းကိုကြားရ၏။ သစ်တောဝန်ထောက်ကြီးသည်ပင် ငှက်ဖျားရောဂါ ရတ်တရက် ဖြစ်ထပြီး အားလုံးကို လှည်းများဖြင့်အားခြင်းပင် မြို့ရှိဆေးရုံသို့ပို့ရ၏။

ဘသော်သည် ထိုသူများ၏အဖြစ်ကြောင့် စိတ်ထဲတွင် ထူးဆန်းသလိုခံစားမိပြီး

*"ဒီလူတွေ ဘုရားပျက်ကြီးသောမှာ စကား တွေ မဆင်မခြင်ပြောပြီး အရက်ပိုင်းဖွဲ့ခဲ့လို့ ဒီလိုဖြစ်တာများလား၊ မှီးမှီးသာမန်ဖြစ်တာလား"*

ဟုတွေးခွဲရစက်နေလေ၏။

ထိုလူစုထဲတွင် ရွှေပေါ်နှင့် မစွကာအော်ဖဝင်မှာ တစ်ညလုံးအကြိမ်များစွာဝမ်းလျောခဲ့ကြသည်ဟု သိရ၏။

ထိုအချိန်မှစ၍ ဘသော်သည် မျက်မှာဖြူကြီးနှင့်မတွေ့ရတော့ချေ။ သို့သော် မျက်မှာဖြူကြီး ပြောပြခဲ့သော ထူးဆန်းဖွယ်ရာ ကျောက်မျက်လုံးအကြောင်းကိုမူ မကြာခဏသတိရနေမိ၏။

ချည်သည်များအားလုံး မြို့တွင်ဆေးကုသမှု ခံယူပြီး နေရပ်သို့ပြန်သွားကြခြင်းဖြစ်၏။ ရွှေပေါ်သည်လည်း (၃)ရက်ခန့်ကြာလျှင် ဆေးရုံမှပြန်ရောက်လာသည်ကိုတွေ့ရ၏။



ဤသို့ဖြင့် တစ်နေ့တွင် ဘသော်သည် အလုပ်သိမ်းပြီး ရွာသို့အပြန်လမ်း၌ မြင်းစီးလာသောရွှေပေါ်နှင့်ဆုံလေ၏။ ထိုအခါ ရွှေပေါ်က မြင်းကိုတုံ့ခနဲရပ်တန့်ပြီး

*"ဘသော် မင်းနဲ့ငါ စကားပြောစရာ ရှိတယ်"*

ဟုဆိုလေ၏။ ဘသော်က ခြေလှမ်းမပျက်ဘဲ

*"မင်းနဲ့စကားပြောစရာ အကြောင်းဘာမှ မရှိဘူး"*

ဟုပြောလေရာ ရွှေပေါ်က မြင်းကိုလှည့်ပြီး နောက်မှ လိုက်လာကာ

*"ဒီမှာ ဘသော်၊ မင်းနဲ့ငါဟာ ငယ်စဉ်ကတည်းက တတ်နိုင်ရင် တစ်ယောက်ကိုတစ်ယောက် အရှုံးပေးမခံချင်လောက်အောင် မုန်းတီးနေကြတယ်ဆိုတာ နှစ်ယောက်စလုံးနားလည်ထားတယ် မဟုတ်လား၊ ဒါပေမဲ့ ဒီတစ်ခါတော့ မင်းနဲ့ငါ့ဟာ ငါလက်ထဲမှာ ရှိနေတယ်ဆိုတာ မြဲမြဲမှတ်ထားစမ်း"*

ဟုပင်မှီးပေါက်သံနှင့်ဆိုလေရာ ဘသော်က ခေါင်းလှည့်

www.burmeseclassic.com

www.burmeseclassic.com



ဝင် မကြည့်ဘဲ ခရီးဆက်ရင်း

"မင်းဆီက ဒီလိုစကားမျိုး အကြိမ်ပေါင်း

များစွာ ကြားခဲ့ပြီးပြီ၊ ငါ့အတွက်တော့ မင်းရဲ့

ငြိမ်းချမ်းမှုက အရာမဝင်တော့ဘူး"

ဟုပြောလိုက်၏။

ရွှေပေါ်က မြင်းကိုအသာကျစ်နေရင်း ဟက်ခနဲရယ်၍

"ကောင်းပြီလေ၊ ကြည့်ကြသေးတာပေါ့၊

မင်းသိအောင် တစ်ခုတော့ပြောလိုက်မယ်၊

လွန်ခဲ့တဲ့ရက်က ဘိုတဲကို အလည်အပတ်လာ

သွားတဲ့ မစ္စတာအော်ဒဝင် မင်းကိုဘာတွေပြော

ခဲ့သလဲဆိုတာ ငါသိချင်တယ်၊ မင်းသိထားတာတွေ

အားလုံး ငါ့ကို မခြွင်းမချန်ပြောပြမယ်ဆိုရင် ငါ

ဘက်ကလည်း မင်းကိုကာကွယ်ပေးမယ်လို့

ဆုံးဖြတ်ထားတယ်"

ဟုဆိုလေ၏။

ဘသော်က စိတ်ရှုပ်ထွေးဟန်နှင့်ရပ်တန့်ပြီး ရွှေပေါ်ကို

စူးစိုက်ကြည့်ကာ

"ဟောကောင် မင်းပြောတာတွေ ငါတစ်ခုမှ



နားမလည်ဘူး၊ အဲဒီအဓိပ္ပာယ်မရှိတဲ့ စကားမျိုးတွေ

ငါ့နောက်လိုက်ပြောနေမယ်ဆိုရင် မင်းနဲ့ငါ တစ်ခွဲ

တစ်လမ်းတော့တွေ့ရလိမ့်မယ်"

ဟုကြိမ်းဝါးလေရာ ရွှေပေါ်ကလက်ကာပြ၍

"သိပြီး ခေါ်သမကြီးပါနဲ့ဘသော်၊ မစ္စတာ

အော်ဒဝင်ဟာ ဘယ်လိုလူမျိုးလဲဆိုတာ မင်း သိရဲ့

လား၊ အင်္ဂလိပ်အစိုးရက သက်ဘမကောင်းဖြစ်ပြီး

စောင့်ကြည့်ခံနေရတဲ့ လူတွေထဲမှာ ပါတယ်ကွ၊

သူဟာ ပရဆေးပင်တွေကို လေ့လာဖို့ အကြောင်း

ပြပြီး မြန်မာပြည် တနံတလျား သွားလာခဲ့တယ်ကွ၊

ဘာကြောင့် အဲဒီလို သွားလာခဲ့သလဲဆိုတာ

အင်္ဂလိပ်အစိုးရက အစဖော်ထုတ်နိုင်ပြီ၊ ပြီးတော့

ငါတို့ ဆောင့်တက်နေရတဲ့ရက်မှာပဲ မင်းရဲ့မိတ်ဆွေ

ကြီး မစ္စတာအော်ဒဝင်ကို အထူးစုံထောက်တွေ

လာပြီး ဖမ်းဆီးသွားတယ်ဆိုတာ မင်းသိရဲ့လား၊

အဲဒီကိစ္စကို ဟိုးလေးတကြော်ကြော်ဖြစ်မှာစိုးလို့

သစ်တောဝန်ထောက်ကြီးက အားလုံးကို နှုတ်ပိတ်

ထားနိုင်ခဲ့တယ်၊ အစုရက်ပိုင်း ငါကလည်း ကိုယ့်

www.burmeseclassic.com

www.burmeseclassic.com



*ရှည်း တိုယ့်တဲ့ပြိုကဲ့အဆောက်အအွယ်တွေဆီမှာ စုံစမ်းကြည့်တော့ မှော်တာဆော်ဒဝင်ကို ဖမ်းဆီးသွားတဲ့ အထူးနှံသောက်တွေဟာ ကလကတ္တားက တိုက်ရိုက်လာခဲ့တာလို့သိရတယ်၊ အခုအချိန်ဆိုရင် သူဟာ ကလကတ္တားမှာရှိတဲ့ အကျဉ်းစခန်း တစ်ခုမှာ ရောက်နေလောက်ရောပေါ့"*

ဟုပြောပြန်၏။

ဘသော်သည် ချက်ချင်းပင် မျက်နှာမြူကြီး၏ ထူးဆန်းသော စိတ်သဘောထားနှင့် အပြုအမူများကို အမှတ်ရမိ၏။

သို့သော် ရှေ့ပေါ်စကားကိုလည်း လုံးလုံးကြီးမယုံကြည်လေရာ

*"မင်းပြောချင်တာ အဲဒါပဲဆိုရင်တော့ မင်းစကားကိုရပ်လိုက်ပေတော့၊ မင်းဆက်ရှိက်လာမယ်ဆိုရင် ငါကိုအဆိုးမဆိုနဲ့"*

ဟုပြတ်ပြတ်သားသားပြောလိုက်တော့၏။

သူသည် ပြောပြီးလျှင် ခါးကြားမှ ဓားရိုးသို့လက်တင်ကာ ခြေလှမ်းကြဲကြီးဖြင့် ထွက်ခွာခဲ့၏။ ရှေ့ပေါ်သည် ဆက်လက်လိုက်ပါလာခြင်းမရှိသော်လည်း နောက်မှအော်ဟစ်ပြီး



*"ဘသော် မင်းသတိထားနေပေတော့၊ ဘိတဲဲ တဲ့ဆောက်ပွဲမှာ မင်းနဲ့မှော်တာဆော်ဒဝင် ငယ်ပေါင်းကြီးဖော်တွေလို့ အချိန်တိုအတွင်းမှာ ရင်းနှီးသွားတာ အားလုံးက အံ့သြနေကြတယ်ကွ၊ ပြီးတော့ မှော်တာဆော်ဒဝင်ဟာ အင်္ဂလိပ်အစိုးရရဲ့ ဂျာမန်ညှိနိုင်ငံတစ်နိုင်ငံနဲ့ပေါင်းနေတဲ့ စပိုင်တစ်ယောက်ဆိုတာ မင်းကိုအသိပေးလိုက်မယ်၊ စပိုင် တစ်ယောက်နဲ့ ရင်းနှီးကျွမ်းဝင်ပြီး တိတ်တဆိတ် လှုရှင်းတဲ့ ဘုရားပျက်လိုနေရာမျိုးမှာ တွေ့ဆုံကြတယ်လို့ အင်္ဂလိပ်အစိုးရသိသွားရင် ဘယ်လိုဖြစ်မလဲဆိုတာ မင်းရဲ့ ဦးနှောက်သေးသေးလေးနဲ့ စဉ်းစားကြည့်ပေတော့ဟေ့"*

ဟုပြောလေ၏။

ထိုအခါမှပင် ဘသော်သည် တုံ့ခနဲ ရပ်တန့်သွား၏။ ရှေ့ပေါ်ကမူ မြင်းကိုနှင်ပြီး အဝေးသို့ထွက်သွားပြီဖြစ်၏။ မကြာမီ ဘသော်မှာ မျက်နှာထားတင်းတင်းနှင့် စိတ်ရှုပ်ထွေးစွာ အိမ်သို့ ပြန်ရောက်လာ၏။ မြေချစ်က စိုးရိမ်ပူပန်နှင့်ဆီး၍

*"ကိုဘသော်၊ ရှင် တစ်ခုခုဖြစ်လာပြီထင်*

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ သစ်တောထဲမှာ ဘယ်သူနဲ့ရန်ဖြစ်လာ
သလဲ"

ဟုမေးမြန်းလေ၏။ ဘသော်က ကွပ်ပျစ်တွင် ဝုန်းခနဲထို
ချပြီး အံကြိတ်ကာ

"ရွှေပေါ်ပေါ့ မြကလေးရယ်၊ ဒီကောင်ဟာ
ငါ့ရင်ထဲမှာ စိုက်ဝင်နေတဲ့ ဆူးတစ်ချောင်းပဲ၊
ဒီကောင့်ကို လူ့လောကကြီးထဲက မောင်းထုတ်ချင်
နေပြီ"

ဟုပြောကာ အဖြစ်အပျက်ကို အစအဆုံးရှင်းပြသို
လေ၏။ မမြချစ်သည် မျက်လုံးကလေးအဝိုင်းသားနှင့်နားထောင်
ရင်ဘတ်ကို လက်နှင့်ဖိကာ

"ရှင်နဲ့ ပုံမျက်နှာဖြူကြီးက ကိုယ့်
အကြောင်းနဲ့ကိုယ် မထင်မှတ်ဘဲ ရင်းနှီးသွားခဲ့ကြ
တယ်၊ ဒါပေမဲ့ မျက်နှာဖြူကြီးဟာ ဘကယ်ပဲ
စပိုင်တစ်ယောက်ဆိုရင် အဲဒီအချက်ကို အခွင့်
ကောင်းယူပြီး ကိုရွှေပေါ်က ရှင့်ကိုချောက်တွန်း
မှာပေါ့"

ဟုဆိုလေ၏။ ဘသော်က ခေါင်းညိတ်၍





"ဟုတ်တယ်၊ ငါ့မှာ ပေါ့ဒီက မြကလေး
ရယ်၊ သမီးလေးရယ်သာ သံယောဇဉ်တွေမရှိရင်
ရွှေပေါ်ကို သတ်မိမှာအမှန်ပဲ"

ဟုပြောလေ၏။ မမြချစ်သည် ဘသော်နှင့်ရွှေပေါ်၏
ပြိုင်မှုကို ကောင်းစွာနားလည်၏။ ၎င်းတို့သည် ငယ်စဉ်ကတည်းက
ဘက်မိဘတို့ မသင့်တော်ဖြစ်ခြင်းမှ အမုန်းမီးပွားခဲ့၏။

ရွှေပေါ်၏အတိုး သူကြီးမင်းက ဘသော၏ဖခင်ကို ဓားပြမှု
တစ်ခုတွင် ပါဝင်သည်ဟု အထင်မှားကာ ဖမ်းဆီးခဲ့ဖူး၏။ နောင်
ချင် အပြစ်မှန်ပေါ်ပေါက်ခဲ့လေရာ အပြစ်မရှိကြောင်း ထင်ရှားသော်
သည်း သဘော်၏ဖခင်က စိတ်လိုက်မာန်ပါဖြင့် သူကြီးမင်းကို
သို့ရှင်ထိုးခဲ့မိ၏။

ကံကောင်းထောက်မသဖြင့် သူကြီးမင်းမှာ သေကံ
ရောက်ခဲ့သော်လည်း ပါးပြင်တွင် သေရာပါအမာရွတ်ကြီးတစ်ခု
ကျန်ရစ်ခဲ့၏။ ဘသော်၏ဖခင်မှာ ဓားပြမှုဖြင့် အဖမ်းမခံရသော်
သည်း သူကြီးမင်းအား ရန်ပြုမှုဖြင့် ထောင်ဒဏ်(၃)နှစ် အပြစ်ပေး
ခံရ၏။

၎င်းသည် ထောင်မှ လွတ်ရက်မစေ့မီပင် ချောင်းဆိုးသွေး
ပါရောဂါဖြင့် အသက်ဆုံးခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဘသော်သည် သူကြီးမင်းကြောင့် ဖခင်တစ်ယောက်လုံး ဆုံးရှုံးခဲ့ရသည်ကို အရွယ်မတိုင်သေးသော်လည်း ကောင်းစွာမှတ်မိနေခဲ့၏။

မိခင်မှာလည်း ဘသော်ကို ဆင်းရဲချို့တဲ့စွာ ရှာဖွေကျွေးမွေးခဲ့ရ၏။ သဘော်သည် ရိုးသားအေးဆေးသော လူငယ်တစ်ယောက်ဖြစ်သော်လည်း သူကြီးမင်းမိသားစုနှင့် ပတ်သက်လာလျှင် သည်းခံစိတ်ထား၍မရချေ။

အဆိုးရွားဆုံးက သူကြီးသားဝိဝိ တောင့်မကျိုးသော ရွှေပေါ်နှင့် မကြာခဏထိပ်တိုက်တွေ့ပြီး ရန်ပွဲများဖြစ်ပွားခဲ့၏။

ဘစ်ခါတစ်ရံတွင် ဘသော်က ရွှေပေါ်ကို အနိုင်ရသည် ရှိသလို၊ မရှုမလှ စံခဲ့ရသည်လည်းရှိ၏။

ရွာဦးကျောင်းတွင် စာလိုက်စဉ်အရွယ်ကတည်းက တစောင်းဆေးနှင့်မျက်ချေးဖြစ်ခဲ့ရာ အရွယ်ရောက်လျှင် တစ်ဘက်ရွာမှ မြို့သူပင် အရှုံးပေးရလောက်အောင် ချောမောလှပသော အပျိုချောကလေး မမြချစ်နှင့်ပတ်သက်ပြီး ရင်ဆိုင်တွေ့ကြပြန်၏။

ရွှေပေါ်သည် မမြချစ်ကို အရှုးအရူးစွဲလမ်းပြီး လူကြီးစုံရာနှင့် သွားရောက်တောင်းရမ်းခဲ့၏။ မမြချစ်၏ဖခင်မှာ ဘသော်တို့လိုပင် ဆင်းရဲသော်လည်း ရိုးသားဖြောင့်မတ်သူသာဖြစ်၏။



ဖခင်တဲ့သို့ စိတ်သဘောရှိသော မမြချစ်ကလည်း အလွှင်ရှူး သူ့မကို ချစ်ရေးဆိုထားသည့် ဘသော်ကိုသာ ရွေးချယ်ခဲ့၏။

ရည်းစားလုလု အနာကျွဲခတ်ဆိုသည့်အတိုင်း ရွှေပေါ်၏ အငြိုးအတေးက ပို၍ပြင်းထန်လာသလို သူ့အပေါ်တွင်ထားသည့် ဘသော်၏အမုန်းမီးက ပို၍တောက်လောင်ဆဲသာဖြစ်၏။

• • •

www.burmeseclassic.com

www.burmeseclassic.com



- လူနည်းနည်းပဲ စဉ်းစားတွေးခေါ်တတ်ပြီး
  စကားတွေပဲ ပြောနေတတ်တဲ့
  လူတွေက ပိုများတယ်။

မွန်တက်(စ်)ကျူး



ဘသော်သည် ရွှေပေါ်၏ငြိမ်းချောက်မှုကို မတုန်လှုပ်သော သည်း စိတ်ထဲတွင် စနိုးစနောင့်နှင့် ရှိနေခဲ့၏။

တစ်လခန့်ကြာမြင့်လာသည်အထိ မည်သို့သောထူးခြားမှုမှ ဖြစ်ပေါ်မလာခဲ့ရာ ဘသော်သည် ထိုအကြောင်းကို မေ့ပျောက်လု တော့ ဖြစ်သွား၏။

ရွှေပေါ်က သူ့ကို ဒုက္ခပေးရန် မည်သို့အကွက်ဆင်လေ သည်မသိ။ ဘသော်အတွက်မူ အလုပ်ခွင်မှပြန်လာတိုင်း တီတီ တာတာ စကားပြောတတ်နေပြီဖြစ်သော သမီးငယ် မြေးငယ်လေးနှင့် မြေးတာလေးတို့ကိုတွေ့ရလျှင် ရင်ထဲတွင် ချမ်းသာမှုအပြည့်ရှိနေလေ တော့၏။

www.burmeseclassic.com

www.burmeseclassic.com



နှိုးများသဲသဲမဲမဲရွာသွန်းသော တစ်ညတွင် ဘသော်၏တဲကလေးသို့ မထင်မှတ်ဘဲ ဧည့်သည်တစ်ဦးရောက်ရှိလာ၏။

ထိုဧည့်သည်နှင့်အတူ ဘသော်၏ဘဝအတွက် မထင်မှတ်သော အပြောင်းအလဲများလည်း တစ်ပါတည်းယူဆောင်လာလေ၏။ ထိုအချိန်၌ဘသော်သည် အိပ်ပျော်နေပြီဖြစ်၏။

ပြင်းထန်စွာရွာသွန်းသော မိုးအထဲကြောင့် သူ၏တဲကလေးမှာ လှုပ်စင်သွားမတတ် တသိမ့်သိမ့်ရှိနေစဉ် အိမ်ရှေ့မှ ဘုန်းခနဲကျယ်လောင်သောအသံက ထွက်ပေါ်လာ၏။

ဘသော်သည် အအိပ်ဆတ်သူဖြစ်သောကြောင့် ရုတ်ချည်းပင် နိုးထလာ၏။ ထို့အတူ မခြေချစ်ကလည်း

*"ကိုဘသော်၊ အိမ်ရှေ့က ဘာသံလဲမသိဘူး၊ ကွပ်ပျစ်ပေါ်ကို တစ်ခုခုပြုတ်ကျတဲ့အသံပဲ၊ သစ်ကိုင်းတွေ ဘာတွေများ ကျိုးကျသလား မသိဘူး၊ အနီးမှာလည်း သစ်ပင်မှမရှိတာ"*

ဟု ပြောလေ၏။ ဘသော်က မခြေချစ်ကို

*"နားထောင်စမ်း မြကလေး၊ ညည်းသံလိုလိုလည်း ကြားရတယ်"*

ဟု ဆိုလိုက်၏။



ကွပ်ပျစ်နှင့် သူတို့အိပ်စက်ရာမှာ ထရံတစ်ချပ်သာခြားလေရာ အနှပ်ပင် တစ်စုံတစ်ယောက်၏ညည်းညူသံကို ကြားလိုက်ရ၏။

ဘသော်က လျှပ်မြန်စွာထပြီး ရေနံဆီမီးအိမ်ကိုထွန်းညှိကာ ခေါင်းရင်းထရံတွင်ထိုးထားသော ဓါးကိုဆွဲပြီး

*"ငါ သွားကြည့်လိုက်ဦးမယ်၊ ဘာပဲဖြစ်ဖြစ် သမီးကလေး မနိုးအောင် ဂရုစိုက်ပါ"*

ဟု မှာလေရာ မခြေချစ်က စိုးရိမ်ဟန်နှင့်

*"ဖြစ်ပါ့မလားရှင်၊ ဘာမှန်းမသိ၊ ညာမှန်းမသိနဲ့၊ ဖြန်အိပ်ပါလားရှင်၊ မနက်လင်းတော့ အကြောပေါ်မှာပေါ့"*

ဟု တားလေ၏။ ဘသော်က ခေါင်းယမ်းပြီး

*"ဒီလိုနေလို့ ဘယ်ရမလဲ၊ ငါ့အိမ်ရှေ့မှာ လာပြီးညည်းတဲ့လူက လူဆိုးသူခိုး ဖြစ်နေရင် ဘယ်လိုလုပ်ပါ့မလဲ"*

ဟု ပြောကာ တံတံခါးကိုဖွင့်လေ၏။

ထိုအခါ အပြင်မှ မိုးစက်မိုးပေါက်များက သူ့ထံ လွင့်ဖျံ့လာ၏။ ထို့နောက် ရေနံဆီမီးအိမ်ကို တံခါးအကွယ်တွင်ချပြီး ကွပ်ပျစ်ထက်သို့ ကြည့်ရှုလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကွပ်ပျစ်ပေါ်တွင် စန့်စန့်ကြီးရှိနေသော လူထံမှ

*"လူကလေး ဘသော်၊ ကျွပ်… ကျွပ်ပါ၊*

*မင်းရဲ့မိတ်ဆွေ မစ္စတာအော်ဒဝင်ပါ"*

ဟူသော စကားသံထွက်ပေါ်လာ၏။

ဘသော်သည် မျက်လုံးပြူးကျယ်ကာ တအံ့တဩနှင့် တဲပေါ်မှ ခုန်ချ၍ ကွပ်ပျစ်အနီးရောက်လာပြီး

*"ဘယ်လိုဖြစ်တာလဲ၊ ခင်ဗျား ဘာဖြစ်လာတာလဲ"*

ဟု မေးမြန်းရင်းပင် မျက်နှာဖြူကြီးအား ထူမလေ၏။

မျက်နှာဖြူကြီးမှာ စကားကိုပင် ကောင်းစွာပြောနိုင်ဟန်မတူဘဲ တစ်ကိုယ်လုံးတုန်ယင်ပြီး ညည်းသံသာထွက်ပေါ်လာ၏။

ဘသော်က မျက်နှာဖြူကြီး တဲပေါ်သို့ပို့ကာ ဖျာတစ်ချပ်တွင် လဲလျောင်းနေစေ၍ တံခါးကိုပိတ်လိုက်၏။

မမြချစ်က မျက်နှာဖြူကြီးကို ကြည့်ပြီး မျက်လုံးကလေး ကလယ်ကလယ်နှင့် ရှိနေ၏။ သမီးကလေးမှာမူ အိပ်၍ကောင်းတုန်း ရှိ၏။

ဘသော်သည် တစ်ကိုယ်လုံး မိုးရေတို့နှင့် ရွှဲရွှဲစိုနေသော မျက်နှာဖြူကြီးအား ခြောက်သွေ့သောအဝတ်အထည်များနှင့်





လဲလှယ်ပေးရန် စဉ်းစားမိပြီး

*"မမြချစ်… ဒီလူကြီးဟာ ငါပြောခဲ့ဖူးတဲ့ မျက်နှာဖြူကြီးပဲ၊ ဘယ်လိုလုပ်ပြီး တို့အိမ်ကို ရောက်လာသလဲ မသိဘူး၊ သူ့အတွက် အိမ်ပေါ်က မီးဖိုမှာ ရေနွေးအိုးတစ်အိုးလောက် အမြန်တည်ပေးစမ်းပါ၊ ငါက သူ့ကို အဝတ်လဲပေးမယ်"*

ဟု နိုင်းစေလိုက်၏။

ဘသော်သည် မျက်နှာဖြူကြီး၏ကုတ်အင်္ကျီကို ချွတ်လေရာ အတွင်းအိတ်ထဲမှ ခြောက်လုံးပြူးတစ်လက်နှင့် ယမ်းတောင့် (၅၀)ခန့်ပါသော ကျည်ဆန်ဘူးကို တွေ့ရ၏။

ထို့အပြင် အတွင်းရှပ်အင်္ကျီကိုချွတ်လေရာ ပိုးကြိုးတစ်ခုနှင့် စလွယ်သိုင်း၍လွယ်ထားသော ကတ္တီပါအိတ်ရှည်ကလေးတစ်ခုကို တွေ့ရပြန်၏။

ဘသော်သည် ထိုအိတ်ကလေးကို ဖွင့်၍ပင်မကြည့်ဘဲ မျက်နှာဖြူကြီးအား အဝတ်အစားများ လဲလှယ်ဝတ်ဆင်ပေးလိုက်တော့၏။

ပို၍နွေးထွေးစေရန် စောင်တစ်ထည်နှင့်ပါ လွှမ်းခြုံပေးလိုက်၏။ ထိုအခါမှပင် မျက်နှာဖြူကြီး၏မျက်လုံးအစုံ ဖျတ်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



ပွင့်လာပြီး

"လူကလေးကို ကျွန်ုပ် ကျေးဇူးတင်ပါတယ်၊ ကျွန်ုပ် သတိကင်းလွတ်မသွားပါဘူး၊ လာခဲ့ရတဲ့ ခရီးက ကြမ်းတမ်းပင်ပန်းလွန်းလို့ အားအင်ချည့်နဲ့ပြီး မှိန်းနေမိတာပါ"

ဟု ပြောလေ၏။ ဘသော်က မျက်နှာရွှင်ပျပြီး

"ကျွန်ုပ် ခင်ဗျားအတွက် စိုးရိမ်နေတာပါ၊ ကျွန်ုပ်အတွက်ကို ကျေးဇူးတင်စရာမလိုပါဘူး၊ ကျွန်ုပ်တို့ဟာ အချိန်တိုအတွင်းမှာ ခင်မင်ခဲ့တဲ့ မိတ်ဆွေတွေပဲ၊ ခင်ဗျားကို စောင့်ရှောက်ဖို့ ဝတ္တရား ရှိပါတယ်"

ဟု ဆိုလေရာ မျက်နှာဖြူကြီးက လက်ကာပြပြီး

"ကျွန်ုပ်အတွက် လူကလေးမှာ ဒုက္ခတွေ ပိုလာလိမ့်မယ်၊ ဒါ့အပြင် မထင်မှတ်တဲ့အန္တရာယ် တွေ ကြုံလာရလိမ့်မယ်၊ ကျွန်ုပ်ဟာ မလွှဲသာ မရှောင်သာအဖြစ်ကြောင့် လူကလေးဆီကို ရောက်လာတာပါ၊ ဒီမှာဆေးရပြီး ကျွန်ုပ်ထွက် သွားရမယ်၊ ကျွန်ုပ်နောက်မှာ အန္တရာယ်တွေက



ထက်ကြပ်မကွာလိုက်လာနေတယ်"

ဟု ပြောကာ မောပန်းသွားဟန်နှင့် မျက်လုံးကိုမှိတ်ကာ အနားယူလေ၏။ ဘသော်က မျက်မှောင်ကြုတ်ပြီး စိတ်တွင်းမှ

"ဒီလူကြီးဟာ ရွှေပေါ်တောအရ ကာလ ကတ္တားမှာ အရှုပ် အနှောင်နဲ့နေရတယ်လို့ ငါသိထားတာပဲ၊ ဘာကြောင့် အဲဒီလိုလူက ငါ့အိမ်ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာရ တာလဲ၊ ရောက်လာပုံကတော့ တော်တော်ထူး ဆန်းတယ်"

ဟု တွေးမိ၏။ ထိုအချိန်၌ မဖြူချစ်ထံမှ ရေနွေးရပြီဖြစ်လေ ရာ ဘသော်က မျက်နှာဖြူကြီးကို

"ကျွန်ုပ်အိမ်မှာ ဆေးနီကျော်ဆိုတဲ့ ငန်းဆေး မှုန့်တွေတော့ရှိတယ်၊ အဲဒါကို ရေနွေးပူပူနဲ့ သောက်လိုက်ရင် အဖျားရောဂါပျောက်တယ်ဗျ"

ဟု ဆေးတိုက်လေ၏။ မျက်နှာဖြူကြီးက ထိုင်ပြီး ဆေး သောက်ကာ

"ဒီဆေးက တကယ်စွမ်းပါတယ်၊ ကျွန်ုပ်က မြန်မာဆေးတွေအကြောင်း၊ ပရဆေးပင်တွေ

www.burmeseclassic.com

အကြောင်း လေ့လာနေသူဆိုတော့ ဆေးစွမ်းကို နားလည်ပါတယ်၊ ကဲ... လူကလေး၊ ကျုပ် ခဏ လောက် အနားယူလိုက်တာ အားပြည့်သွားပြီ၊ လူကလေးရဲ့ အဝတ်အစားတွေကိုပဲ ငှားသွားရ တော့မှာပဲ၊ ကျုပ် ခရီးဆက်ဦးမယ်"

ဟု ဆိုင်းမဆင့် ဗုံမဆင့်ပြောလေရာ မြေချစ်က မျက်လုံး ကလေးပိုင်းပြီး

"အို... ဘယ်ဖြစ်မလဲ၊ ဒီလို မိုးရေထဲမှာ သွားလာရင် ဖျားပြီး ဒုက္ခတွေ့မှာပေါ့"

ဟု ဟန့်တား၏။ ဘသော်က ခေါင်းညိတ်ပြီး

"ကျုပ်အိမ်မှာ ခင်ဗျား အဆင်ရှိအောင် ကောင်း ကောင်းအနားယူပြီးမှ ခရီးဆက်ပါ၊ ခင်ဗျားပုံစံက ကောင်းကောင်းလည်း မကျန်းမာတော့ ဘယ် လောက်ပဲ အရေးကြီးတဲ့ကိစ္စရှိရှိ အားမရှိရင် ဘာမှလုပ်လို့ မရပါဘူး"

ဟု ပြောလိုက်၏။ မျက်နှာဖြူကြီးကမူ ဆုံးဖြတ်ချက်ချပြီး ဟန်နှင့်

"ကျုပ် ကျေးဇူးတင်ကြောင်း ထပ်ပြော



ပါရစေ၊ ဟောဒီက မိန်းကလေးဟာလည်း တကယ်ကို စိတ်သဘောထားကောင်းပါပေတယ်၊ လူကလေးတို့အိမ်ရဲ့တစ်ခေါ်သာသာမှာ ချောင်း ကလေးတစ်ခု ရှိတယ်မဟုတ်လား၊ ကျုပ်ကို အဲဒီနေရာရောက်အောင်လိုက်ပို့ဖို့ အကူအညီ တောင်းရမှာပဲ၊ အဲဒီကမှတစ်ဆင့် လှေကလေး တစ်စီးငှားပြီး ခရီးဆက်ရမယ်၊ ကျုပ်ကို တားပါနဲ့၊ ကျုပ် မဖြစ်မနေ ဒီက ထွက်ခွာရမယ်"

ဟု ဆိုလေ၏။ ဘသော်က ခေါင်းမာလှသည့်လူကြီးကို ကြည့်ပြီး သက်ပြင်းချကာ

"လှေဆိုတာ ကိုယ့်အကြောင်းနဲ့ကိုယ် ရှိကြ တာပဲလေ၊ ကျုပ် မတားတော့ပါဘူး၊ အဲဒီချောင်း ကလေးမှာ လှေတော့ အလွယ်တကူ ရမှာမဟုတ် ဘူး၊ ကျုပ်တို့ရွာက ငါးရှာသားရှာ ဝါသနာပါတဲ့လူ တစ်ယောက်က ချောင်းထဲမှာ တစ်ခါတစ်ရံ အသုံးပြုဖို့လုပ်ထားတဲ့ ဖောင်ကလေး တစ်ခုတော့ ရှိပါတယ်"

ဟု ပြောလိုက်ရာ

www.burmeseclassic.com



"ဟုတ်ပြီ၊ အဲဒီတောင်နဲ့ဆိုရင်လည်း အဆင်ပြေပါတယ်၊ ကျုပ်အတွက် လမ်းစရိတ်မှာသွားလော စိုးမပူပါနဲ့၊ ကျုပ် ဒီနယ်မြေရဲ့မြေပုံကို လှန်ခဲ့တဲ့ ရက်ကာဝဲ အလွတ်ကျက်ထားတာပါ၊ အဲဒီချောင်းက တောင်နှီတောင်ဘက်ကိုကွေ့ဝိုက်ပြီး စီးသွားတာမဟုတ်လား၊ ကျုပ်သွားချင်တာ တောင်နှီတောင်က ရွာလေးတစ်ရွာကိုပဲ"

ဟု ပြောဆိုလေတော့၏။

ထိုနောက် မျက်နှာဖြူကြီးသည် မူလကလိုမဟုတ်တော့ဘဲ တက်တက်ကြွကြွနှင့် ဖြစ်လာကာ သေနတ်နှင့် ယမ်းတောင့်များကို အိတ်တွင်းသို့ထည့်ပြီး ကတ္တီပါအိတ်ရှုလေးအား မြရှုစ်ထံ လှမ်းပေးကာ

"မိန်းကလေးတို့ဒီသားရကို ကျုပ်က ကျေးဇူးဆပ်တာပါ၊ မငြင်းဆယ်ပါနဲ့၊ တကယ်တော့ ဒီမှာ ကျုပ် ဝေတာများနှင့်ရလိုက်တာဟာ ကျုပ်အတွက် အသက်ဆက်ဖို့ အချိန်ရလိုက်တာပါပဲ၊ ကဲ… မောင်ဘသော်၊ ကျုပ်တို့သွားကြစို့"

ဟု ခေါ်လေ၏။



ထိုအခါ ဘသော်သည် ဝါးအတ်ခေါက်ကြီးတစ်လုံးကို မျက်နှာဖြူကြီးထံပေးပြီး သူလည်း အခြားခေါက်တစ်လုံးကို ဆောင်းလိုက်တော့၏။

မကြာမီ မိုးရေထဲတွင် စမ်းတဝါးဝါးထွက်ခွာသွားသော ဘသော်တို့ကို မိုးရိပ်မိတ်ဖြင့်ရှိနေသော မြရှုစ်သည် လက်တွင်းမှ အရာကလေးထဲ အကြည့်ရောက်သွား၏။

ထိုအရာကလေးက မျက်နှာဖြူကြီးပေးထားခဲ့သော ကတ္တီပါအိတ်ရှုကလေးဖြစ်၏။

အိတ်ကလေးက အနည်းငယ်လေးလံ၏။ အိတ်ကိုဖွင့်လိုက် ရှုင်ပင် အတွင်းမှ ရေနံဆီမီးအိမ်အလင်းရောင်နှင့် ပြိုးပြိုးပြက်ပြက် အရောင်လက်သွားသော ရွှေဒင်္ဂါးများကို တွေ့လိုက်ရ၏။

ရွှေဒင်္ဂါးများမှာ တစ်ကျပ်သားတိတိ အလေးချိန်ရှိသော ကျူးခေါင်းတံဆိပ် နှစ်ထပ်ဒင်္ဂါးများသာဖြစ်၏။ မြရှုစ်သည် ရှုံ့သင့်မှာနှင့် ရွှေဒင်္ဂါးများကို ရေတွက်ကြည့်ပြီး အိမ်မက်မက်သူလို ယောင်ယမ်းကာ နှုတ်မှ

"ရွှေဒင်္ဂါးတွေ အပြား(၃၀)တောင်ရှိပါလား၊ ဒီလောက် အဖိုးတန်တဲ့ဟာတွေကို ဘာကြောင့်များ မျက်နှာဖြူကြီးက ပေးခဲ့တာပါလိမ့်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ရေရွတ်မိ၏။

ဘသော်သည် ဝင်ကိုယ်အားဖြင့် အေးအေးနေတတ်သူသာ ဖြစ်၏။ သူ၏ခေါင်းထဲတွင် မျက်နှာဖြူကြီးနှင့်ပတ်သက်သော ပဟေဠိများက ပြည့်ကျပ်နေ၏။

သို့သော် သူသည် အခြားသူတစ်ယောက်၏အတွင်းရေး အား စူးစမ်းမှုမှာ ရိုင်းပျရာကျသည်ဟု ခံယူထားလေရာ မျက်နှာဖြူ ကြီးအား ချောင်းကလေးသို့ လိုက်လံပို့ဆောင်ရင်း မည်သည့်မေးခွန်း မျိုးကိုမျှ မမေးမြန်းခဲ့ချေ။

မျက်နှာဖြူကြီးမှာလည်း အင်အားနည်းပါးနေလေရာ လမ်း ကိုပင် ကြိုးစားလျှောက်လှမ်းနေရဟန်တူ၏။

၄င်းကို ဘသော်က မကြာခဏဖေးမပြီး သွားလာရ၏။ ဤသို့ဖြင့် သူတို့သည် ချောင်းကမ်းနံဘေးသို့ ရောက်ရှိလာကြ၏။

ချောင်းရေက အရှိန်အဟုန်နှင့် တဝေါဝေါစီးဆင်းနေ၏။ ကမ်းနဘေး ရွံ့မြေစပ်စပ်တွင် ဆွဲတင်ထားသော သစ်လုံးဖောင်တစ်စ ကို အသင့်ပင်တွေ့ရ၏။

ဖောင်အနီးတွင် တောင့်တင်းခိုင်မာသော ထိုးဝါးတစ် ချောင်းက စိုက်လျက်သားရှိ၏။ ကောင်းကင်တွင် မိုးသားများ အုပ်ဆိုင်းကာ ဝင်းမဲ့ လက်စမဲ့ဖြစ်သွားသော လျှပ်ရောင်ကလေးဖြ



အားကိုးပြီး မျက်နှာဖြူကြီးသည် မည်သို့ခရီးဆက်မည်မသိချေ။

၄င်း၏ခရီးက အန္တရာယ်များပြားမည်ကတော့ သေချာနေ ၏။ မျက်နှာဖြူကြီးက ဖောင်အနီးသို့ရောက်လျှင် မိုးသံလေသံကြား မှ အော်ဟစ်ပြီး

*"လူကလေး… သွားပေတော့၊ မင်းတို့ မိသားစုကို ငါ တစ်သက်မေ့တော့ပါဘူး၊ မင်းတို့နဲ့ နောက်တစ်ကြိမ်တွေ့ဖို့ အခွင့်အရေးရပါတော့ မလား မသိဘူး၊ မင်းကို ဘုရားပျက်ကြီးနံဘေးမှာ ပြောခဲ့ဖူးတဲ့ ကျောက်မျက်လုံးရဲ့ စိတ်ဝင်စားစရာ အကြောင်းကို ဆက်ပြီးပြောဖို့ ကျွပ် ဆန္ဒရှိပါ သေးတယ်၊ ကဲ… သွားပေတော့ လူကလေး ဘသော်၊ အိမ်မှာ မိန်းကလေးက မင်းကို မျှော်နေ ရောမယ်"*

ဟု နှုတ်ဆက်၏။ ဘသော်လည်း မျက်နှာဖြူကြီးကို

*"ချောင်းက ရေစီးကြမ်းတယ်၊ တစ်ညလုံး ခရီးနှင်ပြီးမှ ခင်ဗျားသွားချင်တဲ့ တောင်နီတောင် မြေကျွန်းကလေးကို သွားတဲ့လမ်းကို ရောက်မယ် ထင်တယ်၊ ဂရုစိုက်ပြီးသွားပါဗျာ"*

www.burmeseclassic.com

www.burmeseclassic.com



ဟု မြန်မြန်နှုတ်ဆက်ကာ ထိုနေရာမှ ချာခနဲ လှည့်ထွက်ခဲ့တော့၏။

မည်သို့ပင်ဖြစ်စေ ဘသော်၏စိတ်တွင်း၌ မိတ်ဆွေတစ်ယောက်၏ အလိုဆန္ဒကို ဖြည့်စွမ်းပေးလိုက်နိုင်၍ ကျေနပ်နေလေ၏။

ဘသော်သည် သွားလာရင်း အိမ်အနီးသို့ ရောက်ရှိလျှင် သူ၏တဲကလေးအနီးတွင် မိုးရေထဲ၌ အောက်လင်းမီးအိမ်ကြီးများ ထွန်းညှိပြီး လူများစုရုံး စုရုံးဖြစ်နေသည်ကို မထင်မှတ်ဘဲ တွေ့လိုက်ရ၏။

ထိုအခိုက် တဲအတွင်းမှ မမြချစ်၏ စူးစူးဝါးဝါးအော်ဟစ်သံနှင့် သမီးငယ်၏ ငိုကြွေးလိုက်သံကို ကြားရပြန်၏။ ဘသော်သည် ခြေထောက်နှင့်မြေကြီး ထိသည်ဟုမထင်မှတ်ရဘဲ လူများကြားမှ တိုးဝှေ့ပြီး တဲ၏ကြမ်းပြင်သို့ ဝုန်းခနဲခုန်တက်လိုက်၏။

မြင်ရသောမြင်ကွင်းက ဘသော်၏ဒေါသကို ထိန်းချုပ်နိုင်စွမ်း မရှိချေ။ သူ၏တဲရှေ့တွင် တစ်ရွာလုံးရှိလူများ စုပြုံရောက်ရှိနေ၏။

ကျဉ်းမြောင်းလှသော တဲကလေးပေါ်၌လည်း တဲပြိုကျလုမတတ် သူကြီးမင်း၊ ရွှေပေါ်နှင့် ကာကီရောင်ယူနီဖောင်းဝတ် ပုလိပ်



များကို လက်နက်အစုံအလင်နှင့် တွေ့ရ၏။

မမြချစ်သည် ကြမ်းပြင်တွင် ခွေခွေကလေးလဲကျကာ ငိုကြွေးနေသော သမီးငယ်ကို ကျစ်ကျစ်ပါအောင် ဖက်ထား၏။

မမြချစ်၏နှုတ်ခမ်းထောင့်စွန်းမှ သွေးတို့စီးကျလျက်ရှိလေရာ ဘသော်က ဓါးကိုဆုပ်ကိုင်ပြီး

*"ခင်ဗျားတို့ ကျုပ်ရဲ့မြကလေးကို ဘာလုပ်လိုက်တာလဲ၊ ကျုပ် တစ်ယောက်မှအရှင်မထားဘူး"*

ဘသော်ကို မြင်လိုက်စဉ်ကတည်းက သူကြီးမင်းနှင့် ရွှေပေါ်မှာ တဲထောင့်သို့ ကပ်သွား၏။ ပုလိပ်များကမူ အသင့်အနေအထားနှင့်ရှိနေလေရာ ဘသော်၏လက်ထဲမှဓါးကြောင့် သေနတ်များကို တချောင်းချောင်းနှင့် မောင်းတင်ပြီး ရာဇဝတ်ချုပ်ဖြစ်ဟန်တူသူက

*"ဟေ့ကောင်… လက်နက်ချစမ်း"*

ဟု အမိန့်ပေး၏။

ဘသော်တမူ မျက်လုံးမှ မီးဝင်းဝင်းတောက်မတတ်ဖြစ်ကာ ဓါးမကို ဝှေ့ယမ်းပြီး နီးရာပုလိပ်တစ်ယောက်ကို ခုတ်ပိုင်း၏။

ထိုသူမှာ သတိရှိဟန်နှင့် ရှောင်တိမ်းစဉ် အခြားပုလိပ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က ဘသော်၏နောက်ကျောကို သေနတ်ဒင်နှင့် မိတ်ဆက်ပေးလိုက်၏။

ဘသော်မှာ လူတစ်ခြား၊ ဓါးတစ်ခြားဖြစ်ပြီး ကြမ်းပြင်သို့ ဝုန်းခနဲပြိုလဲသွား၏။ မမြချစ်၏ အထိတ်တလန့်နှင့် အော်ဟစ်သံက ပေါ်ထွက်လာသော်လည်း လက်ယဉ်နေသော ပုလိပ်များ၏လက်စွမ်း ပြမှုကို ဘသော်မှာ မရှုလေ့စရပြီး ချုပ်နှောင်ခြင်းခံလိုက်ရ၏။

ထိုအခါမှပင် သူကြီးမင်းက နှစ်လုံးပြူးနှင့် ဘသော်၏ နားထင်ကိုထောက်၍

"ဘသော်… မင်းကို အင်္ဂလိပ်အစိုးရ အလိုရှိနေတဲ့ ပရန်ဂြေတစ်ယောက်ကို ကူညီအား ပေးမှုနဲ့ ဖမ်းလိုက်ပြီ၊ ဟောဒီက ရာဇဝတ်ဝန်မင်းကို ပုလိပ်အဖွဲ့နဲ့အတူ အထူးစုံထောက်တွေလည်း ပါ လာတယ်"

ဟု ပြောလေ၏။ ထိုအခါ အရပ်ဝတ်နှင့်လူတစ်ယောက် က စီးကရက်ကိုမီးညှိကာ

"ဟဲ… သူကြီး၊ သူတို့တစ်မိသားစုလုံးကို သူကြီးမင်းရဲ့အိမ်မှာပဲ လောလောဆယ် ချုပ်နှောင်ပြီး စောင့်ထားရမယ်၊ သူတို့ကို ခေါ်ခဲ့ပေတော့"



ဟု အမိန့်ပေးလေ၏။ ဘသော်က ရုန်းကန်ပြီး

"ကျုပ်မိန်းမနဲ့ကလေးက ဘာဆိုင်လို့လဲဗျ၊ အပြစ်ရှိတယ်ဆိုရင် ကျုပ်ကိုပဲဖမ်းစမ်းပါ"

ဟု အော်ဟစ်လိုက်၏။ ရှေ့ပေါ်ကဝင်ပြီး စုံထောက်ကို မျက်နှာလိုမျက်နှာရနှင့်

"ရာဇဝတ်မှုပတ်သက်လာရင် ဥပဒေက ယောက်ျား မိန်းမ ခွဲခြားမနေပါဘူး၊ ဟုတ်တယ်နော် ကိုမြဇော်"

ဟု ပြောလေရာမြဇော်ဟူသော စုံထောက်က ခေါင်း ညိတ်ပြီး

"သိပ်မှန်တာပေါ့၊ ဒီတရားခံတွေအားလုံး ဖမ်းခေါ်ခဲ့ပေတော့"

ဟု ဆိုလေ၏။

ဘသော်တို့၏အဖြစ်အပျက်ကို တစ်ရွာလုံး မိုးရေထဲတွင် အထူးအဆန်းအနေနှင့် ဝိုင်းဝန်းကြည့်ရှုနေကြရာ သူကြီးက မောင်း ထုတ်လိုက်မှပင် လူကွဲသွား၏။

မကြာမီ ဘသော်တို့မိသားစုသည် တစ်ကိုယ်လုံး မိုးရေ နှင့် ရွှဲနစ်ရင်း သူကြီး၏ခြံတံရှည်အိမ်ကြီး အောက်ထပ်ရှိ တိုင်လုံး

www.burmeseclassic.com

www.burmeseclassic.com



တစ်လုံးစီတွင် ကြိုးနှင့်တုပ်နှောင်ခံထားရ၏။

သခင်ငယ် မြေမြွယ်မှာမူ ချုပ်နှောင်ခြင်းမခံရသော်လည်း မျက်နှာငယ်ကလေးနှင့် မိခင်အနီးသို့ တိုးကပ်ရ၏။

ထို့နောက် မုဆိုးကြီးမြွေဗွာ ဘသော်နှင့် မျက်နှာချင်းဆိုင်ပြီး ဒေါင်းသိမ်းစိတ်ထဲသို့ လက်နှိုက်ကာ ဟန်ပါပါနှင့်

*“ဘသော်... ငါ့အချုပ်အနှောင်မှာကို ဂုဏ်ပြု မြေမြွယ်ရှိရင်တော့ မင်းတို့ကို ဆက်ရှောက်သွားမြှင့် အောင် လုပ်ပေးနိုင်တယ်၊ ဒါမှမဟုတ်ရင်တော့ မင်းတို့လင်မယားနှစ်ယောက်စလုံး ထောင်ထဲမှာ အချိန်ကုန်သွားရမှာပဲ၊ ငါပြောတာ နားလည်တယ် နော်၊ ဟဲ... မျက်နှာဖြူကြီး မှုတောထောင်ဝင်ကို မင်း ဘယ်လိုအကူအညီပေးလိုက်သလဲ၊ သူ ဘယ်ကိုသွားတာလဲ”*

ဟု မေးမြန်း၏။ ဘသော်မှာ နှုတ်ပိတ်လျက်သာရှိ၏။ မြေမြွယ်ကမူ နှုတ်ခမ်းကိုကိုက်ပြီး

*“ကိုဘသော်... ကျွန်မတို့ကြောင့် သူ တစ်ပါး ဒုက္ခရောက်မယ်ဆိုရင် ဘာမျှမပြောနဲ့”*



ဟု ရဲရင့်စွာပင် ဟန့်တား၏။ ထိုအခါ အနီးရှိ ရာဇဝတ်အုပ်က မြေမြွယ်၏ပါးကို ဖြန်းခနဲရိုက်ပြီး

*“နင်တို့က သူ့ရဲ့ကောင်းစားတော်ပင်ချင်နေတာလား၊ ဒီလူကြီးရဲ့ ပြစ်မှုက ဘယ်လောက်ကြီး ကျယ်သလဲဆိုတာ နင်တို့ မသိဘူးလား၊ အားလုံး ကြိုးစင်ကိုရောက်ကုန်မယ်”*

ဟု ကြိမ်းဝါး၏။

ဘသော်သည် ဇနီးသည်၏အဖြစ်ကြောင့် အသားများ တဆတ်ဆတ်တုန်ကာ မေးကြောကြီးများ ထောင်ထလာအောင် အံကြိတ်မိ၏။

သူသည် အခြေအနေကို ကောင်းစွာဆင်ခြင်မိပြီ ဖြစ်၏။ သူ့အတွက် မျက်နှာဖြူကြီးကို ကူညီမိသည့်အတွက် ကြိုးစင်တက်ရပါစေ၊ ဂရုစိုက်စရာမဟုတ်သော်လည်း မြေမြွယ်နှင့် သခင်ငယ်မှာ အပြစ်မဲ့သူများသာ ဖြစ်၏။

ထို့ကြောင့် ဘသော်က

*“ဒီမှာ ကျုပ်ပြောမယ်၊ မှုတောထောင်ဝင်ဟာ ကျုပ်ရဲ့ နှီးရင်းသားသား မင်းဆွေနဲ့တယ်၊ ဒီညလည်း ကျုပ်အိမ်ကို ထောင်မှတ်ဘဲ ရောက်လာခဲ့လို့*

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တို့လင်မယား အံ့သြခဲ့ကြတယ်၊ သူ့ကို ကျွန်က အိမ်ကို အလည်အပတ်တောင် တစ်ခါမှမခေါ်ခဲ့ဘူးပေမဲ့ သူက ကျွန်အိမ်ကို တန်းတန်းမတ်မတ် ရောက်လာခဲ့တယ်၊ သူဟာ ခရီးပန်းပြီး အားပြတ်နေလို့ ကျွန်က အဝတ်အထည်တွေ လဲလှယ်ဝတ်ပေးပြီး အနားယူနိုင်းခဲ့တာတောင် မရဘူး၊ ချက်ချင်း ခရီးထွက် ဖို့ပြင်တယ်၊ ကျွန်တို့ချင်း စကားများများပြောဖို့တောင် အချိန်မရှိဘူး၊ ဒါကြောင့်ကျွန်လည်း သူ့ဆန္ဒအတိုင်း ရွာရဲ့ အလှမ်းမဝေးတဲ့ ချောင်းကို ချက်ချင်းလိုက်ပို့ရတယ်၊ အဲဒီကတစ်ဆင့် သစ်ဖောင်နဲ့ ခရီးဆက်သွားပြီ၊ ဘယ်ကိုသွားမယ်ဆိုတာ ကျွန်မသိဘူး။ ကျွန်သိသမျှတော့ ဒါအကုန်ပဲ၊ ခင်ဗျားတို့ ညဉ်းပန်းပြီး မေးလည်း ဒီလောက်ပဲ သိရမှာပဲ”

ဟု ပြောလိုက်တော့၏။ စုံထောက်မြရွှေက လက်ဝါးကို ဖြန့်၍ လက်သီးဆုပ်နှင့်ရိုက်ကာ

“တောက်... တို့ နည်းနည်းလေးနောက်ကျသွားပြီ၊ ဒို့က ဒီလူကြီး သစ်တောဘက်ဝင်မယ်



ထင်ပြီး သစ်စခန်းကို ကြိုရောက်သွားလို့ တော့လွဲကလေး လွဲသွားတယ်”

ဟု ရေရွတ်၏။ ထို့နောက် စုံထောက်မြရွှေက ရာဇဝတ်အုပ်ကို

“ကျွန်တို့ တရားခံနောက်ကို ညတွင်းချင်း လိုက်ရမယ်၊ တရားခံခိုနေသွားတဲ့ ဘသော်ရဲ့တဲက တွေ့တဲ့ သူ့ရဲ့အဝတ်တွေကိုပါ ရှာဖွေသိမ်းဆည်းပြီး သိမ်းပါ၊ အမှုကကြီးတော့ ကျွန်တို့ အားလုံးကို စေ့စေ့စပ်စပ် လုပ်နိုင်မှဖြစ်မယ်”

ဟု ညွှန်ကြား၏။

မကြာမီ သူကြီးမင်းနှင့်အတူ စုံထောက်မြရွှေ ဦးဆောင်ကာ ပုလိပ်များ ထွက်ခွာသွားကြ၏။ သူကြီးအိမ်တွင် ပုလိပ်တစ်ယောက်က ဘသော်တို့ကို စောင့်ကြပ်ရန် ကျန်ရစ်ခဲ့၏။

ရွှေပေါ်ကမူ ပက်လက်ကုလားထိုင်တစ်လုံးတွင်ထိုင်ကာ ဘသော်တို့ကို စိမ်ပြေနပြေကြည့်ရင်း

“ဘသော်... တရားခံက ဝေးဝေးမပြေးနိုင်ပါဘူးကွာ၊ ချောင်းရဲ့အထက်ဘက်က တံငါရွာကလေးမှာ တံငါလေ့တွေ အသင့်ရှိနေတာပဲ

www.burmeseclassic.com

www.burmeseclassic.com



ကိုမြအေးဆိုတဲ့ကောင်က တော်တော်လေး
ထက်မြက်တယ်ကွ၊ မျက်နှာကြီးကို ထက်ကြွပ်
မကွာ ရှေ့ရောက်လိုက်လာနိုင်တာပဲ ကြည့်တော့၊
ဟဲဟဲ... ဒီနေ့ခေတ်တော့ ငါ့အတွက် အရင်းရှင်
ဆုံးနေ့ပဲလို့ ပြောရမှာပဲ”

ဟု မရှိသာ မခံသာဖြစ်အောင် ပြောဆိုနေလေတော့၏။

● ● ●

BURMESE CLASSIC .com



● အကျင့်သီလဆိုတာ
လူရဲ့ ထံကြွမှာပါ။

ဒိုဗာလစ်(မ)

www.burmeseclassic.com

www.burmeseclassic.com



စုံထောက်မြသွေးနှင့် ပုလိပ်အဖွဲ့သည် သူကြီးမင်းကိုပါ ခေါ်ဆောင်ကာ မျက်နှာဖြူကြီးနောက်သို့ ချောင်းရိုးအတိုင်း လိုက်သွားကြချေပြီ။

ရွှေပေါ်မှာမူ အစောင့်ပုလိပ်နှင့် အရက်ဝိုင်းဖွဲ့ရင်း ဘသော်တို့ကို လှောင်ပြောင်နေသဲသာရှိ၏။ ရွှေပေါ်၏မိခင်နှင့်နေမှာ အိမ်အပေါ်ထပ်၌ မြတင်ဟူသောကလေးကို ဆုံးမနေလေ၏။

ရွှေပေါ်၏မိခင်က

"ဒီမှာ မြေးကလေး၊ ဆောက်မှာ ဘသော်တို့ကိုဖမ်းထားတာ တွေ့တယ်မဟုတ်လား၊ ဆဲါ



ရာဇဝတ်သားနဲ့ပေါင်းလို့ ဖမ်းထားတာပဲ၊ လူကလေးလည်း အဲဒီလိုမကောင်းတဲ့ ရာဇဝတ်သားတွေကို ဝေးဝေးရှောင်ရမယ်၊ အပေါင်းအသင်း မလုပ်ရဘူး။ မှတ်ထားချော်"

ဟု ပြောလေ၏။ မြတင်ဟူသော ကလေးက ခေါင်းကုတ်ပြီး

"အဖေလည်း တစ်ခေါက်ရွာက လူမိုက်ခေါင်းကြီးတို့၊ သူခိုး ဦးဝေသီးတို့နဲ့ပေါင်းပြီး အရက်တွေသောက်တာပဲ အဖေကြီးရဲ့၊ လူမိုက်ခေါင်းကြီးဆိုရင် ထောင်တောင်ကျဖူးတယ်လို့ ကျွန်တို့စာရင်းငှား ဦးဖိုးထောင်က ပြောတယ်"

ဟု ဆိုလေရာ မိခင်က ရင်ဘတ်ကို လက်နှင့်ဖိပြီး

"ဟယ်... နှင်အဖေကြီးကျွာရင် အသတ်ခံရလိမ့်မယ်၊ အဖေကြီးက ဒီလူတွေနဲ့ အလုပ်သဘော အရောက်ဆံနေတာသာရဲ့"

ဟု ပြောဆိုလေ၏။

ထိုအခါ မြတင်က ခေါင်းယမ်းပြီး

"ကျွန်တော်လည်း အလုပ်သဘောအရပေါင်း

www.burmeseclassic.com

www.burmeseclassic.com



*မှာပေါ့၊ အခုပဲ ပြောပြီးတော့ ကျုပ်က သူကြီး ဖြစ်မှာဆို၊ သူကြီးဆိုတာ အတိုးလို နှစ်လုံးပြူး ကိုင်ပြီး လူတွေကိုအော်ရမှာမဟုတ်လား၊ ဒါမျိုးကို ကျုပ်လုပ်တတ်ပါတယ်၊ ကျုပ်ကိုခံပြောတဲ့လူ တွေကို ထိတ်တုံ့မှုခံတော်တာ ခံချင်လို့လားလို့ ပြော မှာပေါ့"*

ဟု ဆိုပြန်၏။

ဘွားအေကြီးက မျက်နှာကိုမဲ့ရွဲ့ပြီး

*"တော်ပ၊ ကိုတာတ်ပကလေး၊ အတိုးတွေ၊ အပေတွေထက် လက်ဆောင်းထက်မှဲပဲဘာကလေး"*

ဟု ချိုးနှိမ်းလေ၏။

၄င်းတို့သည် ထိုကဲ့သို့ တောင်စဉ်ရေမရ စကားများပြောဆို နေစဉ် ပြတင်းတံခါးမှ တစ်စုံတစ်ယောက်က အခန်းတွင်းသို့ ကျော်လွှားဝင်ရောက်လာသည်ကို သတိမပြုမိကြချေ။

ထိုသူသည် အိမ်ကြီး၏နောက်ဘက် မှောင်ရိပ်ကွယ်ရာ လှေကားထောင်ကာ အပေါ်ထပ်ပြတင်းသို့ ရောက်လာခြင်းဖြစ်၏။

ထိုသူကို ဦးစွာမြင်သူမှာ မြတင်ကလေးဖြစ်၏။ မြတင်က ထိုသူထံ ထိတ်လန့်တကြား လက်ညှိုးညွှန်ပြီး တစ်စုံတစ်ခု အော်



ဟစ်ရန်ပြင်၏။

ကျူးကျော်ဝင်ရောက်လာသူက ဖျတ်လတ်စွာပင် မြတင် ကလေး၏ နှုတ်ခမ်းကို လက်နှင့်ပိတ်ပြီး မလှုပ်သာအောင်ချုပ်ကာ မျက်လုံးကြီးပြူးကျယ်လျက်ရှိသော အဘွားကြီးကိုလည်းကောင်း၊ ပါးစပ်အဟောင်းသားနှင့်ရှိနေသော မိန်းမကိုလည်းကောင်း လေသံ တိုးတိုးနှင့်

*"ခင်များတို့ အသံလုံးဝမထွက်နဲ့၊ အသံနည်း နည်းကလေး ထွက်တာနဲ့ ဟောဒီကလေးကို ကော်ချိုးပစ်လိုက်မယ်"*

ဟု အံကြိတ်ကာပြောလေ၏။

အမျိုးသမီးနှစ်ယောက်မှာ ထိုလူကိုကြည့်ပြီး ထိတ်လန့် အံ့သြနေကြ၏။ ထိုသူမှာ မြန်မာအဝတ်အထည်များကို သားရေ ဘွတ်ဖိနပ်ကြီးနှင့် တွဲဖက်ဝတ်ဆင်ထားသော မျက်နှာဖြူကြီး တစ်ယောက်ဖြစ်နေသည် မဟုတ်ပါလား။

မိုးကစဲနေပြီဖြစ်သောကြောင့် မျက်နှာဖြူကြီးသည် သူ၏ ကိစ္စ အကောင်အထည်မဖော်ခင် မည်သူမျှ မရိပ်မိအောင် အသံ မထွက်စေဘဲ ကြိတ်ကာစီစဉ်၏။

မကြာမီ နှုတ်ခမ်းတွင် အဝတ်များဆို့လျက် မလှုပ်သာ

www.burmeseclassic.com

www.burmeseclassic.com



အောင် တုပ်နှောင်ခံထားရသော အမျိုးသမီးနှစ်ယောက်မှာ အခ

တွင်း ကျန်ရစ်ခဲ့၏။

မြတင်ကလေးမှာမူ မျက်နှာဖြူကြီးလက်ထဲတွင် ရုန်းက

ကာ လှေကားထိပ်မှ ပေါ်လာ၏။

"အမေ... အမေ... လုပ်ပါဦး၊ ဒီလူကြီး

ကျုပ်ကို ဖမ်းထားတယ်"

ဟူသော မြတင်၏အသံကြောင့် ရွှေပေါ်သည် ထိုနေရာ

အကြည့်ရောက်ကာ ထိုင်ရာမှ ခုန်ထလိုက်မိ၏။

ဘသော်တို့လည်း ထိုအဖြစ်အပျက်ကို ကောင်းစွာမြင်

နေရ၏။ ဘသော်သည် မျက်နှာဖြူကြီးကို မြင်တွေ့လိုက်ရသေ

ကြောင့် မျက်လုံးပြူးကျယ်ကာ

"ဒီလူကြီး ဘယ်လိုဖြစ်ပြီး သူကြီးအိမ်ပေါ်

ရောက်နေတာလဲ"

ဟု တွေးမိ၏။ မျက်နှာဖြူကြီးက တည်ငြိမ်စွာဖြင့်

"မောင်ရွှေပေါ် ... ကျုပ်က ကလေး

တစ်ယောက်ကို ဓားစာခံလုပ်ပြီး ခြိမ်းခြောက်ရတာ

စိတ်မကောင်းပါဘူး၊ မလွှဲသာလို့ပါ၊ ဒါပေမဲ့

မင်းတို့ တစ်စုစုလှုပ်ရှားလာတာနဲ့ ဒီကလေးကို



ကျုပ် သတ်ရလိမ့်မယ်"

ဟု ပြော၏။

မျက်နှာဖြူကြီး၏လက်တွင်းမှ ခြောက်လုံးပြူးတာ မြတင်၏

ကြားတွင် ထောက်လျက်ရှိ၏။

ရွှေပေါ်သည် မျက်နှာကြီးနီရဲပြီး ခြေမကိုင်မိ၊ လက်မကိုင်

နိုင် ဖြစ်သွားစေတော့၏။

ပုလိပ်သားက သေနတ်ကိုလှမ်း၍ ဆွဲမည်ပြုသော်မြင်လေရာ

ပေါ်က

"ဟေ့လူ ဘာလုပ်တာလဲ၊ ခင်ဗျားလုပ်တာနဲ့

ကျုပ်သား သေတော့မှာပဲ"

ဟု ဟန့်တား၏။

မျက်နှာဖြူကြီးက မြတင်နှင့်အတူ လှေကားမှ ဆင်းသက်

ပြီး ဘသော်ကို

"လူကလေးတို့ ကျုပ်ကြောင့် ဒီလိုဖြစ်ရတာ

စိတ်မကောင်းပါဘူး"

ဟု ပြောလေ၏။ ရွှေပေါ်သည် အနီးသို့ရောက်လာသော

နှာဖြူကြီးကို

"မှတ်ထားအောင်ခင် ကျုပ်သားကို လွှတ်ပေး

www.burmeseclassic.com

www.burmeseclassic.com



ပါ၊ ပြီးရင် ခင်ဗျားသွားလိုရာကိုသွားပါ၊ ကျုပ်ခွင့်ပြုပါတယ်”

ဟု ပြောဆိုလေရာ မျက်နှာဖြူကြီးက ပက်ခနဲရယ်၍

“လှကလေးခွင့်မပြုလည်း ကျုပ်သွားလိုရာသွားနေတာပဲလေ၊ လောလောဆယ်တော့ ဒီက လှကလေးကို အရင်ရှင်းထားရမယ်”

ဟု ဆိုပြီး ပုလိပ်ခေါင်းခေါင်းကို သေနတ်ဒင်နှင့် ခွပ်ခနဲ ထုချလိုက်၏။

ပုလိပ်မှာ မထင်မှတ်ဘဲခံလိုက်ရပြီး သတိကင်းလွတ်သွား၏။

မကြာမီ ရွှေပေါ်မှာလည်း ထိတ်တုံးတွင် ခြေနှစ်ဖက်ထည့်၍ ချုပ်နှောင်ခြင်းခံလိုက်ရပြန်၏။

မျက်နှာဖြူကြီးက အသံစွာစွာနှင့် အော်ဟစ်နေပြင်နေသော မြတင်ကလေးကို ပါးစပ်တွင် အဝတ်ဆို့ပြီး ကြိုးဖြင့်တုပ်နှောင်ပြန်လေ၏။

ဘသော်တို့လည်း အချုပ်အနှောင်မှ လွတ်မြောက်လာကြလေရာ မျက်နှာဖြူကြီးက

“လှကလေးနဲ့ကျုပ် ချောင်းရိုးအစပ်မှာ



လမ်းခွဲပြီးတော့ ကျုပ် လှကလေးကို စိတ်ရှေတာနဲ့ နောက်ကြောင်းပြန်လှည့်ခဲ့တာပဲ၊ လှကလေးတို့ မိသားစုကို ဖမ်းဆီးသွားတာ ကျုပ်သိတယ်၊ ကျုပ် ဒီအိမ်ကြီးရဲ့နောက်ဖက်က လှေကားတစ်ခင်းထောင်ပြီး သူကြီးအိမ်အပေါ်ထပ်က ပြတင်းနားက ချောင်းမြောင်းနေတာလည်း ကြာပြီ၊ အဲဒီအခါ မောင်ရွှေပေါ်က သူ့ရဲ့မိခင်နဲ့ဇနီးကို ပြောနေတာတွေလည်း ကြားခဲ့ရတယ်၊ အဲဒါကတော့ မောင်ရွှေပေါ်က မောင်ဘသော်တို့ လင်မယားကို ထောင်မကျကျအောင်ချမယ်လို့ ကြိမ်းဝါးနေတာပဲ၊ အဲဒါကို သူ့ရဲ့မိခင်နဲ့ဇနီးကလည်း ဝမ်းသာအားရ ထောက်ခံကြတယ်၊ ဒါကြောင့် မောင်ဘသော်တို့မိသားစု တစ်ကွဲတပြားနဲ့ ထောင်ထဲ ရောက်မနေစေချင်ဘူး၊ ကျုပ်နဲ့လိုက်ခဲ့ကြပါ”

ဟု ခေါ်လေ၏။

ဘသော်သည် မမြချစ်နှင့်သမီးကိုကြည့်ပြီး သူတို့မိသားစု အရိုန်တိုအတွင်း မည်သည့်ပြစ်မှုမျှမကျူးလွန်ဘဲ ဝရမ်းပြေးဘဝရောက်ရတော့မည်ဟု ဝမ်းနည်းစွာ တွေးလိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအတိုင်းရှိနေလျှင်လည်း ရှေ့ပေါ်က အလွတ်ပေးမည် မဟုတ်မှန်းသိနေ၏။

ဘသော်သည် မည်သူ့ကိုမျှ အပြစ်မတင်ချေ။

ကံကြမ္မာကသာ ဆိုးရွားလှချေသည်ဟု ရှေ့တိမိတော့၏။

●●●



● လူဆိုတာ ပတ်ဝန်းကျင်ရဲ့
ပြုပြင်ပြောင်းလဲမှုကို
ခံရတဲ့ သတ္တဝါပါ။

ရော်ဘတ်အိုဝင်

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယပိုင်း

ဘသော်သည် မျက်နှာဖြူကြီး၏ခေါ်ဆောင်မှုကြောင့် တွေ့ဝေနေ၏။

မတွေ့ဝေသူက မမြချစ်ဖြစ်၏။ သူမက ဘသော်၏ လက်မောင်းကို ကိုင်လှုပ်ပြီး

"ကိုဘသော်... ကျွန်မတို့ဘဝကတော့ ကံဆိုးမိုးမှောင် ကျပြီလို့ပြောရမှာပဲ၊ ဒါပေမဲ့ ဖြစ်လာသမျှ အခက်အခဲတွေကို ရင်ဆိုင် ဖြေရှင်းရုံပဲ ရှိတော့မယ်၊ ရှင်ကို အမြိုးအစားအပြည့်ရှိတဲ့



ဒီသူကြီးမိသားစုရဲ့စက်ကွင်းမှာ ကျွန်မတို့ တစ်ရေး မဟုတ် တစ်ရေးမှာပဲ မဟုတ်လား၊ ကျွန်မကတော့ တစ်ရက်ပဲ အသက်ရှင်ပါစေ၊ မိသားစုနဲ့ အတူနေ ချင်တယ်၊ ထောင်ထဲမှာ လင်တကွဲ၊ သားတကွဲနဲ့ နေရရင်လည်း ကျွန်မ သက်ဆိုးရှည်မှာမဟုတ်ဘူး၊ ကံကြမ္မာကမနိုင်လာပြီပဲရှင်၊ လာမဲ့ဘေးကို ပြေးတွေ့ လိုက်ကြတာပေါ့"

ဟု မကြောက်မရွံ့ ပြောလေ၏။

ထိုအချိန်တွင် မျက်နှာဖြူကြီးသည် အိမ်ရှိလူအားလုံးကို အခန်းတစ်ခုတွင်း၌ပိတ်လှောင်ကာ သော့ခတ်ထားပြီးဖြစ်၏။

ထိုသူများကိုလည်း မလှုပ်ရှားနိုင်စေရန်နှင့် မအော်ဟစ်နိုင်စေရန် ပြုလုပ်ပြီးဖြစ်၏။

ထို့နောက် ငှင်းတ ဘသော်ကို

"လူကလေး မြင်းစောင်းထဲမှာလည်း မြင်းတွေက အသင့်ပဲ၊ ကျုပ်တို့ သွားဖို့အချိန်တန်နေပြီ၊ ရွာထဲကလူတွေ သတိပြုမိတာပဲဖြစ်ဖြစ်၊ ဟိုမှလိပ် အစွဲတွေ ပြန်လာလို့ပဲဖြစ်ဖြစ် ကြံ့နေရင် ကျောင် တိမ်းဆိုရွေ့ယဉ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဟု သတိပေး၏။ ဘသော်က ခနီးနှင့်သမီးကို စူးစိုက်ကြည့်ပြီး

*"ကောင်းပြီ၊ ကျုပ်တို့ သွားကြတာပေါ့"*

ဟု ပြောလိုက်တော့၏။

ရွာထဲတွင် သူကြီးကဲ့သို့ မြင်းမွေးသူများရှိလေရာ ဘသော်သည် ငယ်စဉ်ကတည်းက မြင်းနှင့်မစိမ်းချေ။ ထို့ကြောင့် ၎င်းသည် သူကြီး၏မြင်းဇောင်းမှ အကောင်းဆုံးမြင်းနှစ်ကောင်ကို ရွေးချယ်ပြီး မျက်နှာပြူကြီးကို

*"ကျုပ်နဲ့မပြူမ်က တစ်ကောင်စီးမယ်၊ သမီးကိုတော့ ခင်ဗျားခေါ်ခဲ့ပါ"*

ဟု ဆိုလိုက်၏။

မကြာမီ သူတို့သည် သစ်စခန်းနှင့် ဆန့်ကျင်ဘက်အရပ်သို့ မျက်နှာပြူကြီး၏ဦးဆောင်မှုအတိုင်း ထွက်ခွာခဲ့ကြ၏။ သူတို့အတွက် လမ်းတွင်လိုအပ်မည့်အရာများကိုလည်း သူကြီးအိမ်မှ ယူဆောင်ခဲ့၏။

လမ်းခရီးက မှောင်မိုက်ရသည့်အထဲ မိုးရေကြောင့် မြေလမ်းမှာ ရွှံ့ဗွက်များနှင့်အတိပြီးလေရာ မြင်းကိုစီးရသည်ထက် ဆွဲ၍ သွားလာနေရ၏။

မျက်နှာပြူကြီးက မပြူနယ်ကလေးကို ချိုင်းရင်းသွားလာ



တာ

*"ဒီအခြေအနေအတိုင်းဆိုရင် ကျုပ်တို့ နောက်က လိုက်လာတဲ့ ပုလိပ်အဖွဲ့ထဲမှာ ကွိုခမဲ့မိသွားလိမ့်မယ်၊ အလင်းရောင်မလာခင် ကျုပ်တို့နိုအောင်နိုင်မဲ့ တစ်နေရာရာကိုရောက်ဖို့ အရေးကြီးတယ်"*

ဟု ပြောလေရာ ဘသော်က

*"တောနက်ထဲကိုရောက်ရင်တော့ ခိုအောင်းဖို့နေရာတွေ ရှိပါတယ်၊ ဒါပေမဲ့ ခင်ဗျားသွားချင်တဲ့တောင်နီတောင်ဘက်ကို သွားရမဲ့လမ်းနဲ့တော့ အလှမ်းဝေးသွားလိမ့်မယ်"*

ဟု ဆိုလိုက်၏။

မျက်နှာပြူကြီးက ခေါင်းညိတ်ပြီး

*"လောလောဆယ် ကျုပ်တို့အားလုံး အဖမ်းမခံရဖို့ အရေးကြီးတယ်မဟုတ်လား၊ ကျုပ်တို့ တောထဲဝင်ပြီး ကိုယ်ပျောင်ပျောက်ကြမယ်"*

ဟု ဆုံးဖြတ်၏။

ထိုခရီးအတွက် မြင်းများမှာ အသုံးမဝင်ချေ။ ထို့ကြောင့် တောစပ်သို့ရောက်လျှင် မြင်းများကို စွန့်ပစ်ခဲ့ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ချက်နှာဖြူကြီးသည် သူကြီးအိမ်မှ လက်နှိပ်ဓါတ်မီး တစ်လက်ကိုပါယူဆောင်ခဲ့လေရာ တောလမ်းတွင်သွားလာရ၌ များစွာအသုံးဝင်၏။

ဘသော်ကမူ သတိလစ်နေသော ပုလိပ်၏ ရိုင်ဖယ် သေနတ်နှင့် ကျည်ကပ်အပါအဝင် တောလိုက်ဓါးမြှောင်၊ ရေဘူး စသည်တို့ပါသော အိတ်ကွေးမင် အစုံအလင်ကိုပါ ချွတ်ယူခဲ့သော် လည်း သူ၏ဓါးမကို သတိတရရှိနေ၏။

ထိုကဲ့သို့ တောလမ်းခရီးသွားလာရာ၌ ဓါးမက လမ်းထွင် သွားလာရာတွင်လည်းကောင်း၊ အနီးကပ်ရန်သူများနှင့် တိုက်ခိုက်ရန် လည်းကောင်း များစွာအသုံးဝင်၏။

သူတို့ကို ပုလိပ်များက တောနက်အတွင်း ဝင်ရောက်သွား သည်ကို အချိန်များစွာ မကြာမီ ခြေရာခံမိမည်သာဖြစ်၏။

သို့သော် ထိုနေရာမှလွဲ၍ သူတို့အတွက် ရွေးချယ်စရာ လည်း မရှိချေ။

တောထဲတွင် ခက်ခက်ခဲခဲနှင့် နစ်နာရီမျှ သွားလာပြီး နောက် ကလေးငယ်နှင့် မမြချစ်တို့မှာ လွန်စွာမောပန်းနေသည့် အတွက် ခေတ္တမျှ နားကြရ၏။

ချက်နှာဖြူကြီးက ဝတ်ဝန်းကျင်ကို အလစ်မပေးဘဲ ရှိပြီး



ထူးခြားမှုတစ်စုံတစ်ရာကို သိပ်ဟန်နှင့် မျက်မှောင်ကြုတ်၍နားစွင့်ကာ

"ရှာလေး... ဟိုရှေ့တစ်နေရာလောက်က ကျွဲခေါ်ဆင်အော်သံကြားလိုက်မိတယ်၊ ဆင်ရိုင်း တွေများ ဖြစ်နေမလား"

ဟု ဆိုလေ၏။

ဘသော်လည်း နားစွင့်မိရာ လေအသင့်တွင် ဆင်အော်သံ ကို ကြားရပြန်၏။

ဘသော်က

"အဲဒီဘက်မှာ ၄က်ရှောတောကြီးတစ်ခု ရှိတယ်မျ၊ ဆင်ရိုင်းတွေတော့ မလာတတ်ပါဘူး"

ဟု အဖြေပေးရင်းမှ ချက်နှာဝင်းထိန်ကာ

"ကျုပ်တို့ကံကောင်းရင်တောင် တောင်နံ တောင်ဘက်ကို ညတွင်းချင်း ကျော်ဆင်းနိုင်လိမ့်မယ် ထင်တယ်"

ဟု ပြောလိုက်၏။

မမြချစ်က နားမလည်ဟန်နှင့်

"လမ်းက တခြားစီပဲ မဟုတ်လား၊ အခု တောင် သမီးကလေးက တော်တော်မောနေပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုလေ၏။

မျက်နှာဖြူကြီးကလည်း

"တောင်နီခရီးစဉ်က ကျုပ်တို့အတွက် လောလောဆယ် အရေးမကြီးသေးဘူး"

ဟု ပြောလေရာ ဘသော်က

"ကျုပ် အဆင်ပြေမဲ့နည်းလမ်း တွေ့ထား လို့ပါ၊ ဒါပေမဲ့ ကံကောင်းထောက်မပါစေလို့ ဆုတောင်းရမှာပဲ၊ ဒီတော့ ခင်ဗျားက ဒီမှာပဲ မမြစ်မြို့ကလေးကို စောင့်ရှောက်ထားပါ၊ ကျုပ် ငတ်ပျောတောထဲသွားပြီး ဆင်တစ်ကောင် ဖမ်း လာခဲ့မယ်၊ အဲဒီဆင်ဆိုတာကလည်း ဆင်ဝိုင်းမှာ လွှန်ခဲ့တဲ့နှစ်နှစ်၊ သုံးနှစ်လောက်ကတည်းက အသက်ကြီးပြီး အလုပ်မနိုင်လို့မကောင်းတော့တဲ့ ဟိုင်းဆင်ကြီးတစ်ကောင်ရှိတယ်ဗျ၊ အဲဒီဆင်ကြီးက လူနဲ့ တော်တော်ကလေး ယဉ်ပါးတယ်၊ ကျုပ် တောထဲကိုသွားလာရင်း အဲဒီဆင်ကြီးကို မကြာ ခဏ စီးဖူးတာပေါ့၊ ဆင်ကြီးအမည်က မိုးဟိန်းလို့ ခေါ်တယ်၊ အဲ့ဒါဆင်ကြီးပေါ့ဗျ၊ ကျုပ်တို့ကြား လိုက်ရတဲ့ဆင်အော်သံဟာ မိုးဟိန်းရဲ့ အသံသာ ဆိုရင်တော့ ကျုပ်တို့ ဒီတောက လွတ်မြောက်ပြီ"

ဟု ဆိုလိုက်တော့၏။

ထိုအချိန်၌ သူကြီး၏အိမ်တွင် မောင်းသံတဒူဒူနှင့် အချက် ပေးသံကြောင့် ရွာသားများ စုရုံးရောက်ရှိနေကြပြီဖြစ်၏။

ရှေ့ပေါ်သည် မျက်နှာကြီးနီရဲလျက် အားလုံးကြားလောက် အောင်

"ကျုပ် လိုရင်းတိုရှင်းပဲပြောမယ်၊ မကြာခင် က ကျုပ်အိမ်မှာ ရှုပ်နှောင်ထားတဲ့ တရားခံတွေ သွတ်မြောက်သွားတယ်၊ သူတို့ဟာ ကျုပ်ရဲ့မြင်းတွေ ကိုယူပြီး ခရီးဆက်သွားတာဆိုပေမဲ့ ဒီလိုအချိန် မှာ ခရီးတွင်ဖို့ သိပ်မလွယ်ဘူး၊ ဒါကြောင့် ရွာမှာ ရှိတဲ့ အားကောင်းမောင်းသန် ယောကျ်ားတွေ အားလုံး မီးတုတ်ကိုယ်စီ၊ လက်နက်ကိုယ်စီ ဆောင်ယူပြီး တရားခံတွေနောက်ကို လိုက်ကြမယ်၊ သူတို့နောက်က ခြေရာခံလိုက်ရင် မကြာခင်မိမှာပါ၊ ကျုပ်အစေ သူကြီးမင်းနဲ့ ပုလိပ်စုံထောက်တွေ နောက်ကိုလည်း လိုက်ခေါ်ဖို့ ချောင်းရိုးဆီကို

www.burmeseclassic.com

www.burmeseclassic.com



*ဆက်သားတွေလွှတ်ပြီးပြီ၊ ပုလိပ်အဖွဲ့ကြီး ရောက်*
*လာရင်လည်း ကျုပ်တို့နောက်ကို လိုက်လာဖို့ စီစဉ်ခဲ့*
*တယ်”*

ဟု ပြောကာ လူစုပြီး ဘသော်တို့ကို ဖမ်းဆီးရန် စီစဉ်၏။

ရွှေပေါ်သည် အခြားမိသားစုဝင်များ၊ ပုလိပ်သား တစ်ယောက်နှင့်အတူ အခန်းတစ်ခုထဲတွင် ပိတ်လှောင်ခံခဲ့ရ၏။

သို့သော် ကံကောင်းထောက်မပြီး လွတ်မြောက်ခဲ့လေ၏။ သူတို့သည် မလှုပ်ရှားနိုင်အောင် ချုပ်နှောင်ခံရပြီး ပါးစပ်တွင် အဝတ်ဆို့ခံထားရလေရာ အခန်းတွင်း၌ တစ်ယောက်ကိုတစ်ယောက် မျက်လုံးအကြောင်သားနှင့် ကြည့်ရှုနေရ၏။

ထို့နောက် ရွှေပေါ်သည် အိမ်းရှိ ခုတင်တိုင်တွင် ချိတ်ဆွဲထားသော ရေနံဆီမီးအိမ်ကို သတိပြုမိသွား၏။

ထိုမီးအိမ်ကလေးမှာ သူတို့ကို ချက်နာဖြူကြီးက အခန်းတွင်း၌ထည့်ပြီး မီးအိမ်ကလေးကို အမှုမဲ့ ခုတင်တိုင်တွင် ချိတ်ဆွဲခဲ့ခြင်းဖြစ်၏။

ထို့ကြောင့် ရွှေပေါ်သည် သူနှင့်တွဲလျက်ချည်နှောင်ထားသော ခုတင်တိုင်ကို အားကုန်သုံးပြီး လှုပ်ယမ်းလေရာ မီးအိမ်



ကလေးက ပြုတ်ကျလာ၏။

ပြီးလျှင် အိပ်ရာခင်းကို လျှင်မြန်စွာ ကူးစက်လောင်ကျွမ်းလေတော့၏။

ထိုအခါ အခြားသူများသည်ပြီ အရှင်လတ်လတ် အခန်းအွင်း ပိတ်လှောင်၍ မီးသင့်ပြဟ်ခံရမည့်ဘေးကိုတွေးကာ ထိတ်လန့်သွားကြ၏။

ရွှေပေါ်ကမူ အိပ်ရာခင်းမှတစ်ဆင့် လက်ပြန်ကြိုးတုပ်နှောင်ထားရာ ကြိုးထုံးကို မီးကကူးစက်နေသည်ကိုသာ အာရုံစိုက်နေ၏။

မီးကြောင့် ကြိုးသားမကာ သူ၏လက်ကိုပါ လောင်ကျွမ်းလိုက်ရသော်လည်း ရွှေပေါ်သည် အချုပ်အနှောင်မှ လွတ်မြောက်သွား၏။

သူသည် ခြေထောက်မှ ကြိုးများကိုပင် မဖြည်အားဘဲ ခေါင်းများကို လုံးထွေးပြီး မီးတောက်ကြီးကို အုပ်ဆိုင်း၍ ငြိမ်းသတ်လိုက်နိုင်၏။

လွတ်မြောက်လျှင် လွတ်မြောက်ခြင်းပင် ရွှေပေါ်သည် ဆက်သီးလက်မောင်းတန်းကာ

*“ဘသော်ရေ… မင်းတို့မိသားစု မြေးနိုင်*
*သလောက် မြေကြစမ်းကွာ၊ ဟောဒီက ငါ့လက်*

www.burmeseclassic.com

www.burmeseclassic.com



*နှစ်ဖက်စလုံး မီးလောင်ခံလိုက်ရသလို မင်းတို့လည်း အဲဒီကောင်လေးပေါင်းများမှာ ပိုပြီးခံစားရမယ်ပေါ့"*

ဟု ကြိမ်းဝါးလေ၏။

● ● ●



● မျှော်လင့်မှုကို
အဝေးမရှု မရှာဖွေပါနှင့်။
မိတ်ဆွေကောင်းများကိုလည်း
မကြောက်ပါနှင့်။

လောင်ရှိုး

www.burmeseclassic.com

www.burmeseclassic.com



မျက်မှာဖြူကြီးသည် ဘသော်ထွက်ခွာသွားလျှင် ဖြစ်ဖို့ရာ ဖြစ်စေတော့ဟု သဘောထားကာ မီးပုံတစ်ခုဖို၏လေ၏။ ပြီးလျှင် ကလေးငယ်ကို ရင်ခွင်တွင်းပွေ့ထားကာ သစ်ပင်အောက်တွင် ထိုင်နေသော မမြချစ်ကို

"မိန်းကလေးတို့ ကျုပ်ကြောင့် ဒုက္ခတွေ့ရတာ ကျုပ် တစ်သက်လုံး မေ့သည့်နိုင်တော့မှာမဟုတ်ဘူး၊ ကျုပ် တောင်းပန်ပါတယ်၊ ကျုပ်က မိန်းကလေးတို့အတွက် မကောင်းတဲ့ကံကြမ္မာဆိုးတွေကို သယ်ဆောင်လာခဲ့သူမဟုတ်လား"

ဟု လေးလေးနက်နက် တောင်းပန်လေ၏။





မမြချစ်က ခေါင်းယမ်းပြီး

"ကျွန်မတို့ မြန်မာလူမျိုးတွေဟာ ကံ ကံ၏ အကျိုးတရားကို ယုံကြည်ကြတယ်၊ ဒီလိုအဖြစ်ဆိုးမျိုးကို ကျွန်မတို့ပြုလုပ်ခဲ့တဲ့ ကံကြောင့်ကြုံရတာပါ၊ ဘယ်သူ့ကိုမှ အပြစ်မတင်ပါဘူး၊ ကိုဘသော်က လည်း ဒီလိုပါပဲ၊ သူဟာ လူတိုင်းကို ကူညီချင်နေတဲ့သူပါ၊ အဲဒီလိုကူညီလိုက်ရလို့ ဘယ်လိုဒုက္ခမျိုးကိုမဆို ကြုံလာရလည်း နောက်မတွန့်တဲ့သူပါ"

ဟု ပြောလိုက်၏။ မျက်နှာဖြူကြီးက မမြချစ်ကို စူးစိုက်ကြည့်၍

"မင်းတို့လင်မယား နှစ်ယောက်စလုံး လိုက်ဖက်ညီသလို စိတ်သဘောထားကောင်းမွန်တယ်ဆိုတာ ကျုပ်သိပါတယ်၊ ကျုပ်ကလည်း မင်းတို့ဘဝအတွက် အကောင်းဆုံးဖြစ်အောင် ကြိုးစားပေးပါ့မယ်"

ဟု ဆိုလေ၏။

ဤသို့ဖြင့် သူတို့သည် ဘသော်ကို စောင့်မျှော်နေကြရာ တစ်နာရီခန့်အကြာတွင် ဘသော်သည် လက်နှိပ်ဓါတ်မီးထိုးကာ



www.burmeseclassic.com

www.burmeseclassic.com



ဆင်တစ်ကောင်ကိုစီးနင်းရင်း ဖြန့်လည်ရောက်ရှိလာ၏။

ဆင်ကြီးမိုးဟိန်းကို ရှာတွေ့ချေပြီ။ ဘသော်က မိုးဟိန်းကို ပွတ်သပ်ပြီး

*"ဒီကောင်ကြီးက သေးမဲ့ပေးထားတယ် ဆိုပေမဲ့ ရှာတွေ့ အဖြစ်တွေ့ရတော့ အရိုင်းစိတ် မဝင်ဘူး၊ ပြီးတော့ တော်တော်လည်း အင်အားကြီး မားသေးတယ်ဗျ၊ တောထဲမှာ လွတ်လွတ်လပ်လပ် နေပြီး အစားအသောက်တွေ ဝဝလင်လင်စားရတာ လည်းပါမှာပေါ့၊ ကျုပ်တို့ အမြန်ဆုံး ဆင်ကျောမှာ တင်ဖို့ ပုခက်ဆင်ပြီး ခရီးဆက်ကြမယ်"*

ဟု ပြောလေ၏။

ထို့နောက် ဘသော်သည် လက်မောင်းလုံးခန့် သစ်ကိုင်း၊ တုတ်တုတ်များနှင့် ကြိမ်နွယ်များကို အသုံးပြုကာ ပုခက်တစ်ခု ပြုလုပ်၏။

ပုခက်မှာ အချိုးအစားကျနမှုခြင်းမရှိသော်လည်း အသုံးပြု နိုင်လောက်၏။ ပုခက်ထဲတွင် မျက်နှာဖြူကြီးနှင့် မြေချစ်တို့သာအခါ လိုက်ပါမည်ဖြစ်၏။

ထိုအချိန်၌ပင် အဝေးဆီမှ တောခြောက်သလို လူစုလူဝေး၊





ကြီးနှင့် အော်ဟစ်သံများကို ကြားလိုက်ရ၏။

ဘသော်က သစ်ပင်မြင့်တစ်ပင်ထက်သို့ တက်ရောက် ကြည့်ရှုပြီး

*"လူတွေမနည်းဘူးဗျ၊ မီးတုတ်တွေ အများ ကြီး ရွေ့နေတာ တွေ့ရတယ်၊ ကျုပ်တို့လာခဲ့တဲ့လမ်း အတိုင်း လာနေကြတာပဲ၊ မဟုတ်မှလွဲရော ကျုပ်တို့ နောက်ကို လိုက်တဲ့သူတွေပဲဖြစ်ရမယ်"*

ဟု မျက်နှာဖြူကြီးကို ပြောလိုက်၏။ မျက်နှာဖြူကြီးက ခေါင်းညိတ်ပြီး

*"ဒီလောက်ရှုပ်ပြီး သွားလာနေပုံထောက် ရင် တရားခံဖမ်းတဲ့ အတွေ့အကြုံမရှိတဲ့ လူကလေး တို့ ရွာသားတွေပဲဖြစ်ရမယ်၊ ပုလိပ်တွေဆိုရင် ဒီလိုဘုရားပွဲလှည့်သလို သွားလာမှာမဟုတ်သလို အဲဒီလိုသွားလာဖို့လည်း ခွင့်ပြုမှာမဟုတ်ဘူး၊ ဒါကြောင့် အဲဒီအဖွဲ့ထဲမှာ ပုလိပ်တွေမပါနိုင်ဘူးလို့ တောင် ကောက်ချက်ချနိုင်တယ်"*

ဟု ပြောလေ၏။ ဘသော်က မိုးဟိန်းကို ဝပ်စေ၍ အမိန့်ပေးပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် ကျုပ်တို့ကတော့ ပြေးရမှာပဲ မဟုတ်လား"

ဟု ဆိုလိုက်၏။

ထို့နောက် ဘသော်တို့သည် ဆင်နှင့် ခရီးနှင်ကြလေ၏။ ဘသော်က ဆင်ဦးကင်းတွင်ထိုင်ပြီး တောလိုက်ဓါးမြှောင်ကို ချွန်းအဖြစ်အသုံးပြုကာ မိုးဟိန်းကို လိုသလို ထိန်းကျောင်းမောင်းနှင်၏။

ဘသော်သည် တောကျွမ်းသူဖြစ်ရာ ရေတိမ်စမ်းချောင်းကလေးသို့ရောက်လျှင် မိုးဟိန်းကို ရေထဲမှပင် သွားလာစေ၏။ အတန်ကြာမျှ သွားလာပြီးနောက် ရှည်လျားကျယ်ပြန့်သော ကိုင်းတောကြီးကို ဖြတ်သန်းပြန်၏။

ထို့နောက်မှ တောလမ်းအတိုင်းသွားလာရာ ဘသော်က မျက်နှာငြိုကြီးကို

"မကြာခင် ဒီတောထဲက ထွက်တော့မယ်၊ ကျုပ် နောက်ကလူတွေ ခြေရာခံလိုက်မှီအောင် လှည့်ပတ်သွားလာခဲ့တာဗျ၊ သူတို့ ကျုပ်တို့ကို ခြေရာခံမိဖို့ တော်တော်အချိန်ယူရလိမ့်မယ်၊ တောထဲကထွက်ရင် ခပ်သွက်သွက် ခရီးနှင်လို့ရပါတယ်၊ မိုးဟိန်းပုံစံကလည်း တော်တော်ကလေး





တက်ကြွနေတယ်"

ဟု ပြောလိုက်၏။

ထိုအချိန်၌ ရွှေပေါ်ဦးဆောင်သော ရွာသားများသည် ဘသော်တို့ ခေတ္တနားခဲ့ရာသို့ရောက်ရှိကာ လတ်လတ်ဆတ်ဆတ် မီးငြိမ်းသွားသော မီးပုံတစ်ခုနှင့် ဆင်ခြေရာများ၊ ကြိမ်နွယ်များနှင့် သစ်ကိုင်းသစ်ခက်များကို ခုတ်ထွင်သွားသည်ကို တွေ့ကြလေ၏။

သူတို့သည် ထိုနေရာတွင် ဆင်ခြေရာကိုတွေ့ရသောကြောင့် ရှုပ်ရှက်ခတ်နေကြ၏။

ရွှေပေါ်ကမူ သူ့အတွေးနှင့်သူ သဘောပေါက်ပြီး ခွေ့ခွေ့ နှိပ်သွားကာ အတူလိုက်ပါလာသူများအား

"တရားခံတွေတော့ လက်မတင်ကလေး လွတ်မြောက်သွားပြီပြီ ထင်တယ်၊ ဟောဒီဆင်ခြေရာတွေက သူတို့ဟာ ဆင်နဲ့ထွက်သွားတယ် ဆိုတာကို ဖော်ပြနေတာပဲ၊ ဆင်ဆိုတာလည်း ဒီပတ်ဝန်းကျင်မှာကျက်စားတတ်တဲ့ တောရိုင်းဆင်ကြီး မိုးဟိန်းကလွဲပြီး မဖြစ်နိုင်ဘူးဗျ၊ မိုးဟိန်းက တော်တော်လိမ္မာတဲ့ဆင်တစ်ကောင်ပဲဗျ၊ သူ့ကို ကလေးတွေတောင် တက်စီးလို့ရတယ်၊ ဒီကော



www.burmeseclassic.com

*ကြီးက အိုနေပေမဲ့ ဆော်တော်လည်း သန်စွမ်းသေးတယ်၊ တရားခံတွေ ဆင်နဲ့ထွက်ပြေးပြီဆိုရင်တော့ ကျုပ်တို့ လိုက်မှီမလွယ်တော့ဘူး၊ ဒါပေမဲ့ တိတိကျကျသိရအောင် ဆက်ပြီးခြေရာခံကြည့်ကြသေးတာပေါ့"*

ဟု စိတ်ပျက်သွားသော်လည်း အားမလျှော့ဟန်နှင့် ပြောလိုက်၏။

သူတို့အုပ်စုသည် ဆက်လက်ခြေရာခံကာ လိုက်ပါကြသော်လည်း၊ စမ်းချောင်းကလေးတွင် လမ်းပျောက်သွားပြန်၏။

ရှေ့ပေါ်က ဆင်နှင့်ပင် စမ်းချောင်းအတိုင်းသွားလာနိုင်သည်ဟု တွေးမိကာ ထိုအတိုင်းလိုက်မှပင် ခြေရာပြန်တောက်နိုင်၏။

ဤသို့ဖြင့် အချိန်များစွာကြာမြင့်မှပင် ဘသော်တို့လူစုသစ်တောထဲမှ ထွက်သွားကြောင်းသိရလေ၏။ ရှာဖွေသူများအားလုံးလည်း ခြေကုန်လက်ပန်းကျနေချေပြီ။ မိုးကလည်း လင်းလုပြီဖြစ်၏။

သူတို့သည် စိတ်ပျက်လက်ပျက်နှင့် အပြန်လမ်းတွင် နံထောက်မြခွေဦးဆောင်သော ပုလိပ်အဖွဲ့နှင့်ဆုံလေ၏။

မြခွေတို့မှာလည်း ချောင်းရိုးတလျှောက် လှေများနှင့် သက်စွန့်ဆံဖျား သွားလာခဲ့ရ၏။ နောက်တစ်နေ့သို့ရောက်မှပင် မုဆိုးတစ်ယောက်ထံမှ ဘသော်တို့သတင်းကို ရရှိလေ၏။

ထိုအခါ မြခွေက

*"ဆင်စီးပြီးသွားလာနေတဲ့လူတွေကို မုဆိုးက တောင်နီတောင်ဘက်ကို ဦးတည်သွားနေတာ တွေ့လိုက်တယ်ဆိုတော့ ကျုပ်တို့ရထားတဲ့သတင်းနဲ့ ကိုက်ညီနေတာပဲ၊ ဒါဆိုရင် မစွတာ အော်ဒဝင်တို့ဟာ တောင်နီတောင်ဘက်ကို ခိုအောင်းဖို့သွားတာ ကျိန်းသေပြီ"*

ဟု ပြောလိုက်ရာ သူကြီးမင်းက စိတ်ပျက်ဟန်နှင့်

*"တောင်နီတောင်ရဲ့တောက ဘယ်လောက်နက်သလဲဆိုတာ စုံထောက်ကြီး မသိသေးဘူးထင်တယ်၊ ဒီလူတွေကို အဲဒီတောနက်ထဲမှာ ရှာဖွေဖို့ဆိုတာ ကောက်ရိုးပုံထဲမှာပျောက်သွားတဲ့ အပ်ထက် ရှာရတာခက်လိမ့်မယ်၊ အချိန်ယူသောက်လှမ်းပြီး ရှာဖွေမှဖြစ်မယ်"*

ဟု ပြောလေ၏။

မြခွေက ခေါင်းညိတ်ပြီး

*"ဒီတစ်ကြိမ်လည်း လွတ်သွားပြန်ပြီပေါ့လေ၊*

www.burmeseclassic.com



ကျုပ်တို့အဖွဲ့ အရှုံးနဲ့ဆုတ်ခွာရတော့မှာပေါ့၊ ဒါပေမဲ့ သူကြီးမင်းက ကျုပ်တို့နဲ့ အဆက်အသွယ်မပြတ်အောင် ဂရုစိုက်ပါ၊ သူတို့ကို ကျုပ်တို့ ပုလိပ်အဖွဲ့က အလုံးအရင်းနဲ့သွားဖမ်းဖို့ မလွယ်တော့ တောင်နီဘက်မှာ ကျုပ်တို့ရဲ့သတင်းပေးတွေ လွှတ်ထားပြီး စုံစမ်းရမှာပေါ့"

ဟု ဆိုလေ၏။

ပုလိပ်အဖွဲ့သည် ပြန်လည်မထွက်ခွာခင် သူကြီးအိမ်၌ တည်ခင်းကျွေးမွေးသမျှကို ကောင်းစွာစားသောက်ကြ၏။

ထိုအခါ မြဆွေနှင့်ရွှေပေါ်သည် စားသောက်ရင်း ရစ်ဦးတည်း အခန်းတစ်ခုအတွင်း၌ ခေါင်းချင်းဆိုင်လျက်ရှိ၏။ နံ့သောက်မြဆွေက

"ဒီမှာ ကိုရွှေပေါ်၊ အဲဒီမျက်နှာဖြူကြီးကို လက်ရဖမ်းဆီးမိပြီဆိုရင်တော့ ခင်ဗျားတို့၊ ကျုပ်တို့ ဆယ်သက်စားမကုန်အောင် ချမ်းသာပြီလို့သာ မှတ်ပေတော့၊ ဒီကိစ္စမှာ ကျုပ်တို့နှစ်ယောက် ပူးပေါင်းပြီး ကြံစည်မှဖြစ်မယ်၊ ကျုပ်အတွက်လည်း ခင်ဗျားဆီက အကူအညီတွေရမှဖြစ်လိမ့်မယ်၊





ဒါဟာ အထူးလျှို့ဝှက်ထားရမဲ့ကိစ္စပဲ ဆိုတာတော့ ကြိုပြီးသတိပေးထားပါရစေ"

ဟု ပြောလေ၏။

ရွှေပေါ်က နားမလည်ဟန်နှင့်

"မစ္စတာအော်ဒဝင်ကို သဘော်နဲ့ ကလကတ္တားကို ဖမ်းဆီးပြီး ခေါ်ဆောင်သွားတုန်း ဝင်လယ်ထဲကို ခုန်ချထွက်ပြေးသွားတယ်ဆိုတာ ခင်ဗျားပြောလို့ ကျုပ်သိပြီးပါပြီ၊ ဒါပေမဲ့ ဘယ်လိုအမှုကိစ္စနဲ့ အဖမ်းဆီးခံရတယ်ဆိုတာတွေ၊ ဘာကြောင့် ဒီလူကြီးကိုဖမ်းမိရင် ကျုပ်တို့ချမ်းသာပြီဆိုတာတွေကိုတော့ သိပ်ပြီးနားမရှင်းဘူး"

ဟု မေးမြန်းလိုက်၏။

နံ့သောက်မြဆွေက ခေါင်းညိတ်ပြီး

"ကျုပ်ပြောမဲ့ အဖြစ်အပျက်တွေက တချို့အကြောင်းတွေဟာ မယုံကြည်နိုင်စရာတွေ ပါလိမ့်မယ်ဗျ၊ ဒါပေမဲ့ ခင်ဗျားအနေနဲ့ လက်ခံလာမှာပါ၊ သိပ်ပြီးထူးဆန်းတဲ့ အကြောင်းတစ်ခုက ဒီခဲ့တဲ့တော်လမ်းပဲဗျ၊ ခင်ဗျားတို့က မျက်နှာဖြူကြီးဟာ



www.burmeseclassic.com

www.burmeseclassic.com



ပရဆေးပင်တွေ လှောလာရအောင် မြန်မာပြည်အနှံ့ သွားလာခဲ့တယ်၊ သူဟာ အင်္ဂလိပ်ကို တိုက်ထုတ်ဖို့ သူလျှိုလုပ်နေတယ်၊ အဲဒီလိုလုပ်ပြီး မြန်မာ မျိုးချစ် တော်လှန်ရေးသမားတွေကို ကူညီနေတယ်ဆိုတာ တွေက တကယ်တော့ နည်းနည်းပဲမှန်တယ်ဗျ၊ ဒီလူကြီးဟာ မြန်မာမျိုးချစ်တွေနဲ့ အဆက်အသွယ် ရှိကောင်းရှိနိုင်ပေမဲ့ သက်သေ သက်ကာရ တိတိ ကျကျ ရမထားပါဘူး၊ သူလျှိုဆိုတာတော့ လုံးဝ မဟုတ်ဘူးဗျ၊ အဲဒါက သူ့ကို ဖမ်းဆီးလို့ကောင်း အောင် တပ်ထားတဲ့ပုဒ်မပဲ၊ တိတိကျကျပြောရရင် အင်္ဂလိပ်အစိုးရရဲ့ထိပ်ပိုင်းက ပုဂ္ဂိုလ်ကြီးတစ်ယောက် ရဲ့ လုပ်ကြံဇာတ်လမ်းပဲပေါ့ဗျာ"

ဟု ပြောဆိုလေရာ ရွှေပေါ်သည် လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

မျက်နှာဖြူကြီး၏အမူက ထိုမျှရှုပ်ထွေးနေလိမ့်မည်ဟု ထင်မှတ်မထားခဲ့ချေ။

စုံထောက်မြခွေက ဆက်၍

"ပြောရရင်တော့ မျက်နှာဖြူကြီးတောင်မှ





သံသယတရားခံ အဆင့်ပဲရှိသေးတာ၊ သူနဲ့ ပတ်သက်တဲ့ ဘသော်တို့မိသားစုကတော့ ဘယ်လို မှ တရားခံစာရင်းထဲ ထည့်လို့မရဘူးဗျ"

ဟု ဆိုလိုက်ရာ ရွှေပေါ်က မျက်နှာရှုံ့မဲ့ပြီး

"ဒါဆိုရင် ဘသော်တို့က ဘာမှအပြစ်မရှိ ဘူးပေါ့၊ ကျုပ်က ဒီကောင့်ကို အပိုင်ကိုင်နိုင်ပြီလို့ တွေးထားတာဗျ"

ဟု ညည်းညူလေ၏။

စုံထောက်မြခွေက

"ဒါကိုထားလိုက်ပါတော့ဗျာ၊ အခုကကျတဲ့ ဒီအကြောင်းကြီးတစ်ခုလုံး စပြီးပေါ်ပေါက်လာခဲ့တဲ့ ဇာတ်လမ်းကိုတော့ ခင်ဗျား ကြားချင်မှာပါ၊ ဒီ ဇာတ်လမ်းမှာ ဇာတ်လိုက်က လူသားတစ်ယောက် မဟုတ်ဘူးဗျ၊ တိတိကျကျပြောရရင် သက်မဲ့ပစ္စည်း တစ်ခုပဲ၊ အဲဒီပစ္စည်းဟာ ဘယ်လိုကျောက်အမျိုး အစားနဲ့ ထုဆစ်ထားတယ်လို့ မသိရပေမဲ့ အလွန် ထူးဆန်းပြီး သက်ရှိအရာတစ်ခုလိုပဲ အသက် ဝိညာဉ်ရှိနေတယ်လို့ထင်ရတဲ့ မျက်လုံးတစ်လုံးပဲဗျ၊



www.burmeseclassic.com

www.burmeseclassic.com



ကျောက်မျက်လုံးပေါ်မှာ”

ဟု အစပျိုးလေ၏။

● ● ●



● ဗဟုသုတ အနှစ်သာရမှာ
ရယူရန်နှင့်
အသုံးချရန် ဖြစ်သည်။

ဘွန်ဖြိုးဆွယ်

www.burmeseclassic.com

www.burmeseclassic.com



ရွှေပေါ်သည် စုံထောက်မြခွေ၏စကားကို စိတ်ဝင်စားစွာ နားစွင့်နေ၏။

စုံထောက်မြခွေက ရွှေပေါ် တစ်ခါမှ မကြားခဲ့ဘူးသည့် မြို့တစ်မြို့၏အကြောင်းကို ပြောပြလေ၏။

ထိုမြို့မှာ လွန်ခဲ့သောနှစ်ပေါင်း (၅၀၀၀) ကျော်က တည်ခဲ့၏။ 'မိုဟန်ဂျိုဒါရို' ဟု အမည်တွင်၏။

'မိုဟန်ဂျိုဒါရို' ဟူသည် သေလွန်ပြီးသူများ၏မြို့တော်ဟု အဓိပ္ပါယ်ရ၏။





စုံထောက်မြခွေက ဆက်၍

" ၁၉၁၂ ခုနှစ်လောက်က ရှေးဟောင်းသုတေသနသမားတစ်ယောက်ဟာ မထင်မှတ်ဘဲ အိန္ဒိယနိုင်ငံက 'ဆင်းဒ်' နယ်မှာ အဲဒီမြို့ဟောင်းကို တူးဖော်မိခဲ့တယ်ဗျ၊ အဲဒီနေရာက အိန္ဒုမြစ်နဲ့ အနောက်ဘက် နာရာတူးမြောင်းကြားက အလွန်ပဲ မြေဩဇာကောင်းတဲ့ ဒေသတစ်ခုပေါ့ဗျာ၊ အဲဒီမြို့ဟောင်းဟာ တစ်ချိန်က တော်တော်ခမ်းနားကြီးကျယ်ပြီး စည်ကားလိမ့်မယ်ဆိုတာ တွေ့ရှိရတဲ့ အထောက်အထားတွေအရ သိကြရတယ်၊ မြို့ဟောင်းရဲ့လမ်းမကြီးတွေဟာ ဖြောင့်တန်းပြီး ကျယ်ပြန့်ကြတယ်တဲ့၊ လူနေအိမ်ခြေတွေဟာ နဖ်ထပ်သုံးထပ်အထိ ဆောက်လုပ်ထားပြီး တချို့ အဆောက်အအုံတွေတို့ ကြီးမားတဲ့တိုင်လုံးကြီးတွေနဲ့ တန်ဆာဆင်ထားတယ်လို့ဆိုတယ်၊ အဲဒီမြို့သားတွေဟာ လူနေမှုအဆင့်အတန်းမြင့်မားပြီး ဗိသုကာ အတတ်မှာလည်း ဒီခေတ်နဲ့တောင် နှိုင်းယှဉ်နိုင်တယ်လို့ ထောက်ချက်ချကြတယ်၊ အဲဒီမှာတွေ့ရတဲ့



www.burmeseclassic.com

www.burmeseclassic.com



လူ့အသုံးအဆောင်ပစ္စည်းတွေ၊ အဝတ်အထည်တွေ၊ အစားအသောက်တွေနဲ့ တိရစ္ဆာန်မွေးမြူတဲ့ လှေတွေပါလည်း ဒီဘက်ခေတ်နဲ့မခြားအောင် ရှိနေတယ်တဲ့၊ အချို့နေရာတွေမှာဆိုရင် အလယ်တည့်တည့်မှာ ရေကန်ကျယ်ကြီး တည်ဆောက်ထားပြီး ပတ်လည်မှာ အခန်းကလေးတွေ၊ အဆောင်ကလေးတွေ တည်ရှိနေတဲ့ အခုခေတ် ရေကူးကန်လို အဆောက်အအုံမျိုးကို တောင် တွေ့ကြရတယ်၊ ထူးခြားမှုကတော့ အဲဒီမြို့ဟောင်းမှာ လူသေတွေကို မတွေ့ရှိကြရတာပဲ၊ ပြီးတော့ မြို့ဟောင်းက ရုပ်ပုံတွေ၊ စာတွေကိုလည်း ဘယ်သူမှ ဖတ်ရှုဘာသာမပြန်နိုင်ခဲ့ဘူး၊ ဒါကြောင့် မြို့ဟောင်းရဲ့အမည်နဲ့ မြို့ဟောင်းဟာ ဘယ်လို ဘေးဒုက္ခအန္တရာယ်တွေကျရောက်ပြီး မြေကြီးအောက်ကို နစ်မြုပ်ပျောက်ကွယ်ခဲ့ရသလဲဆိုတာကိုလည်း အခုထိ အဖြေမပေါ်နိုင်ကြသေးဘူး၊ ဒါကြောင့် တူးဖော်တဲ့သုတေသနသမားတွေက မြို့ဟောင်းကို သေလွန်ပြီးသူများ၏မြို့တော်၊





"မိုဟန်ဂျိုဒါရို" လို့ အမည်ပေးခဲ့ကြတယ်၊ ကျွန်တော်တို့ ဇာတ်လမ်းထဲက အစ်ကာဇာတ်လိုက် ကျောက်မျက်လုံးဟာ မိုဟန်ဂျိုဒါရိုမြို့ဟောင်းကို တူးဖော်ရင်း တွေ့ရှိခဲ့တဲ့ ပစ္စည်းများစွာထဲက တစ်ခုပဲပေါ့ဗျာ"

ဟု ပြောကာ အာခြောက်သွားဟန်နှင့် အရက်ခွက်ကို မော့လေ၏။

ရွှေပေါ်က ခေါင်းညိတ်ပြီး

"လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀၀၀ ကျော်က ပစ္စည်းဆိုတော့ အဲဒီအချိန်က ဘုရားတောင် မပွင့်သေးဘူးဗျ"

ဟု ဆိုလိုက်ရာ စုံထောက်မြဒွေက

"ဒါပေါ့ဗျ၊ ကျွန်တော်တို့အကြောင်းကိုဆက်ရရင် ကာလကတ္တားဘက်ကနေ ပြန်ရလိမ့်မယ်၊ ကာလကတ္တားမှာ အိန္ဒိယသူနဲ့ ဘိလပ်သားက ပေါင်းဖက်ပြီး မွေးဖွားလာတဲ့ ကပြားမကလေးတစ်ယောက် ရှိတယ်ဗျ၊ သူ့အမည်က စင်သီယာလို့ခေါ်တယ်၊ စင်သီယာမှာ ကာလကတ္တားတက္ကသိုလ်တက်နေတဲ့ ချာလီတန်ဆိုတဲ့ ချစ်သူတစ်ယောက်လည်း



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်”

ဟု ဆိုလေရာ ရွှေပေါ်က လက်ကာပြပြီး

“ဒီလူတွေကိုတော့ ကျုပ်သိတာပေါ့ဗျ၊ ကျုပ်တို့သစ်တောမှာ ဝန်ထောက်ဘဝနဲ့နေသွားဖူးတဲ့ မစ္စတာချာလ်တန်တို့ နှီးမောင်နှံပဲ၊ မစ္စတာ ချာလ်တန်က တောထဲမှာ ကျားဆွဲခံလို့ သေသွားခဲ့တယ်လေ”

ဟု ပြောလိုက်၏။ စုံထောက်မြသွေးက စီးကရက်ကို မီးညှိပြီး

“အဲဒီစုံတွဲပဲပေါ့ဗျာ၊ သူတို့ဟာ တစ်နေ့မှာ ချစ်သူတို့သဘာဝ သွားလာလည်ပတ်ရင်း ဆောက် လက်စ အဆောက်အအုံဟောင်းတစ်ခုရဲ့ဘေးက ဖြတ် အသွားမှာ မတော်တဆမှုတစ်ခုနဲ့ ကြုံခဲ့ရတယ် ဗျ၊ အဆောက်အအုံမှာဆင်ထားတဲ့ ငြမ်းစင်ပြိုကျ သွားတာပေါ့ဗျာ၊ အဲဒီမှာ မစ္စစ်သီယာဟာ ဘာမှ မဖြစ်ခဲ့ပေမဲ့ မစ္စတာချာလ်တန်ကတော့ သစ်သား ချွန်တစ်ခုနဲ့ ထိုးမိပြီး သစ်သားချွန်က မျက်လုံး တစ်လုံးကိုကော်ပြီး ဖောက်ထုတ်လိုက်သလို ဖြစ်





သွားခဲ့တာဗျ၊ ဒါကြောင့် သူတို့ဟာ အချိန်ဆိုင်းဘဲ အိန္ဒိယလူမျိုး သမားတော်တစ်ယောက်ဆီကို ရောက်ခဲ့ကြတယ်၊ သမားတော်ကြီးဟာ တိုင်းရင်း ဆေးတွေကို အသုံးပြုပြီး ရောဂါဝေဒနာကို ကုသ ပေးနေပေမဲ့ တော်ရုံဝေဒနာသည်ကို လက်မခံပြီး ကုပေးလေ့မရှိဘူးဗျ၊ သူ့ရဲ့ဆေးစွမ်းကြောင့် ဝေဒနာ သည်တွေ ပျောက်ကင်းကြပေမဲ့ သူကတော့ မထင် မရှားဘဲ တောင်မြှုပ်နေခဲ့တဲ့ ထူးဆန်းတဲ့ သမားတော် တစ်ယောက်ပေါ့ဗျာ၊ ဒီလိုနဲ့ မစ္စတာ ချာလ်တန်ကို တော့ သမားတော်ကြီးက ကုသပေးဖို့ လက်ခံခဲ့ တယ်၊ မစ္စတာချာလ်တန်ရဲ့မျက်လုံးဒဏ်ရာကို ပျောက်ကင်းအောင်လုပ်ပေးခဲ့တဲ့အပြင် အဲဒီ မျက်လုံးနေရာမှာ ကျောက်မျက်လုံးတစ်လုံးကိုပါ တပ်ဆင်ပေးခဲ့တယ်၊ ထူးခြားမှုကတော့ အဲဒီ ကျောက်မျက်လုံးဟာ အခြားသူတစ်ယောက်ရဲ့ အမြင်မှာ သာမန်မျက်လုံးတစ်လုံးလိုပဲ ရှိနေ တယ်ဗျ၊ ပြောရရင်တော့ မစ္စတာချာလ်တန်ဟာ မျက်လုံးတစ်ဖက်ပျက်သွားတဲ့အတွက် ကျောက်



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံး အစားထိုးတပ်ဆင်ထားတယ် ဆိုတာကို ဘယ်သူမှမရိပ်မိနိုင်အောင် မျက်လုံးအစစ်နဲ့မခြား ရှိနေတာပါပဲ''

ဟု ဆိုလေရာ ရွှေပေါက မေးစေ့ကို လက်နှင့်ပွတ်ပြီး

''ခင်ဗျားပြောလို့သာ ကြားရတယ်၊ ကျုပ်လည်း မှော်တာ ချာလ်တန်ကို မြင်တွေ့ခဲ့ဖူးတယ်ဗျ၊ မျက်လုံးက အကောင်းအတိုင်းပဲ၊ ဘာမှထူးခြားမှု မရှိဘူး''

ဟု ရေရွတ်လေ၏။ စုံထောက်မြသွေးက စီးကရက်ကို ဖွာကာ

''အဲဒီထက်ပိုပြီး ကျောက်မျက်လုံးဟာ မှော်တာချာလ်တန်ရဲ့ မျက်လုံးအိမ်ထဲမှာ အကြော အသားတွေ၊ အကြောတွေနဲ့ တစ်သားတည်း ပေါင်းစပ်သွားပြီး ကျောက်မျက်လုံးကိုပြန်ပြီး ထုတ်ယူချင်တယ်ဆိုရင်တောင် ပကတိမျက်လုံး အကောင်းကို ဖောက်ထုတ်လိုက်သလို ခံစားရမယ် ဆိုရင် ခင်ဗျား ပိုပြီးအံ့သြလိမ့်မယ်၊ ဒါပေမဲ့ ဒါဟာ အဖြစ်မှန်ပဲဗျ၊ အဲဒီမျက်လုံးရဲ့ထူးခြားမှုကို တပ်ဆင်





ပေးခဲ့တဲ့ သမားတော်ကြီးကိုယ်တိုင်တောင် သေသေချာချာ သိခဲ့မယ်မထင်ဘူး၊ သမားတော်ကြီးက ပြည်း မှော်တာချာလ်တန်ရဲ့မျက်လုံးဒဏ်ရာကို ကုသပေးရုံသာမက တိုက်တိုက်ဆိုင်ဆိုင်ပဲ တောလေ ဂူထဲတစ်ပေါက်က လာပြီးရောင်းလို့ အဲဒီ ကျောက်မျက်လုံးကို ရခဲ့တာဗျ၊ ဒီလောက်ဆိုရင် အဲဒီ ကျောက်မျက်လုံးဟာ ကျုပ်ပြောခဲ့တဲ့ 'မိုဟန်ဂျိုဒါရို' မြို့တော်ဟောင်းကျူးကျော်တဲ့နေရာကနေပြီး ရှေးဟောင်းသုတေသနလက်ထဲကို တစ်နည်းမဟုတ်တစ်နည်းနဲ့ ရောက်လာခဲ့ရတဲ့ ကျောက်မျက်လုံးဆိုတာ ခင်ဗျား ရိပ်မိလောက်ပါပြီ၊ ဒါပေမဲ့ ကာယကံရှင်တွေဖြစ်တဲ့ သမားတော်ကြီးနဲ့ မှော်တာချာလ်တန်တို့ ဇနီးမောင်နှံကတော့ အဲဒီအချိန်အထိ ကျောက်မျက်လုံးရဲ့ ဇစ်မြစ်ကို ဘယ်သိနိုင်ဦးမလဲ''

ဟု ပြောဆိုလေ၏။ ရွှေပေါက

''ဇာတ်လမ်းကတော့ အထွတ်အထိပ်ကို ရောက်လာပြီ''

ဟု ဆိုလိုက်ရာ စုံထောက်မြသွေးက ခေါင်းယမ်းပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဒါက အစပဲရှိသေးတယ်ဗျ၊ ဒီလိုနဲ့ နောက်ထပ် (၅)နှစ်လောက်ကြာတဲ့အခါ မှော်တာချာလ်တန်လည်း ပညာစုံပြီး ဘုံဘေက အစိုးရရွှေ့နတစ်ခုမှာ အလုပ်ဝင်လုပ်တယ်ဗျ၊ မကြာခင်ပဲ မစ္စစင်သီယာနဲ့ လက်ထပ်ခဲ့တယ်၊ သူတို့လက်ထပ်ပြီး အဲဒီနောက်ပိုင်းမှာ မှော်တာ ချာလ်တန်ဟာ ထူးဆန်းပြီး ကြောက်မက်ဖွယ်ကောင်းတဲ့ အကြောင်းတွေကို သူတစ်ကိုယ်တည်း ရှိနေချိန်မျိုးမှာ တစ်စုံတစ်ယောက်က လာပြီးပြောဆိုတာကို ကြုံတွေ့ရတော့တာပဲ၊ မှော်တာချာလ်တန်က ဒီလိုပြောဆိုတဲ့သူကို မမြင်တွေ့ရဘဲ အသံကိုသာ ကြားခဲ့ရတာဖြစ်တယ်၊ အဲဒီအသံဆိုတာကလည်း တကယ့်အသံကြီး ထွက်ပေါ်လာတာမဟုတ်ဘဲ ပြောဆိုသူရဲ့စိတ်ထဲက ပြောချင်တဲ့အကြောင်းအရာကို နားထောင်သူက အလိုလိုကြားနေရတာမျိုးဗျ၊ ဒီကြားထဲ မေးချင်တဲ့ မေးခွန်းရှိရင်လည်း အသံတိတ်စိတ်ထဲက ပြန်မေးလို့ရသေးတယ်၊ စိတ်ချင်းဆက်သွယ်တဲ့ စကားပြောနည်းလို့ ဆိုရမှာပေါ့၊





အဲဒီလိုပြောကြတာလည်း တစ်လကို တစ်ကြိမ်လောက် ရှိခဲ့တယ်တဲ့၊ စကားပြောဆိုနေတဲ့အချိန်တွေမှာဆိုရင် မှော်တာချာလ်တန်ဟာ ပတ်ဝန်းကျင်ကို မေ့လျော့နေတတ်သလို စကားပြောဆိုပြီးရင်လည်း အိပ်မက်က လန့်နိုးလာသလို ဝေဝေဝါးဝါး ခံစားရတယ်တဲ့ဗျ၊ အဲဒီမှာ သူနဲ့ တွေ့ဆုံပြီး စကားပြောတဲ့သူက ကျောက်မျက်လုံးရဲ့မူလပိုင်ရှင် 'မိုဟန်ဂျီဒါရို' မြို့တော်သားတစ်ယောက် ဖြစ်တယ်လို့ဆိုတယ်"

ဟု ပြောလေရာ ရွှေပေါ်က

"အဖြစ်အပျက်ကတော့ မယုံနိုင်လောက်အောင်ပါပဲ၊ ဆက်ပါဦးဗျ"

ဟု စကားထောက်ပေးလိုက်၏။

စုံထောက်မြသွေးကလည်း ပြောရသည့်မှာ အားတွေလာဟန်နှင့် အရက်ခွက်ကိုမော့ပြီ

"မိုဟန်ဂျီဒါရိုမြို့သားက မှော်တာချာလ်တန်နဲ့ စကားပြောတယ်ဆိုတာကလည်း သူပိုင်ဆိုင်တဲ့ ကျောက်မျက်လုံးကို ပြန်တောင်းတာတဲ့ဗျ၊ မှော်တာ



www.burmeseclassic.com

www.burmeseclassic.com



ချာလ်တန်က သူ့ဒုက္ခဖြစ်ရာကို ဘယ်လောက်သင့်
ခံမလဲ၊ မပေးနိုင်ဘူးလို့ အကြိမ်ကြိမ်ငြင်းဆန်တာ
ပေါ့၊ အဲဒီမှာလှိုင်ရှင်ကလည်း မစ္စတာချာလ်တန်ကို
မျက်လုံးပြန်ရဖို့အရေး ချော့တစ်ခါ၊ ခြောက်
တစ်လှည့်နဲ့ တောင်းဆိုနေတော့တာပဲဗျ။ ကျုပ်က
ဒီအဖြစ်အပျက်တွေကို တစ်ထိုင်တည်းပြောနေပေမဲ့
အဲဒီအချိန်က မစ္စတာ ချာလ်တန်ရဲ့ အခြေအနေက
စိတ်ထောင်းကိုယ်ကြေပြီး ကော်လော်ကလော
အကျပ်ရိုက်နေတယ်ဆိုတော့ ဆေးရုံတွေ နိပ်စီ
ကုန်တာပေါ့၊ အဓိကကတော့ ဇင်သီယာဟာ သူ့
ယောကျ်ား တစ်နေ့ထက်တစ်နေ့ အလုပ်မျက်
အကိုင်ပျက်ဖြစ်ပြီး ပူလောင်သောကလည်း ဖျော့တော့
မှိုင်တွေနေတာကို တွေ့နေရတာကိုး၊ မစ္စတာ
ချာလ်တန်ကတော့ အဲဒီအချိန်အထိ သူ့ကိစ္စကို
ဖွင့်မပြောခဲ့ပါဘူး၊ ဇင်သီယာက သူ့ယောကျ်ား
ကို စိတ်ကူးဆရာဝန်တွေ၊ ဘာတွေနဲ့တောင်
ပေါ်ပြီးပြခဲ့သေးတယ်၊ ခေတ်လမ်းကိုဆက်ရရင်
တော့ တစ်ကြိမ်မှာ အဲဒီကျောက်မျက်လုံးရဲ့ မူလ



ပိုင်ရှင်က မစ္စတာချာလ်တန်ကို ကျောက်မျက်လုံးပြန်
ပေးဖို့ အပေးအယူတစ်ခုလုပ်လာခဲ့တယ်၊ အဲဒါ
ကတော့ မစ္စတာချာလ်တန်ဟာ ကျောက်မျက်လုံး
ကို ခွန်ယွတ်ပြီး နေရာမှန်မှာ ပြန်ထားခဲ့ရင်
များပြားလှတဲ့ စိန်ရွှေရတနာတွေကိုပေးမယ်၊
ရလိမ့်မယ်လို့ဆိုတယ်"
ဟု ဆိုလိုက်ရာ ရွှေပေါ်က လှုပ်လှုပ်ရှားရှားဖြစ်ပြီး

"ကျုပ် တကယ်စိတ်ဝင်စားတဲ့အကြောင်းကို
ရောက်လာပြီဗျ"
ဟု ပြောလေ၏။
စုံထောက်မြရွှေက ဆက်၍

"မူလပိုင်ရှင်က ကျောက်မျက်လုံးကို မိုဟန်
ဂျိုဒါရို မြို့ဟောင်းရဲ့တောင်ဘက် အစွန်ဆုံးမှာရှိတဲ့
နေရာတစ်ခုကို လာပို့ဖို့ အတိအကျ လမ်းညွှန်ခဲ့
တယ်ဗျ၊ အဲဒီနေရာမှာ မူလက နတ်ဘုရားကျောင်း
ဆောင်တစ်ခု တည်ရှိခဲ့ပြီး ကြေးဝါနဲ့ သွန်းလုပ်
ထားတဲ့ ရုပ်ထုတစ်ခုလည်း ရှိခဲ့တယ်ဗျ၊ အဲဒီရုပ်ထု
ဟာ လူရဲ့အရွယ်အစား သွန်းလုပ်ထားပြီး ဆုံး

www.burmeseclassic.com

www.burmeseclassic.com



တာက မျက်လုံးတစ်ဖက်လပ်နေတာပဲ၊ မစ္စတာချာလ်တန်ဟာ ကျောက်မျက်လုံးကို အဲဒီနတ်ရုပ်ထုရဲ့ မျက်လုံးနေရာမှာ ပြန်လည် တပ်ဆင်ပေးရမယ်လို့ တောင်းဆိုခဲ့တာပဲ၊ တကယ်ဆိုရင် မိုဟန်ဂျိုဒါရိုမြို့သားကလည်း အကြောင်းကိစ္စတစ်ခုနဲ့ မျက်လုံးကွယ်သွားလို့ နတ်ရုပ်တုရဲ့မျက်လုံးကို ယူဆောင်တပ်ဆင်ခဲ့ရတာလို့ ရှင်းပြတယ်ဗျ၊ အဲဒီလိုမသင့်တော်တဲ့အပြစ်ကို ကျူးလွန်မိတဲ့အတွက် သူ့ရဲ့ဝိညာဉ်ဟာ အခုထိ မကျွတ်လွတ်နိုင်သေးဘူးလို့ ပြောပြတယ်၊ ဒါပေမဲ့ မစ္စတာချာလ်တန်ဟာ အဲဒီလူရဲ့ အပေးအယူကိုလည်း ငြင်းပယ်ခဲ့ပြန်တယ်၊ ဘာကြောင့်လဲဆိုရင် သူ့ရဲ့မျက်လုံးတစ်လုံးကို ဘယ်လိုစိန်ရွှေရတနာမျိုးနဲ့မှ မလဲလှယ်နိုင်လို့ပဲ''

ဟု ဆိုပြန်၏။

ထိုအခါ ရွှေပေါ်က နားမလည်ဟန်နှင့်

''မစ္စတာချာလ်တန်က မြို့တော်ဟောင်းမှာရှိတဲ့ နတ်ရုပ်ကို ဘယ်လိုရှာပြီး မျက်လုံးပြန်တပ်





ပေးရမှာလဲ၊ ပြီးတော့ သူတို့ရဲ့ အပေးအယူအရ ရတနာတွေကိုရော ဘယ်လိုနည်းနဲ့ပိုင်ဆိုင်ရမှာလဲ''

ဟု မေးပြန်း၏။

ဖုံထောက်မြရွှေက

''မိုဟန်ဂျိုဒါရိုမြို့တော်ဟောင်းကို ပညာရှင်တွေက အခုထိ တူးဖော်လေ့လာနေတုန်းပဲ၊ သူတို့ဟာ မြို့တော်ရဲ့တောင်ဘက်မှာ ရှုံ့က ခင်ထားမေးခဲ့တဲ့ နတ်ရုပ်လို့ယူဆတဲ့ရတဲ့ ကြေးဝါနဲ့သွန်းလုပ်ထားတဲ့ အရုပ်တစ်ခုကို တူးဖော်တွေ့ရှိခဲ့ပြီး မူလနေရာမှာပဲ ထိန်းသိမ်းစောင့်ရှောက်ထားတယ်ဗျ၊ အဲဒီနတ်ရုပ်မှာလည်း မျက်လုံးတစ်ဖက် ဟောင်းလောင်းကြီးဖြစ်နေတော့ မစ္စတာချာလ်တန်ဆီက ကျောက်မျက်လုံးတစ်ဖက်ပြန်ရဖို့ ကြိုးစားနေတဲ့ မြို့တော်သားရဲ့စကားနဲ့ ကိုက်ညီမနေဘူးလား၊ မစ္စတာချာလ်တန်က ကျောက်မျက်လုံးကို မူလနေရာရောက်အောင် လုပ်ဆောင်ပြီးတာနဲ့ မိုဟန်ဂျိုဒါရိုမြို့တော်က ဘုရင်အဆက်ဆက် သိုမှီးထားခဲ့တဲ့ လျှို့ဝှက်ရတနာသိုက်ရှိတဲ့ နေရာကို မစ္စတာ



www.burmeseclassic.com

www.burmeseclassic.com



ချာလ်တန်သိအောင် အရင်တုန်းက ဆက်သွယ်ခဲ့ဖူးတဲ့ စိတ်ချင်းဆက်သွယ်တဲ့နည်းမျိုးနဲ့ဆက်သွယ်ပြီး သတင်းပေးမယ်လို့ ဆိုတယ်၊ အဲဒီရတနာသိုက်ခေါ် ဘုရင်ဘဂ္ဂါတိုက်ဟာ မြို့တော်ဟောင်းနဲ့ မဝေးလှတဲ့ တစ်နေရာက တောင်ကုန်းတစ်ခုရဲ့ ထိပ်တည့်တည့်မှာရှိတယ်လို့လည်း ဆိုတယ်”

ဟု ပြောလေ၏။

ရွှေပေါ်သည် စိတ်ဝင်စားမှုကြောင့် မျက်လုံးတဖျတ်ဖျတ်တောက်ပသွားသော်လည်း

“ဒီအဖြစ်အပျက်ဟာ စိတ်ကူးယဉ်ထားတဲ့ အချက်အလက် တွေပေါ်မှာ အခြေခံထားတာပဲဗျ၊ ပြီးတော့ ကာယကံရှင်ဖြစ်တဲ့ မစ္စတာချာလ်တန်လည်း သေဆုံးခဲ့ပြီးပြီ၊ ကျောက်မျက်လုံးဆိုတာကလည်း ဘယ်ရောက်သွားပြီလဲ မသိဘူး”

ဟု ရေရွတ်လေ၏။

ထိုအခါ စုံထောက်မြဲဆွေက အိတ်အတွင်းမှ ကတ္တီပါ အိတ်ရှုံ့ကလေးတစ်ခုကို ထုတ်ယူပြီး

“ဟောဒီအိတ်ကလေးဟာ ဘသော်တို့အိမ်ကို



ကျုပ်တို့ ရောက်သွားတုန်း သူ့မိန်းမဆီက ကျုပ် ဘယ်သူမှမသိအောင် သိမ်းဆည်းထားလိုက်တာပဲဗျ၊ ဒီအိတ်ကလေးဟာ မစ္စတာအော်ဒဝင်က သူ့ကိုကျေးဇူးပြုခဲ့တဲ့ ဘသော်တို့လင်မယားကို ကျေးဇူးဆပ်ခဲ့တဲ့ ရွှေဒင်္ဂါးတွေကို ထည့်ထားတာပဲဗျ”

ဟု ပြောလိုက်ရာ ရွှေပေါ်က အိတ်ရှုံ့ကလေးကို ဆတ်ခနဲဆွဲယူပြီး အတွင်းမှရွှေဒင်္ဂါးများကို ကြည့်ပြီး မျက်လုံးပြူးကျယ်၍

“ဟာ… မနည်းပါလားဗျ၊ ကျော့ခေါင်းတံဆိပ် နှစ်ထပ်ရွှေဒင်္ဂါးပြားတွေပဲ”

ဟု ဆိုလိုက်၏။

စုံထောက်မြဲဆွေက ခေါင်းယမ်းပြီး

“သေသေချာချာလည်း ကြည့်ပါဦးဗျာ၊ ကျော့ခေါင်းတံဆိပ် ရွှေဒင်္ဂါးတွေနဲ့တူတဲ့ အခြားရွှေဒင်္ဂါးမျိုးတွေပါဗျာ၊ တစ်ဖက်မှာလည်း ဘယ်သူမှ နားမလည်နိုင်တဲ့စာတွေ ရေးထိုးတာရှိတယ်၊ အဲဒီစာတွေဟာ ဂိုဟန်ဂျိုဒါရိုမြို့ဟောင်းမှာတွေ့ရတဲ့ စာပေအရွေးရာတွေနဲ့ တစ်ထပ်တည်းပဲဗျ၊ တိတိ

www.burmeseclassic.com

www.burmeseclassic.com



ကျကျပြောရရင် မိုဟန်ဂျိုဒါရိုမြို့တော်ဟောင်းရဲ့ ရတနာသိုက်ထဲက ပစ္စည်းတွေပေါ့ဗျာ"

ဟု ပြောလေတော့၏။

ရွှေပေါ်က မျက်နှာရွှင်ပြလာပြီး

"ဒါဆိုရင် ဒီအဖြစ်အပျက်ဟာ တကယ့် အဖြစ်အပျက်ပေါ့၊ ကျုပ်တော့ ခင်ဗျားစကားတွေကို နားထောင်ရတာ ရှင်းမလိုလိုနဲ့ ရှုပ်နေပြီ"

ဟု ပြောလိုက်ရာ စုံထောက်မြရွှေက

"ဟုတ်တယ်၊ ရှုပ်ထွေးနေတာတော့ အမှန်ပဲ၊ မစ္စတာအော်ဝင်ဆီမှာ မြို့တော်ဟောင်းက ရွှေဒင်္ဂါး တွေရှိနေတာ စဉ်းစားစရာကောင်းတဲ့ အချက်ပဲ၊ သူဟာ အဲဒီရွှေဒင်္ဂါးတွေကို ကျောက်မျက်လုံးနဲ့ ပတ်သက်ပြီး ရရှိခဲ့တာလား၊ ဒါမှမဟုတ် တစ်ခြား တစ်နည်းနည်းနဲ့ ရရှိခဲ့တာလားဆိုတာလည်း ဘယ်သူမှမသိဘူး၊ ကျုပ်ကို လျှို့ဝှက်ညွှန်ကြား နိုင်းစေခဲ့တဲ့ အင်္ဂလိပ်အစိုးရရဲ့ အုပ်ချုပ်ရေးဝိုင်းက အရာရှိကြီးတောင် သေသေချာချာမသိတဲ့ ကိစ္စတွေ ရှိသေးတယ်၊ နံပါတ်တစ်အချက်က မြို့တော်ဟောင်းက နတ်ရုပ်မှာ တပ်ဆင်ရမဲ့ ကျောက် မျက်လုံးဟာ မစ္စတာချာလ်တန်ကို ကျားဆွဲပြီး သေဆုံးကတည်းက ပျောက်ဆုံးခဲ့တာဖြစ်တယ်၊ နံပါတ်နှစ်အချက်က မစ္စတာအော်ဒဝင်ရဲ့လက်ထဲမှာ မြို့တော်ဟောင်းက ရတနာတွေရှိနေ တယ်လို့သာ အသွယ်မှတ်ထားပေတော့၊ အခု ခင်ဗျားတွေနေရတဲ့ ဒင်္ဂါးတွေကို ကျုပ်ရဲ့အရာရှိကြီးဆီကို ပြန်အပ်ရမယ်၊ သူ့ဆီမှာလည်း ဒီလိုဒင်္ဂါးတစ်ချို့ ကျုပ် တွေ့ခဲ့ဖူး တယ်ဗျ၊ အဲဒီဒင်္ဂါးတွေဟာ မစ္စတာ အော်ဒဝင် မြန်မာပြည်မှာသုံးစွဲခဲ့တဲ့ ဒင်္ဂါးတွေကို သိမ်းဆည်း မိခဲ့တာတွေပဲ၊ ဒီတော့ အဖြစ်အပျက်က ဘယ် လောက်ရှုပ်ထွေးနေပါစေ၊ မစ္စတာအော်ဒဝင်ကို လက်ရဖမ်းဆီးနိုင်ခဲ့ရင် ရှင်းသွားမှာပဲဗျ၊ အဲဒီတော့ ခင်ဗျားခေါင်းထဲမှာ ဘာမှမထွေးတော့ဘဲ အဲဒီ လူကြီး ဖမ်းဆီးမိဖို့သာ အပြင်းအထန် ကြိုးစား ပေတော့"

ဟု တိုက်တွန်းလေ၏။

● ● ●

www.burmeseclassic.com

www.burmeseclassic.com



● ပြန်မရနိုင်တော့သည့်
ဆုံးရှုံးမှုအတွက်
ပူဆွေးတမ်းတခြင်း
မဖြစ်ပါနှင့်။

အိစွက်





ဘသော်သည် ဆင်ကြီးမိုးဟိန်းရဲ့ဝမ်းဗိုက်ကို ကြခင်နာပာန်နှင့် ပွတ်သပ်ပေးလျက်ရှိ၏။ အခေးတွင် တောင်နီတောင်ကို မြင်နေရချေပြီ။

ထိုအခိုက် မျက်နှာဖြူကြီးက

"ရွာကလေးရဲ့ဆင်ကြီး မိုးဟိန်းက ဘာဝန်ကျေပါတယ်၊ သူ့ကို ပြန်လွှတ်လိုက်ဖို့သင့်ပြီ"

ဟု တိုက်တွန်း၏။ ဘသော်က မိုးဟိန်းအား ပွတ်သပ်နေရာမှ ရပ်တန့်ပြီး

"ကဲ… မိုးဟိန်းရေ…၊ မင်းရဲ့ရွာနေရောက်အောင် ပြန်ပေတော့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆိုကာ တင်ပါးကို ခပ်ဆတ်ဆတ်ပုတ်လိုက်၏။

မိုးဟိန်းက လူစကားနားလည်သည့်အလား ချာခနဲလှည့်ကာ လာရာလမ်းအတိုင်း ပြေးလွှားသွားတော့၏။

ထိုအခါ ဘသော်လည်း သမီးငယ်ကို ချီပိုးကာ ဇနီးသည်နှင့်အတူ မျက်နှာဖြူကြီး၏ဦးဆောင်မှုအတိုင်း လိုက်ပါခဲ့လေ၏။

သူတို့သည် နေဝက်ခရီးနှင့်ပြီးလျှင် အိမ်ခြေလေးငါးအိမ်မျှသာရှိသည့် ရွာဟူ၍ပင် အမည်တပ်မရသော အိမ်စုကလေးသို့ ရောက်ရှိလာ၏။

ထိုအိမ်စုကလေးတွင် ဩဇာအာဏာသက်ရောက်မှုရှိသော အသားညိုညိုနှင့်လူကြီးကို ဘသော်တို့နှင့် မျက်နှာဖြူကြီးက မိတ်ဆက်ပေးလေ၏။

ထိုလူကြီးအမည်မှာလည်း ဦးညိုဟုခေါ်၏။ သူတို့သည် ဦးညို၏အိမ်တွင်နားနေပြီး နေ့လယ်စာကို စားသောက်ကာ မျက်နှာဖြူကြီးက

*"ကျုပ်တို့ လှိုဏ်ဂူစခန်းကို ခရီးဆက်မယ်၊ ဒီက အကြောင်းထူးရှိရင်သာ ကျုပ်တို့ဆီကို အမြန်ဆုံးသတင်းပို့ပါဗျာ"*

ဟု ဦးညိုအား မှာလေ၏။





ဦးညိုက သူတို့အတွက် လမ်းခရီးတွင်စားသောက်ရန် ရေနှင့် ရိက္ခာကို စီစဉ်ပေး၏။ သူတို့သည် အိမ်စုကလေးမှနေ၍ အရှေ့တောင်စူးစူးသို့ တောလမ်းအတိုင်း ခရီးဆက်ရပြန်၏။

လမ်းတွင် မမြနွယ်ကလေးက ဘသော်ကို

*"အဖေ… သမီးတို့ ဘယ်ကိုသွားနေတာလဲ၊ အိမ်ကို မပြန်တော့ဘူးလား"*

ဟု မေးမြန်း၏။ ဘသော်က မမြနွယ်ကလေး၏ခေါင်းကို ပွတ်သပ်ကာ

*"အဖေတို့ အိမ်ပြောင်းလာပြီ သမီးရဲ့၊ ဟောဒီက ဘဘကြီး နဲ့အတူ လိုက်လာတာ၊ ရွာကို ဘယ်တော့မှမပြန်တော့ဘူး"*

ဟု ဆိုကာ မည်သို့ အဖြေပေးရမှန်းမသိဖြစ်နေစဉ် မျက်နှာဖြူကြီးက ဝင်၍

*"ဘဘကြီးက သမီးလေးကို အလွန်ပျော်စရာကောင်းပြီး သာယာတဲ့နေရာကလေးကို ခေါ်သွားမှာကွဲ၊ အဲဒီမှာ သမီးလေးအတွက် အဝတ်အထည်လှလှကလေးတွေနဲ့ အစားအသောက်တွေလည်း အများကြီးရှိတယ်"*



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။

မမြချစ်ကမူ စိတ်ညစ်ညူးစရာအားလုံးကို မေ့ပျောက်ပစ်လိုက်ဟန်နှင့် ရွှင်လန်းတက်ကြွစွာ သွားလာနေ၏။ သူမ၏စကားအတိုင်းပင် ကြိုလာမည့်ဘေးဒုက္ခများကို ရင်ဆိုင်ဖြေရှင်းမည့်အသွင်ဖြစ်၏။

သူတို့သည် တောထဲတွင် တစ်ညတာမျှ နားပြီး နောက်တစ်နေ့လုံး သွားလာရပြန်၏။ မှောင်စပျိုးချိန်တွင်မှ တောင်နံတောင်ခြေသို့ ရောက်ရှိလာ၏။

ထို့နောက် လွန်စွာကျဉ်းမြောင်းသော ကျောက်တောင်မြင့်ကြီး နှစ်ခုကြားရှိ တောင်ကြားလမ်းမှဝင်ရောက်လိုက်လျှင် သူတို့သည် ကမ္ဘာသစ်တစ်ခုသို့ ရောက်ရှိသွားသည့်အလား ခံစားလိုက်ရ၏။

လမ်းခရီးတွင် သူတို့သည် လူဟူ၍ တစ်ယောက်တစ်ယောက်မျှ မကြုံတွေ့ခဲ့သော်လည်း ထိုနေရာတွင် လူပေါင်းများစွာရှိနေ၏။ သစ်လုံးများနှင့် အခိုင်အခန့်ဆောက်လုပ်ထားသော တန်းလျားရှည်ကြီးများကဲ့သို့ အဆောက်အအုံများရှိ၏။

ကျုံ့မသန်စွမ်းပြီး တောင့်တင်းကြံ့ခိုင်ဟန်ရှိသော လူငယ်၊ လူရွယ်များနှင့် လူကြီးအချို့က အပေါ်ပိုင်းဗလာကျင်းပြီး လက်နက်



ကိုင်ပံ့စီနှင့် အတိုက်အခိုက်၊ အသတ်အပုတ်များကို လေ့ကျင့်နေကြ၏။

ဘသော်က ထိုနေရာကို ငေးခဲအကဲခတ်ပြီး

*"ဒီလူတွေက ဘယ်သူတွေလဲ၊ သူတို့ပုံစံက တိုက်ပွဲအတွက် အပြင်းအထန်လေ့ကျင့်နေတဲ့ စစ်သားတွေနဲ့တူနေတယ်"*

ဟု မျက်နှာဖြူကြီးကို မေးမြန်း၏။

မျက်နှာဖြူကြီးက အဖြေမပေးသေးဘဲ ဘသော်တို့ကို တန်းလျားများ၏အလယ်တွင် ဆောက်လုပ်ထားသော သစ်လုံးအိမ်တစ်အိမ်သို့ ခေါ်ဆောင်သွားလေ၏။

ထိုအိမ်ကလေးမှာ အိမ်ထောင်ပရိဘောဂ အစုံအလင်ရှိပြီး သန့်ရှင်းသပ်ရပ်စွာ ပြင်ဆင်ထား၏။ ထိုအခါမှပင် မျက်နှာဖြူကြီးက ဘသော်တို့ကို

*"ဒီနေရာကို လူကလေးတို့ ကိုယ့်အိမ်ရာလို သဘောထား ကြပေတော့၊ တကယ်တော့ ဒါဟာ လျှို့ဝှက်စခန်းတစ်ခုပဲ၊ တိတိကျကျပြောရရင် အင်္ဂလိပ်ကိုတိုက်ထုတ်ဖို့ လူအင်အားစုဆောင်းပြီး မြန်မာ့လက်ရွေးစင်တပ်သားတွေ စုဆောင်းထား၊*

www.burmeseclassic.com

www.burmeseclassic.com



ခန်းပဲ၊ ဒီမှာ သူတို့အတွက် လက်နက်နဲ့ စားနပ်ရိက္ခာ အပြည့်အစုံရှိတယ်၊ ဒီစခန်းရဲ့ အကြီးအကဲကတော့ အထက်မြန်မာပြည်ကို အင်္ဂလိပ်တွေ သိမ်းယူစဉ်ကတည်းက မျိုးချစ်စိတ်ဓါတ်အပြည့်နဲ့ တော်လှန်နေတဲ့ ဗိုလ်ခေါင်းကြီးရဲ့ လက်ရုံးတစ်ဆူ ဖြစ်ခဲ့ဖူးတဲ့ ဗိုလ်သူရိန်ပဲ”

ဟု ပြောလေရာ ဘသော်က

“ကျုပ်က ခင်ဗျားကို ဒီလိုလူတွေနဲ့ ပတ်သက်နေမှန်း လုံးဝမရိပ်မိဘူး၊ ခင်ဗျားမှာ ကြီးကျယ်တဲ့ရည်ရွယ်ချက်တစ်ခုတော့ ရှိရမယ်”

ဟု ဆိုလိုက်၏။

ထိုအခါ အိမ်တွင်းသို့ အသက် (၆၀)များသို့ပင် ကပ်နေပြီ ဖြစ်သော်လည်း လူငယ်တစ်ယောက်လို ဖျတ်လတ်သွက်လက်စွာ ဝင်ရောက်လာသော လူတစ်ယောက်က

“သိပ်ဟုတ်တာပေါ့၊ အင်္ဂလိပ်လူမျိုးဖြစ်ပေမဲ့ မြန်မာတစ်ယောက်က အသက်ကယ်တင်ခဲ့တဲ့ အတွက် သူဟာ မြန်မာစိတ်ပေါက်ပြီး မြန်မာတွေကို ကူညီခဲ့တယ်၊ မြန်မာပြည်နေရာအနှံ့အပြား သွား





လာပြီး မျိုးချစ်တော်လှန်ရေး လက်ရွေးစင်တပ်သား တွေ စုဆောင်းပေးခဲ့တယ်၊ မစ္စတာအော်ဒဝင်ဟာ ကျုပ်တို့ မျိုးချစ်မြန်မာတွေအတွက်တော့ မိတ်ဆွေ ကောင်းတစ်ယောက်ဖြစ်သလို ရဲဘော်ရဲဘက် ကောင်းတစ်ယောက်ပါပဲ”

ဟု ပြောလေ၏။

ထိုသူသည် လက်ထဲတွင် ဓါးလွယ်ကိုကိုင်ပြီး သျှောင်တစောင်းထုံးထား၏။ ထိုအခါ မျက်နှာဖြူကြီးက ဟက်ခနဲရယ်ပြီး ထိုသူထံ လက်ညှိုးညွှန်ကာ

“သူကတော့ ဟောဒီလျှို့ဝှက်စခန်းက အကြီးအကဲ ဗိုလ်သူရိန်ပါပဲ၊ ဗိုလ်သူရိန်ပြောခဲ့တဲ့ အတိုင်းပါပဲ၊ ကျုပ်ဟာ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က မြန်မာပြည်ကို ရောက်စအချိန်မှာပဲ ချင်းတွင်း မြစ်အထက်ပိုင်းက မဟာမြိုင်တောထဲမှာ တပည့် တစ်ယောက်နဲ့အတူ ပရဆေးပင်တွေ လေ့လာရ အောင် ရောက်ရှိနေတုန်း သရာတပည့်နှစ်ယောက် လူကွဲပြီး ကျုပ်မှာရှိတဲ့ ငှက်များက ရုတ်တရက် ထပြီး အပြင်းအထန်ဖျားနာခဲ့တယ်၊ ဗိုလ်သူရိန်တို့



www.burmeseclassic.com

www.burmeseclassic.com



အပွဲ့သားတွေနဲ့မတွေ့ရင် ကျွပ်ဟာ တောထဲမှာ ရှမသိ သူမသိ သေဆုံးသွားမှာပါ၊ ကျွပ် အသက်ကို ဗိုလ်သူရိန်ကယ်တင်ခဲ့တာပါ၊ ဒါကြောင့် ကျွပ်ကလည်း ဗိုလ်သူရိန်တို့အကျိုးအတွက် ပြန်ပြီး အကူအညီပေးခဲ့တာပါ၊ အခုဆိုရင် ဗိုလ်သူရိန်ရဲ့ အကြံအစည်ဟာ ဒီနေရာမှာ တော်တော်ကလေး အကောင်အထည်ပေါ်နေပြီဆိုတာ လူကလေးတို့ မျက်မြင်ပဲ မဟုတ်လား''

ဟု ပြောလေ၏။ ထိုအခါ မမြချစ်က မျက်လုံးကလေး ဝိုင်းပြီး

''ကျွန်မအနေနဲ့ မျိုးချစ်တော်လှန်ရေးသမားတွေဆိုတာ ကြားသာကြားခဲ့ဖူးပြီး ဘယ်လိုလူတွေမှန်း မသိခဲ့ပါဘူး၊ အခုတော့ မျက်မြင်တွေ့ရပြီး သူတို့ဟာ ကိုယ်ကျိုးစွန့်ပြီး တိုင်းပြည်အတွက် အသက်ကိုပေးလှူထားတာ မှန်မြတ်တဲ့အလုပ်ပဲ''

ဟု ဆိုလိုက်ရာ ဗိုလ်သူရိန်က

''မိန်းကလေးစိတ်ဝင်စားရင် ဒနေ့မှာ မိသားစုနဲ့ အတူနေထိုင်တဲ့ အမျိုးသမီးတွေရှိပါတယ်၊



သူတို့ဟာလည်း ယောကျ်ားတွေနည်းတူ တိုင်းပြည်တာဝန်ကို တစ်ဖက်တစ်လမ်းက ထမ်းဆောင်နိုင်အောင် စစ်ရေးလေ့ကျင့်မှုတွေ ပြုလုပ်နေကြပါတယ်''

ဟု ပြောဆိုလေ၏။ မမြချစ်က ခေါင်းညိတ်ပြီး လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ကာ

''ကျွန်မဘဝအတွက် အခုလို မထင်မှတ်ဘဲရောက်လာတဲ့ နေရာက သိပ်ပြီးအဓိပ္ပါယ်ရှိတဲ့ အတွေးတစ်ခု ရင်ထဲကို ဝင်လာခဲ့တယ်၊ အဲဒါက ကျွန်မဘဝကို တော်လှန်ရေးအတွက် မြှုပ်နှံထားဖို့ပဲ''

ဟု စိတ်ခတ်တက်ကြွစွာ ပြောလေ၏။ ဘသော်က မမြချစ်ကိုကြည့်ပြီး

''မြကလေးရဲ့ရင်ထဲမှာ ဘယ်အချိန်ကတည်းက သန္ဓေတည်လာမှန်းမသိတဲ့ မျိုးချစ်စိတ်က တော်တော် ကြီးထွားနေတာကိုး''

ဟု ရေရွတ်မိ၏။

ဤသို့ဖြင့် သူတို့သည် ရည်ရွယ်ချက်တူ ခရီးတူဆက်ရ

www.burmeseclassic.com

www.burmeseclassic.com



မည့် လူများနှင့်အတူ လျှို့ဝှက်စခန်းတွင် နေထိုင်ခဲ့ကြ၏။

ထိုစခန်းမှ စစ်ရေးလေ့ကျင့်မှုများ ပြီးဆုံးသွားသူများသည် မြန်မာပြည်အနှံ့သို့ ပြန်လည်ထွက်ခွာသွားသည်ရှိသလို တပ်သားသစ်များကလည်း လျှို့ဝှက်ရောက်ရှိလာတတ်၏။

ဘသော်သည်လည်း ယခုအခါ စစ်ရေးလေ့ကျင့်သည့် တော်လှန်ရေးတပ်သားတစ်ယောက် ဖြစ်နေချေပြီ။ သမီးကလေး မမြနွယ်အတွက် ရှယ်တူကစားဖော်များရှိသလို ညအခါများတွင် ကောလိပ်ကျောင်းထွက် တော်လှန်ရေးတပ်သားတစ်ယောက်က စာသင်ကြားပေးလေ၏။

မျက်နှာဖြူကြီးမှာမူ စခန်းတွင် အငြိမ်မနေဘဲ မကြာခဏ ခရီးထွက်နေရလေရာ ဘသော်နှင့် ကောင်းစွာစကားပြောချိန်မရချေ။

၄င်းသည် တစ်ခါတစ်ရံ တောင်နီတောင်ကို ခက်ခဲကြမ်းတမ်းစွာဖြတ်ကျော်ပြီး ရခိုင်မှတစ်ဆင့် ဘင်္ဂလားဘက်သို့ သွားရောက်တတ်၏။

တစ်နေ့တွင် မျက်နှာဖြူကြီးက ခရီးထွက်ရာမှ ပြန်ရောက်လျှင် ဘသော်ကိုခေါ်၍ စခန်းအနီးရှိ ကျောက်တောင်ကြီးပေါ်သို့ တက်လေ၏။

ယခုတစ်ခေါက် မျက်နှာဖြူကြီး ခရီးထွက်သည့်မှာ





တစ်လခန့် ကြာမြင့်ခဲ့၏။ ကျောက်တောင်ထိပ်တွင် လေတဟူးဟူး တိုက်ခတ်နေ၏။

မျက်နှာဖြူကြီးက ဘသော်ကို

*"လူကလေး... ကျုပ် ဒီတစ်ခေါက် ဘင်္ဂလားဘက်ကနေ အိန္ဒိယအထိရောက်ခဲ့တယ်၊ ဒီခရီးမှာ ကျုပ်ရဲ့အကြံအစည်တစ်ခု အောင်မြင်ခဲ့ပေမဲ့ နိဂုံးမှာတော့ အကြံအစည်က ပျက်တော့မလို ဖြစ်နေပြီ၊ ကျုပ်အခုပြောမဲ့အကြောင်းက မစ္စတာ ချာလ်တန်နဲ့ ပတ်သက်တဲ့ ကျောက်မျက်လုံး အကြောင်းပါပဲ"*

ဟု စကားစ၏။

ဘသော်က ခေါင်းညိတ်ပြီး

*"သစ်တောဝန်ထောက်ဟောင်းကြီးဟာ ထူးဆန်းတဲ့ ကျောက်မျက်လုံး တပ်ဆင်ထားတယ်ဆိုတာ ကျုပ်ကို ပြောဖူးပါတယ်"*

ဟု ဆိုလေရာ မျက်နှာဖြူကြီးက သက်ပြင်းချပြီး

*"လူကလေးရဲ့ စကားအတိုင်း ကျောက်မျက်လုံးဟာ တကယ်ပဲထူးဆန်းပြီး ရှေးဟောင်း*



www.burmeseclassic.com

www.burmeseclassic.com



*မြို့တော်တစ်ခုက ရတနာသိုက်ကြီးနဲ့ ပတ်သက်နေ*
*တယ်''*

ဟု ပြောလေ၏။

ထို့နောက် မျက်နှာဖြူကြီးက မိုဟန်ကျိုဒါရိုမြို့တော်ဟောင်း အကြောင်းနှင့် ထိုမြို့တော်မှ မြို့တော်သားတစ်ဦး နတ်ရုပ်ထုမှ ကျောက်မျက်လုံးကိုယူ၍ တစ်ဆင်ကာ မြို့တော်ဟောင်း တူးဖော်သည့်အခါတွင် ထိုမျက်လုံးမှာ တစ်ဆင့်ပြီးတစ်ဆင့် မှောတာ ချာလိတန်ထံ ရောက်ရှိကာ တစ်ဆင်အသုံးပြုခဲ့ပုံတို့ကို ပြောပြလေတော့၏။

ဘသော်သည် မျက်နှာဖြူကြီး၏စကားကို တအံ့တသြ နားထောင်ပြီး

*''ဒါဆိုရင် ကျောက်မျက်လုံးတစ္ဆေက*
*မှောတာချာလိတန်ကို အမြဲခြောက်လှန့်ပြီး မူလ*
*နေရာဖြစ်နေတဲ့ နတ်ဘုရားရုပ်တုမှာ ပြန်ပြီးတပ်ဆင်*
*ပေးဖို့ တောင်းဆိုနေခဲ့တာပေါ့''*

ဟု ဆိုလိုက်၏။ မျက်နှာဖြူကြီးက

*''ဟုတ်တယ်၊ ကျုပ်နဲ့ ချာလိတန်ဟာ*
*ကျောင်းနေဘက် သူငယ်ချင်းတစ်ယောက် ဖြစ်ခဲ့*



*တယ်၊ သူဟာ အိမ်ထောင်ပြုပြီးလည်း ကျုပ်နဲ့*
*အဆက်အသွယ်ပြတ်မသွားပါဘူး၊ နောက်ပိုင်းမှာ*
*ကျောက်မျက်လုံးကြောင့် သူဟာ မအိပ်နိုင်မစားနိုင်*
*အလုပ်ပျက် အကိုင်ပျက် ဖြစ်နေခဲ့တော့ ကျုပ်ပဲ*
*ဖျောင်းဖျခဲ့ရတယ်၊ ပြီးတော့ သစ်တောဘက်မှာ*
*တာဝန်ပေးခဲ့ပြီး မြန်မာပြည်မှာ စိတ်ပြေလက်ပျောက်*
*အလုပ်ဝင်ဖို့ တိုက်တွန်းခဲ့တယ်၊ ကျုပ်သဘောက*
*လည်း သူ့ကို မျက်လုံးပြန်ပြီး မဆုံးရှုံးစေချင်ဘူး၊*
*ဒါကြောင့် ဘယ်လောက်များပြားတဲ့ ရတနာသိုက်*
*ပဲ ဖြစ်ပါစေ၊ မကော်မောသူလို့ပြောတဲ့ ချာလိတန်တို့*
*မိုးခေါင်နဲ့ရဲ့ သဘောထားနဲ့အတူတူပဲ ဖြစ်ခဲ့တယ်၊*
*ချာလိတန်က ကျုပ်ကိုတော့ သူဟာ အမှတ်မထင်*
*သေဆုံးခဲ့ရင် သူ့ထံက ကျောက်မျက်လုံးကို ယူ*
*ဆောင်ပြီး ရတနာတွေတူးဖော်ဖို့ တာဝန်ပေးခဲ့တယ်၊*
*စင်္ဂါပူအတွက် စားလောက်သောက်လောက်*
*အောင် ခွဲဝေပေးပြီး လူတွေရဲ့အကျိုးအတွက်*
*အသုံးပြုပါလို့ မှာခဲ့ဖူးတယ်၊ ဒါကြောင့် သူသေဆုံး*
*ချိန်က ကျုပ်ဟာ မြန်မာပြည်ထဲမှာတောင် ခရီးလှည့်*

www.burmeseclassic.com

www.burmeseclassic.com



တဲ့အတွက် မသိလိုက်ရဘူး၊ နောက်ပိုင်းမှာ ကျုပ်ဟာ လူကလေးတို့ရဲ့ သစ်တောထဲက သူသေဆုံးခဲ့တဲ့ ဘုရားပျက်ကြီးအနီးကို ရောက်ခဲ့ပါသေးတယ်၊ ကျောက်မျက်လုံးရဲ့သဲလွန်စကို ရလိုရငြားပေါ့"

ဟု ပြောလေရာ ဘသော်က ခေါင်းတဆတ်ဆတ်ညိတ်၍

"ဒါကြောင့်ကိုး၊ ခင်ဗျားနဲ့ကျုပ် အဲဒီနေရာမှာ အရက်သောက်ခဲ့တဲ့ညက မစ္စတာချာလ်ဘန်ရဲ့ ဝိညာဉ်နဲ့တွေ့ဖို့ စိတ်ခေါ်နေတာဟာ ခင်ဗျားကြီးရာမရှဖြစ်ပြီး. မစ္စတာချာ်ဘန်က တကယ်လို့များ ဆက်သွယ်လာခဲ့ရင် ကျောက်မျက်လုံး အကြောင်း မေးမြန်းမလို့ မဟုတ်လား"

ဟု ဆိုလိုက်၏။

မျက်နှာဖြူကြီးက ဟက်ခနဲရယ်၍

"သိပ်ဟုတ်တာပေါ့၊ မစ္စတာချာလ်ဘန်ကို ကျားဆွဲစဉ်ကတည်းက ကျောက်မျက်လုံးဟာ အစ ပျောက်သွားခဲ့တာကိုး"

ဟု ပြောလေ၏။

ထိုအခါ ဘသော်က





"ဒါဆိုရင် အခု ခင်ဗျားရဲ့အကြံအစည်က အောင်မြင်ပြီဆိုတာ ကျောက်မျက်လုံးကို ပြန်တွေ့ပြီ ဆိုတဲ့သဘောလား"

ဟု မေးမြန်းရာ မျက်နှာဖြူကြီးက ခေါင်းညိတ်၍

"ကျုပ်လက်ထဲမှာ ကျောက်မျက်လုံး ရောက်နေပါပြီ၊ တကယ်တော့ ကျောက်မျက်လုံးနဲ့ နီးလျက်နဲ့ ဝေးနေတာပါ၊ အဲဒီအကြောင်းကို ကာလကတ္တားမှာ ဆေးကုသခံနေတဲ့ ချာလ်ဘန်ရဲ့မိန်းမ စင်သီယာရဲ့အကြောင်းကိုပြောရတော့မယ်၊ မစ္စတာ ချာလ်ဘန် သေဆုံးစဉ်ကတည်းက စင်သီယာ ဆီမှာ ကျောက်မျက်လုံးရှိနေခဲ့တာပဲ၊ သူဟာ တော ထဲက ကျားဆွဲခံရတဲ့ ချာလ်ဘန်ရဲ့ ရုပ်အလောင်း ကို သွားကြည့်စဉ်က ဘုရားပျက်အနီးမှာ မြေမှုန့် တွေနဲ့လိမ်းကျံနေတဲ့ ကျောက်မျက်လုံးကို တွေ့ရှိခဲ့ပြီး အနီးက သစ်ပင်ကြီးတစ်ပင်ရဲ့ သစ်ခေါင်းထဲမှာ ဝှက်ထားခဲ့တယ်၊ ပြီးတော့ ယောက်ျားဖြစ်သူ အတွက် စိတ်သောကမွေပြီး ကာလကတ္တားကို ပြန် ရောက်တဲ့အခါမှာလည်း သူဟာ ကျောက်မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ကို မေ့လျော့နေခဲ့တယ်၊ နောက်ပိုင်းမှာ သူဟာ စိတ္တဇရောဂါသည်ဖြစ်ပြီး ဆေးကုသခံနေရတော့ ကျောက်မျက်လုံးရဲ့သတင်းက အဆက်ပြတ်သွားတာပေါ့၊ ကျုပ်ဟာ ဝင်သီယာကို မကြာခဏသွားတွေ့ပြီး သူ့အတွက် လိုအပ်တာမှန်သမျှ ကူညီပေးခဲ့ပါတယ်၊ သူဟာ ကျုပ်ကိုတောင် ကောင်းကောင်းမမှတ်မိတော့ပါဘူး၊ အခုတစ်ခေါက်လည်း ထုံးစံအတိုင်း ကျုပ် သူ့ဆီကိုအရောက်မှာ ဝင်သီယာကို သေအံ့မူးမူးဖြစ်နေတာ စိတ်မကောင်းစရာ တွေ့ကြုံလိုက်ရတယ်၊ ထူးဆန်းတာက ဝင်သီယာဟာ နောက်ဆုံးအချိန်ကလေးမှာ မူလစိတ်ပြန်ဝင်ပြီး ကျုပ်ကို ကျောက်မျက်လုံးရှိတဲ့နေရာကို ပြောပြခဲ့တယ်၊ အဲဒီကျောက်မျက်လုံးကို ကျုပ်ရှာဖွေပြီး လုံခြုံတဲ့နေရာမှာ သိမ်းဆည်းထားခဲ့ပါပြီ၊ ဒါပေမဲ့ အဲဒီလိုမသိမ်းဆည်းခင်ကတည်းက အိန္ဒိယမှာရှိနေစဉ် ကျုပ်အတွက် စိတ်ပျက်စရာသတင်းတစ်ခု ကြားခဲ့ရတယ်၊ အဲဒါက ကျောက်မျက်လုံးရဲ့ မူလနေရာဖြစ်တဲ့ နတ်ဘုရားရုပ်တုဟာ မိုဟန်ဂျို





ဒါရို မြို့တော်ဟောင်းမှာရှိနေစဉ် မသမာသူတွေက ခိုးယူသွားခဲ့ပြီး ပျောက်ဆုံးသွားတယ်ဆိုတဲ့သတင်းပဲ၊ ဒါကြောင့် ကျုပ်က ရတနာသိုက်ကိုဖွင့်ဖို့ သော့လည်း ရှိနေရဲ့နဲ့ ရတနာသိုက်က ပျောက်နေသလို အဖြစ်မျိုး ကြုံနေရတယ်''

ဟု ညည်းညူပြောလိုတော့၏။

● ● ●



www.burmeseclassic.com

www.burmeseclassic.com



- သင့်အတွက်
  အကြံကောင်း ဉာဏ်ကောင်းကို
  သင်ကိုယ်တိုင်မှလွဲ၍
  မည်သူမျှ မပေးနိုင်။

မီဆို





မျက်နှာဖြူကြီး၏စကားကို နားစွင့်နေသော ဘသော်သည် အားမလိုအားမရနှင့် လက်သီးဆုပ်၍

*"ဒါဆိုရင် အဲဒီနတ်ဘုရားရုပ်ထုကို ထပ်ပြီး ရှာဖွေရဦးမဲ့ သဘောပေါ့"*

ဟု ဆိုလိုက်၏။

မျက်နှာဖြူကြီးက

*"ဟုတ်တယ်၊ ကျုပ် ခရီးတွေထွက်ရဦးမယ်၊ အဲဒီရတနာသိုက်ဟာ မျိုးချစ်တော်လှန်ရေးသမား တွေအတွက် အသုံးပြုမယ်လို့ ကျုပ် ရည်ရွယ်ထား*



www.burmeseclassic.com

www.burmeseclassic.com



လို့ပဲ၊ ကြားထဲကဖြတ်ပြီးပြောရရင် ကျုပ်ဟာ ချာလ်တန်ဆီမှာ ကျောက်မျက်လုံး တပ်ဆင်ထားစဉ်ကတည်းက ကျောက်မျက်လုံးရဲ့အကြောင်းကို သိပြီး မြို့တော်ဟောင်းရဲ့ ရဝနာသိုက်ကို စိတ်ဝင်စားခဲ့တယ်၊ ဒါကြောင့် မြို့တော်ဟောင်းရဲ့ အနီး ပတ်ဝန်းကျင်ကို ပြုပြစ်အောင်သွားလာခဲ့ဖူးတယ်၊ အဲဒီအချိန်က ကျုပ်ဟာ မြန်မာပြည်နဲ့ အိန္ဒိယကို အိမ်ဦးနဲ့ကြမ်းပြင်လို သွားလာနေခဲ့ရတာပေါ့၊ နောက်ဆုံးမှာ ကျုပ်အတွက် ကံကောင်းထောက်မပြီး မြို့တော်ဟောင်းကသုံးစွဲခဲ့တဲ့ ရွှေဒင်္ဂါးတွေကို သေတ္တာကလေးတစ်လုံး အပြည့်ရရှိခဲ့တယ်၊ ရရှိခဲ့တာကလည်း သူ့ခိုးလက်က သူဝှက်လုသလိုမျိုး မထင်မှတ်ဘဲရရှိခဲ့တာပါ၊ အဲဒီမြို့တော်ဟောင်းကို တူးဖော်နေတဲ့ 'ရှေးဟောင်းသုတေသနပညာရှင် တစ်ယောက်ဟာ မြို့တော်ရဲ့ အိမ်တစ်ဆောင်က မြေတိုက်ခန်းထဲမှာ အဲဒီရွှေဒင်္ဂါးတွေကို တွေ့ရှိခဲ့ပြီး သူ့ကိုယ်ကျိုးအတွက် အသုံးချဖို့ တိတ်တဆိတ် အပြင်က ရွှေကုန်သည်တွေဆီမှာ ရောင်းချဖို့ကြံစည်





နေခဲ့တယ်၊ သူတို့ဟာ အဲဒီလိုတွေဆုံပြီး တစ်ဖက်နဲ့ တစ်ဖက် ညှိနှိုင်းလို့မရတဲ့ အခြေအနေဖြစ်ပြီး တိုက်ခိုက်ကြတော့တယ်၊ အဲဒီလူတွေ သေသူသေ၊ ဒဏ်ရာရသူရ ဖြစ်တဲ့အချိန်မှာ ကျုပ်ကတွေ့ပြီး အဲဒီရွှေဒင်္ဂါးတွေကို ကြားကဖြတ်ယူခဲ့တာပဲ၊ ဒီအတွက် တော်တော်ကလေးတော့ စွန့်စားလိုက်ရတယ်၊ ဒီလိုလုပ်ခဲ့တဲ့အတွက် ကျုပ်ဟာ တရားမျှတတာတွေ၊ မမျှတာတွေကို မတွေးဘူး၊ ဒီအတွက် အခုဆိုရင် မျိုးချစ်တော်လှန်ရေးစခန်းမှာ လက်နက်ရိက္ခာတွေပြည့်စုံအောင် စီမံပေးထားနိုင်ပြီပေါ့၊ ကျုပ်လူကလေးတို့အိမ်ကို ပြေးလွှားရင်းရောက်လာတုန်းကလည်း အဲဒီရွှေဒင်္ဂါးတွေကို လက်ဆောင်အဖြစ်ထားခဲ့ပါသေးတယ်၊ ဒါပေမဲ့ မိန်းကလေးဆီက စုံထောက်တစ်ယောက်သိမ်းဆည်းသွားတယ်လို့ သိရတယ်''

ဟု မမောမပန်း ရှင်းပြပြန်၏။

ဘသော်သည် အတော်အသင့် ဓာတ်ရည်လည်သူဖြစ်

မြင်၏။ သူသည် မျက်နှာဖြူကြီး၏စိတ်ဓါတ်ကိုလည်း လွန်စွာ



www.burmeseclassic.com

www.burmeseclassic.com



လေးစားသွား၏။

၄ ထို့ကြောင့် မျက်နှာဖြူကြီး၏လက်ကို ဆုပ်ကိုင်ပြီး

*"ခင်ဗျားဟာ လူမျိုးခြားတစ်ယောက်ဖြစ်ပေမဲ့ မြန်မာတွေအတွက် ဘာကိုမြှုပ်နှံထားတာ လူတစ်သောင်းမှာတစ်ယောက် ရှိနိုင်မှာမဟုတ်ဘူးဗျာ"*

ဟု ချီးမွမ်းလိုက်၏။

ထိုအခိုက် သူတို့ရှိရာ ကျောက်ဆောင်ထက်မှနေပြီး တောနက်တစ်နေရာမှ ထွက်ပေါ်လာသော မီးခိုးတန်းဖြူဖြူကြီးတစ်ခုကို ထင်ရှားစွာ တွေ့လိုက်ကြရ၏။

မျက်နှာဖြူကြီးက လှုပ်လှုပ်ရှားရှားဖြစ်ကာ

*"ဒါဟာ ကျုပ် အိန္ဒိယကယူလာတဲ့ မီးခိုးနဲ့ အချက်ပြတဲ့ လက်နက်ကိုပစ်ဖောက်လိုက်တာပဲ၊ ကျုပ်တို့ရဲ့လျှို့ဝှက်စခန်းဆီကို ရန်သူတွေ ချဉ်းကပ်လာပြီဆိုတဲ့သဘောပဲ"*

ဟု ဆိုလေတော့၏။

● ● ●





● စည်းကမ်းဆိုသည့် အရာကို
အကျပ်အတည်းဟူသည့်
ကျောင်းတော်ကြီးမှ
သင်ကြားပေးသည်။

ဂန္ဒီ



www.burmeseclassic.com

www.burmeseclassic.com



ဘသော်တို့ စခန်းသို့ရောက်လျှင် အားလုံးလှုပ်လှုပ်ရှားရှား ဖြစ်နေကြ၏။ စခန်းသို့ရောက်ရှိရန် ရန်သူက ကျဉ်းမြောင်းသော ကျောက်တောင်ကြားမှ ဖြတ်သန်းလာရမည်ဖြစ်၏။

ထိုနေရာတွင် တော်လှန်ရေးရဲဘော်များက အသင့်စောင့်ဆိုင်းနေကြ၏။ မည်မျှများပြားသောရန်သူဖြစ်ပါစေ၊ ထိုနေရာမှ ကောင်းစွာ ခုခံပြီး တိုက်ထုတ်နိုင်မည်ဖြစ်၏။

သို့သော် ဗိုလ်သူရိန်က ရန်သူကို စခန်းအနီးထိ ချဉ်းကပ်ခွင့်မပြုဘဲ တပ်သားများအား တောနက်တွင်းရှိ နေရာအသီးသီးမှ ပျောက်ကြားနည်းဖြင့် တိုက်ခိုက်ရန် ညွှန်ကြားပြီးဖြစ်၏။





ရန်သူက တောထဲသို့ဝင်ရောက်လာပြီဆိုကတည်းက အဆင့်ဆင့် သတင်းရရှိပြီးဖြစ်၏။ တောစပ်တွင်ပင် ဘသော်တို့ ဝင်ရောက်ခိုနားခဲ့သော ဦးညိုတို့လို အိမ်စုကလေးများရှိနေကာ ထိုသူများထံမှ သတင်းရရှိခဲ့၏။

ထို့ကြောင့် ဘသော်တို့စခန်းသို့ပြန်ရောက်မီပင် ဗိုလ်သူရိန်က ရန်သူကို ကြိုတင်တိုက်ခိုက်ရန် စနစ်တကျ စီစဉ်ပြီဖြစ်၏။

ထိုတိုက်ပွဲတွင် ဘသော်တို့ မပါဝင်လိုက်ရချေ။ သို့သော် ဓနီးသည် မမြချစ်သည် အခြားအမျိုးသမီး သုံးလေးယောက်နှင့်အတူ ဗိုလ်သူရိန်၏အဖွဲ့တွင် လိုက်ပါသွားခဲ့၏။

ဗိုလ်သူရိန်သည် နောက်တန်းအဖွဲ့တစ်ဖွဲ့တွင်ရှိနေမည်ဖြစ်ရာ အရေးကြုံက စခန်းနှင့်ဆက်သွယ်ရန် မမြချစ်တို့က ဆက်သားအဖြစ် လိုက်ပါရန် တောင်းဆိုမှုကို လက်ခံ၍ ခေါ်ဆောင်သွားခြင်းဖြစ်၏။

သူတို့၏ရန်သူမှာ အင်္ဂလိပ်စစ်တပ်မှ တပ်ခွဲတစ်ခွဲဖြစ်၏။ အချိန်များစွာမကြာမြင့်မီ လျှိုဝှက်စခန်းနှင့်ဝေးကွာသော တောနက်တွင်းမှ ပစ်ခတ်တိုက်ခိုက်မှုများကို ကြားလိုက်ရ၏။

ထိုတိုက်ပွဲတွင် သူတို့ဘက်မှ အနိုင်ရရှိကာ အင်္ဂလိပ်စစ်တပ်သည် ထိခိုက်အနာတရများစွာနှင့် ဆုတ်ခွာသွားခဲ့၏။ ညတွင်

www.burmeseclassic.com



တပ်သားများ အောင်ပွဲခံကြရာ မဖြချစ်က ဘသော်ကို

"ဒီမှာ ကိုဘသော်၊ ကျွန်မတို့ကို နောက်တန်းအဖွဲ့မှာပါတယ်ဆိုပေမဲ့ တိုက်ပွဲတစ်ခုကိုတော့ မျက်မြင်တွေ့ကြုံလိုက်ရသေးတယ်၊ ကျွန်မတို့ရဲ့ ပျောက်ကြားတပ်သားတွေက အင်္ဂလိပ်စစ်တပ်ကို နေရာအနှံ့က တိုက်ခိုက်တော့ သူတို့ဟာ သွေးရူးသွေးတန်းနဲ့ ကစင့်ကလျားဖြစ်ကုန်ကြတယ်၊ အဲဒီမှာ အင်္ဂလိပ်စစ်သားအချို့ဟာ တပ်ကွဲပြီး ကျွန်မတို့ နောက်တန်းအဖွဲ့ဆီကို တည့်တည့်ကြီး ပြေးလွှားလာမိကြတယ်၊ သူတို့နဲ့အတူ ဘယ်သူတွေပါတယ်ထင်သလဲ၊ ရှင့်ကို မျက်မုန်းကျိုးနေတဲ့ ရွာက သူကြီးမင်းနဲ့ သူ့သားရွှေပေါ်ပါ ပါလာတယ်ရှင့်၊ ပြီးတော့ ကျွန်မတို့ကိုဖမ်းဆီးခဲ့တဲ့ ပုဂ္ဂိုလ်သောက်စုတ်ကိုလည်း တွေ့ရတယ်၊ သူတို့က ယွတ်ပြီထင်လို့ ပြေးလွှားလာကြတာ ကျွန်မတို့အဖွဲ့နဲ့ တည့်တည့်တိုးပြီး နောက်ကြောင်းကို ခွေးပြေး ဝက်ပြေး ပြန်ပြေးသွားကြတယ်၊ သူကြီးမင်းဆိုတာ ခေါင်းပေါင်းကြီးလည်းကျွတ်ပြီး ပုဆိုးမနိုင် ပဝါမနိုင်နဲ့ပြေးတာ၊





ကျွန်မဖြင့် ကြည့်ရင်း အားရအောင် ရယ်ခဲ့ရသေးတယ်"

ဟု ဖောက်သည်ချ၏။ ထိုအခါ အနီး၌ရှိနေသော မျက်မှာဖြူကြီးက ဘသော်ကို

"အင်း... ကျုပ်ကို မြန်မာပြည်ထဲမှာ သဲသဲမဲမဲလိုက်နေတဲ့ အဲဒီစုံထောက်မြွေဆွေပေါ့၊ အခု သူက သူကြီးမင်းသားအပေါကိုပါ စည်းရုံးထားပြီထင်တယ်၊ စုံထောက်မြွေဆွေဟာ အင်္ဂလိပ်အစိုးရရဲ့ အုပ်ချုပ်ရေးပိုင်းက အရာရှိကြီးတစ်ယောက်ရဲ့ လက်ကိုင်တုတ်ပဲ၊ အဲဒီအရာရှိကြီးဟာ ကျုပ်တို့ရဲ့ ကျောက်မျက်လုံးအကြောင်းကို ကောင်းကောင်းသိနေတဲ့သူပဲ၊ ဘာဖြစ်လို့လဲဆိုတော့ သူဟာ ကာလကတ္တားမှာကတည်းက စင်သီယာတို့နဲ့ အိမ်နီးနားချင်းလည်းဖြစ်၊ ခွေးမျိုးနီးစပ်လည်း တော်တဲ့သူတစ်ယောက်ပဲ၊ ဒါကြောင့် သူဟာ ချာလီတန်သေဆုံးတဲ့နောက်ပိုင်း စင်သီယာတို့အိမ် ဝင်ထွက်ပြီး ချာလီတန်ရဲ့ နေ့စဉ်မှတ်တမ်းကို ဖတ်ရှုမိခဲ့ပုံရပြီး ဒီအကြောင်းတွေကို သိသွားခဲ့တယ်၊ ကျုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



*အစိက အမဲလိုက်သလိုအလိုက်ခံနေရတာ အဲဒီ အရာရှိကြီးကြောင့်ပဲ"*

ဟု ပြောလေတော့၏။ ထိုအခါ ဘသော်က

*"ဒါဆိုရင် ရွှေပေါ်တို့သားအဖလည်း ကျောက်မျက်လုံးကြောင်း သိနေလောက်ပြီပေါ့"*

ဟု မေးမြန်းလေရာ မျက်နှာဖြူကြီးက

*"အဲဒီအကြောင်းကိုသိနေလို့ ဒီလိုတောနက်ထဲက တိုက်ပွဲအထိ ဒီသားအဖက စုံထောက်မြှော်နဲ့ အတူလိုက်လာတာပေါ့၊ တကယ်ဆိုရင် တော်လှန်ရေးတပ်သားတွေကို နှိမ်နင်းဖို့ထက် ကျုပ်ကို လက်ရဖမ်းဆီးဖို့က သူတို့အတွက် ပိုပြီး အရေးကြီးနေလိမ့်မယ်"*

ဟု ဆိုလေ၏။

နောက်ပိုင်းအချိန်များတွင်လည်း အင်္ဂလိပ်စစ်တပ်သည် တောင်နီတောင်အတွင်း ဝင်ရောက်လာတတ်သော်လည်း ပြောက်ကျားတပ်သားများကြောင့် အထိနာကာ ဆုတ်ခွာခဲ့ရသည်ချည်း ဖြစ်၏။

တပ်သားများအတွက် တောဓနက်ရှိုင်းမှုများကလည်း



သဘာဝအရံအတားအဖြစ်ရှိနေခဲ့၏။ ဘသော်သည်ပင် တော်လှန်ရေးတပ်သားလုံးလုံးဖြစ်နေ၏။

သူ့တွင် တာဝန်များကား ပခုံးပေါ်တွင်ရောက်ရှိကာ မြန်မာပြည်အနှံ့အပြားသို့ ရှပ်မျက်သွားလာနေခဲ့၏။ သူသည် မျိုးချစ်တပ်သားများအား စုဆောင်းခြင်း၊ အကူအညီပေးခြင်းတို့ကို မျက်နှာဖြူကြီးကဲ့သို့ လုပ်ဆောင်နေ၏။

မျက်နှာဖြူကြီးသည်လည်း စခန်းတွင် အတည်တကျမနေဘဲ သွားလာနေသူဖြစ်၏။ သူ့အတွက် နတ်ဘုရားရုပ်ပျောက်ဆုံးမှုအတွက် အိန္ဒိယသို့ တိတ်တဆိတ်ဝင်ရောက်ကာ စုံစမ်းထောက်လှမ်းနေသော်လည်း အကြောင်းမထူးသေးချေ။

နှစ်ကာလများက တရွေ့ရွေ့ကုန်ဆုံးလာခဲ့လေရာ လျှို့ဝှက်စခန်းတွင်းရှိ တပ်သားများမှာလည်း ပိုမိုများပြားလာသလို အင်္ဂလိပ်ကို တိုက်ထုတ်နိုင်မည့် တိုက်ပွဲကြီးအတွက် စွမ်းအားအပြည့်နှင့် ရှိနေကြ၏။ မမြနွယ်ကလေးပင် အပျိုဖော်ဝင်စ အခြားအမျိုးသမီးကလေးများနှင့်အတူ ရိုင်ဖယ်လ်ကို မနိုင့်တနိုင်နှင့် ပခုံးထက်တွင်တင်ကာ ဘယ်ညာလှမ်းနေချေပြီ။

သို့သော် ထိုအခြေအနေကပျက်ယွင်းရန် အကြောင်းဖန်လာ၏။ မျက်နှာဖြူကြီး ခရီးလွန်နေသောတစ်နေ့တွင် လျှို့ဝှက်စခန်းသို့

www.burmeseclassic.com



အင်္ဂလိပ်စစ်တပ်က ဝန်းရံတိုက်ခိုက်ခြင်းကို ခံရတော့၏။

ဗိုလ်သူရိန်သည် စခန်းကာကွယ်ရေးအတွက် အလျှင်အမြန် အမိန့်ပေးပြီး တောက်တစ်ချက်ပြင်းပြင်းခေါက်ကာ

*"တောက်... ဒါဟာ သွေးရိုးသားရိုး မဟုတ်ဘူး၊ အင်္ဂလိပ်စစ်တပ်က ငါတို့ရဲ့ကင်းပုန်းတွေ၊ အစောင့်တွေကို တိတ်တဆိတ် နှိမ်နင်းပြီး စခန်းနားရောက်အောင် ချဉ်းကပ်လာနိုင်တယ် ဆိုကတည်းက တို့ရဲ့စခန်းမှာ သစ္စာဖောက်ရှိနေပြီ"*

ဟု ရေရွတ်လေ၏။ အင်္ဂလိပ်စစ်တပ်သည် တိတိကျကျ ပင် သတင်းရထားဟန်နှင့် လျှို့ဝှက်စခန်းကို အပိုင်အနိုင်တိုက်ခိုက်လေ၏။ ထိုတိုက်ပွဲ၏ရလဒ်မှာ ဗိုလ်သူရိန်နှင့် မျက်နှာဖြူကြီးတို့ တည်ထောင်ခဲ့သော လျှို့ဝှက်စခန်း ကျဆုံးသွားခဲ့ခြင်း ဖြစ်၏။

တိုက်ပွဲတွင် မသေမပျောက် ကျန်ရစ်ခဲ့သူအားလုံး တောင်နီတောင်ကိုကျော်ဖြတ်ပြီး ပင်လယ်ဘက်သို့ ဆုတ်ခွာခဲ့ရ၏။

တိုက်ပွဲတွင် ဗိုလ်သူရိန်နှင့်တကွ တော်လှန်ရေးတင်သားများနှင့်အတူ ဘသော်၏ချစ်ဇနီး မြကလေးခေါ် မမြချစ်သည်လည်း အမျိုးအတွက် ရဲရဲဝံ့ဝံ့ အသက်စွန့်ခဲ့လေ၏။





● မဆုံးရှုံးသေးသမျှ
ကံကောင်းမှုကို မသိသေး။

ဆာဗန်တီးစ်



www.burmeseclassic.com

www.burmeseclassic.com



နောက်သိမ်း

တစ်နေ့သ၌ ပင်လယ်ကမ်းစပ်တစ်နေရာရှိ တံငါရွာကလေးနှင့် မလှမ်းမကမ်းရှိ ကျောက်ဆောင်ကြီးတစ်ခုပေါ်တွင် မိန်းမပျိုကလေးတစ်ယောက်သည် တွေတွေငေးငေးကလေးရှိနေလေ၏။

ပင်လယ်ပြင်သို့ အဓိဋ္ဌာန်မဲ့ငေးမောနေသော မိန်းမပျို၏ မျက်ဝန်းအစုံကမူ ရွှန်းလဲ့တောက်ပနေ၏။

ထိုအခိုက် သောင်ပြင်အတိုင်း တရွေ့ရွေ့လှမ်းလာသော မုတ်ဆိတ်ဖြူနှင့် တံငါသည်အဘိုးအိုက အနီးသို့ရောက်ရှိလာကာ

*"မြေးကလေး… မင်းရဲ့ဖခင်ကို မျှော်နေပြန်ပြီလား"*

ဟု မေးမြန်း၏။

ထိုအဘိုးအိုသည် တံငါသည်တစ်ဦးလို မြန်မာအဝတ်အစားများကို ဝတ်ဆင်ထားသော်လည်း လူမျိုးခြားမျက်နှာဖြူကြီးတစ်ယောက်သာဖြစ်၏။

မိန်းမပျိုက ခေါင်းညိတ်ပြလျှင် မျက်နှာဖြူအဘိုးအိုက

*"အိမ်ကိုပြန်ကြစို့ မြေးကလေးရယ်… မောင်ဘသော်က အချိန်တန်ရင် ပြန်ရောက်လာမှာပါ၊ ဒီလိုပဲ ခရီးထွက်သွားရင် တစ်ခါတလေ လပေါင်းများစွာကြာတတ်တာမျိုးမဟုတ်လား၊ တို့တစ်တွေဟာ မြန်မာတစ်မျိုးသားလုံးအတွက် ကိုယ်ကျိုးစွန့်ထားကြတဲ့သူတွေ၊ ချစ်ခင်နှစ်သက်သူတွေနဲ့ ခွဲခွာနေရတာ တို့အတွက် အဆန်းမဟုတ်ပါဘူး၊ မြေးကလေးရဲ့ မျက်လုံးအထဲရာက ပြုံးကောင်းစေချင်ရှိသေးတယ်၊ အိမ်မှာ အားရှိအောင် အစားယူရမယ်"*

ဟု ဆိုလေ၏။

မျက်နှာဖြူကြီးသည် မစ္စတာအော်ဒဝင်ဖြစ်သလို မိန်းမပျိုကလေးသည်လည်း အရွယ်ရောက်လာပြီဖြစ်သော မြန္မယ်ဘဝလေး







www.burmeseclassic.com

www.burmeseclassic.com



သာ ဖြစ်၏။

သူတို့သည် ကမ်းရိုးတန်းတစ်နေရာရှိ လူသူအလှမ်းဝေးလှသည့် ရွာပျက်တစ်ခုတွင် တံငါသည်များအဖြစ်ရှိနေကြ၏။

အခြားရွာသူရွာသားအားလုံးသည်လည်း တောင်နိုတောင်ဘက်မှ လှို့ဝှက်စခန်းပျက်ပြီး ရောက်ရှိလာသည့် တော်လှန်ရေးတပ်သားများဖြစ်၏။ ထိုအချိန်တွင် အင်္ဂလိပ်ကို တော်လှန်ရန် မြန်မာ တစ်ပြည်လုံး အုံကြွမှုကြီးဖြစ်ပေါ်နေချေပြီ။

မစ္စတာအော်ဒဝင်သည် မြန်မာပြည် အရပ်ရပ်ရှိ အခြား တော်လှန်ရေးတပ်သားများနှင့် အဆက်အသွယ် မပြတ်ဘဲရှိနေသလို ဘသော်ခှာလည်း နေရာအနှံ့လှည့်လည်ရင်း တော်လှန်ရေးအတွက် အားသွန်ခွန်စိုက်လုပ်ကိုင်နေလေ၏။ မမြနွယ်သည် မျက်နှာဖြူကြီး ခေါင်ဆောင်မှုကြောင့် ပြန်လည်လိုက်ပါလာကာ လမ်းတွင်

*"ဒါပေမဲ့ ဘဘရယ်၊ သမီးမျက်လုံးကို ကုပေးပြီး ဘဘ ခရီးထွက်သွားတယ် မဟုတ်လား၊ အဲဒီရက်က မျက်လုံးမှာ ဝက်တီးကြီး စည်းလျက်သားနဲ့ ကျွန်မလေ အိပ်မောက်သလို၊ အပြင်မှ တကယ် ဖြစ်နေသလို ကြောက်စရာကောင်းတဲ့ လူကြီးတစ်ယောက်နဲ့ တွေ့လိုက်ရတယ်၊ အဲဒီလူကြီး*





*ကို ကျွန်မ မမြင်ရပါဘူး၊ ဒါပေမဲ့ အဲဒီလူကြီး ကျွန်မ အနီးမှာရှိနေမှန်း အလိုလိုသိတယ်၊ သူက လည်း လတ်ဝါးကြီးဖြန့်ပြီး အသံနက်ကြီးနဲ့ 'ကောင်မလေး... နင် ငါ့ မျက်လုံးကို ပြန်ပေး ပါလို့ တောင်းတယ်'၊ အဲဒါ ဘာဖြစ်လို့လဲ"*

ဟု မေးမြန်းပြန်ရာ မျက်နှာဖြူကြီးသည် ဆတ်ခနဲ တုန်ယင်သွားသော်လည်း ချက်ချင်းပင် ဟက်ခနဲရယ်၍

*"မြေးကလေးရဲ့ဒဏ်ရာက နာကျင်တော့ ဒီလိုပဲ တွေးမိ တွေးရာ၊ မြင်မိမြင်ရာ မြင်တတ် တာပေါ့၊ နောက်တော့ အဲဒီလိုတွေ ဆက်ပြီးမြင်တွေ့ သေးလား"*

ဟု မေးမြန်း၏။ မမြနွယ်က မျက်လုံးကလေး ကလယ် ကလယ်နှင့် ခေါင်းယမ်းကာ

*"မတွေ့ရတော့ဘူး ဘဘရဲ့၊ သမီးက ကျောက်ဆောင်အောက်မှာ ကမာကောင်ကလေး တွေရှာပ်ရင်း မထင်မှတ်ဘဲ နတ်သီးချွန်နဲ့ ငါးမုံ့ တစ်ကောင်က မျက်လုံးနဲ့ထိုးကိုက်လိုက်ကတည်းက သွေးတွေအများကြီးထွက်ပြီး ငါ့မျက်လုံးတစ်ဖက်*



www.burmeseclassic.com

www.burmeseclassic.com



တော့ ပျောက်ပါပြီလို့ ထွေးခဲ့မိတာ၊ ဘာဘာက ဆေးကု
ပေးလို့ မျက်လုံးက ပြန်ကောင်းမလို့ရှိသေး၊
အဲဒီလူကြီးက သူ့မျက်လုံးဆိုပြီး ပြန်တောင်းတော့
တော်တော်ထိတ်လန့်သွားတာပေါ့၊ နောက်နေ့တွေ
လည်း အဲဒီလိုလာတောင်းနေရင် ခက်ရချည်ရဲ့လို့
တွေးမိသေးတယ်၊ ဒါပေမဲ့ အဲဒီလူကြီး ပေါ်မလာ
တော့ပါဘူး၊ သမီးစိတ်ထဲမှာ တွေးချင်ရာတွေးမိလို့
ဖြစ်မှာပါ''

ဟု ပြောလေ၏။

မမြနှယ်လေး၏စကားဆုံးလျှင် မျက်နှာဖြူကြီးသည်
သက်ပြင်းကို ကြိတ်၍ချလိုက်မိ၏။ သူသည် လွန်စွာလှပ၍ ဖိန့်ပွင့်
ကလေးလို တဖျတ်ဖျတ်တောက်ပနေသော မမြနှယ်၏မျက်လုံးအစုံ
ကို ကြည့်ရှုကာ စိတ်တွင်းမှ

''မြေးကလေးရယ်... တိုက်တိုက်ဆိုင်ဆိုင်
ပါပဲ၊ ဘာဘာ ခရီးထွက်စဉ်တုန်းက ဘာဘာနှစ်ပေါင်း
များစွာ မျှော်လင့်တကြီးရှိနေတဲ့ အကြံအစည်ကြီး
ပျက်စီးသွားပြီဆိုတာကို သိခဲ့ရတယ်ကွာ၊ အဲဒါက
ဘာဘာတို့ မြို့တော်ဟောင်းရဲ့ရတနာသိုက်ကို ရှာဖွေဖို့





အရေးကြီးတဲ့ နတ်ဘုရားရုပ်ထုရဲ့သတင်းကို ရရှိ
လိုက်တာပါပဲ၊ နတ်ဘုရားရုပ်ထုဟာ တန်ဖိုးမသိတဲ့
လူ့အစုတွေရဲ့လက်ချက်နဲ့ အရည်ကြိုသွန်းလုပ်ခံခဲ့
ရတဲ့ ကြေးတုံးကြီးတစ်တုံးအဖြစ် ပြောင်းလဲသွားပြီ
ဆိုတာပါပဲ၊ ဒါပေမဲ့ ဘာဘာခရီးမထွက်ခင် မထင်
မှတ်ဘဲ မြေးကလေးရဲ့မျက်လုံးက ထိခိုက်ဒဏ်ရာ
ရခဲ့တော့ ဘာဘာ တန်ဖိုးထားတဲ့ ကျောက်မျက်လုံး
ကို ဘယ်သူ့မှမသိအောင် အစားထိုး တပ်ဆင်ပေးခဲ့
တာပဲလေ၊ ကျောက်မျက်လုံးရဲ့တစ္ဆေဖြစ်တဲ့
မြို့တော်သားကတော့ သူ့မျက်လုံးကို လာပြီး
တောင်းခဲ့သေးတာကိုး၊ ဒါပေမဲ့ နတ်ဘုရားရုပ်
ပျက်စီးသွားမှတော့ သူနဲ့ မျက်လုံးရဲ့ ဆက်သွယ်
ထားတဲ့ နှောင်ကြိုးတွေလည်း ပြတ်တောက်သွား
တော့မှာပေါ့၊ ဒါကြောင့် မြေးကလေးကို မနှောင့်
ယှက်တော့တာပဲ၊ ဝမ်းသာစရာက မြေးကလေးဟာ
ကျောက်မျက်လုံးတစ္ဆေရဲ့ အရိပ်မည်းကြီးက
ကင်းလွတ်သွားတာကိုပဲ''

ဟု ရေရွတ်မိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ခြေလက်များ သံကြိုးကြီးများနှင့် ချုပ်နှောင်ခြင်းခံထားရသော ဦးဘသော်သည် ညှဉ်းပန်းနှိပ်စက်မှုအမျိုးမျိုးကြောင့် တစ်ကိုယ်လုံး ဒါဏ်ရာဗရပွနှင့် ရှိနေလေ၏။

သူသည် အချိန်တိုင်းပင် သမီးကလေးမမြနွယ်ကို သတိရမိ၏။ မျက်နှာဖြူကြီး မစ္စတာအော်ဒဝင်ကို မြင်ယောင်နေမိ၏။

သူ ခရီးမထွက်ခွာမီ မျက်နှာဖြူကြီးက နှုတ်ဆက်ကာ

*"ဒီမှာ လူကလေး... ကျုပ်တို့က ကိုယ့်အသက်ကို ကိုယ်မပိုင်သလို စွန့်စားသွားလာရင်း ဘယ်အချိန် သေဆုံးမလဲဆိုတာ မသိရဘူး၊ ဒါကြောင့် မြေးကလေးရဲ့ရှေ့ရေးအတွက် တိုင်းပြည်မှာ အပြောင်းအလဲ တစ်စုံတစ်ရာကြုံလာတာနဲ့ ကျုပ်စီစဉ်စရာရှိတာ စီစဉ်ရမယ်၊ မြေးကလေးကို ကျုပ်ရဲ့ အမျိုးအဆွေတွေရှိတဲ့ အင်္ဂလန်ကို ခေါ်သွားပြီး မြန်မာပြည်ကြီး သူ့ကျွန်ဘဝက လွတ်မြောက်မှ ပြန်ပြီး အခြေချစေရမယ်၊ ဒီတော့ လူကလေး ခရီးကို စိတ်ဖြောင့်ဖြောင့်သာ သွားပါ၊ မြေးကလေးအတွက် ကျုပ် အားလုံးတာဝန်ယူတယ်"*





ဟု ပြောခဲ့၏။

ဦးဘသော်သည် မမြနွယ်၏ရှေ့ရေးအတွက် အတန်သင့် စိတ်ချရပြီဟု ယုံမှတ်မိ၏။

သူသည် ခရီးသွားလာရင်း ဧရာဝတီမြစ်ကမ်းပါးအနီးရှိ စည်ကားသော မြို့ကြီးတစ်မြို့တွင် သူ၏ရန်သူတော်ကြီးရွှေပေါ်တို့ သားအဖနှင့်ဘည့်တည့်ကြီးတိုးကာ ဖမ်းဆီးခြင်းခံခဲ့ရလေတော့၏။

ရွှေပေါ်နှင့်မြတင် သားအဖသည် နေရာတိုင်းတွင် တော်လှန်အုံကြွမှုများဖြစ်နေလေရာ အရေးအကြောင်းတွင် တော ကြောင်များက လက်ခမောင်းခတ်တတ်သော ဇာတိရွာတွင်မနေ တော့ဘဲ ရွှေပေါ်၏မိခင်ဘက်မှ အမျိုးအဆွေများရှိရာ ထိုမြို့ကြီးတွ ပြောင်းရွှေ့လာခဲ့ကြသည်မှာ နှစ်များစွာကြာချေပြီ။

ယခုတော့ သူတို့သည် ခေတ်ပျက်သူဌေးဖြစ်နေကြ ဦးဘသော်ကို မထင်မှတ်ဘဲတွေ့ဆုံကာ ဖမ်းဆီးမိသောကြေ ရွှေထုပ်ကြီးကောက်ရသလို ဝမ်းသာလုံးဆို့နေကြ၏။

ထို့ကြောင့် ရွှေပေါ်သည် ရန်ကုန်မြို့သို့ ချက်ချင်းသ ရောက်ကာ စုံထောက်မြဆွေနှင့်ဆက်သွယ်လေ၏။ ကျွန်ုပ်ရ မြတင်က ဖအေသေွးပါသူပီပီ ဦးဘသော်ထံမှ ကျောက်မျ နှင့် မြို့တော်ယောင်း၏ဒင်္ဂါးများအပါအဝင် ရတနာ အကြေ



www.burmeseclassic.com

www.burmeseclassic.com



ကို နှိပ်စက်ညှဉ်းပန်းကာ မေးမြန်း၏။

ထိုနေ့တွင်တော့ စုံထောက်မြဲခွေသည် တက်ကြွသော ခြေလှမ်းများနှင့် ဦးရွှေပေါ်ခေါ်ဆောင်ရာ လိုက်လာခဲ့ပြီဖြစ်၏။ သူတို့ကို မြတင်က ဆီးကြိုပြီး

*"အဲ… ဒီလူကြီးက တော်တော် ခေါင်းမာတာပဲ၊ သူ့ဆီက လျှို့ဝှက်ချက်တွေ တစ်စွန်းတစ်စတောင် ထွက်မလာဘူး"*

ဟု သတင်းပေး၏။ ထိုအခါ စုံထောက်မြဲခွေက ရင်ကော့ပြီး

*"လူတစ်ယောက်ရဲ့ပါးစပ်က လျှို့ဝှက်ချက်တွေထွက်လာဖို့ ကျုပ်ဆီမှာ နည်းလမ်းတွေ အများကြီးရှိပါတယ်"*

ဟု ပြောလိုက်၏။

ထို့နောက် သူတို့သည် ဦးဘသော်ကို ချုပ်နှောင်ထားရာ အကျဉ်းခန်းရှေ့သို့ရောက်လာကြ၏။ မြတင်က တံခါးမှ သော့ခလောက်ကြီးကိုဖွင့်ပြီး

*"ဦးလေးမြဲခွေနဲ့ ခေါင်းမာလှတဲ့လူကြီး တွေ့ကြပြီပေါ့"*

ဟု ကြိမ်းဝါးလေ၏။

သို့သော် သူတို့သည် တံခါးပွင့်လျှင် အခန်းတွင်း၌ မထင်မှတ်သောမြင်ကွင်းကို မြင်တွေ့လိုက်ရ၏။

ဦးဘသော်သည် သံကြိုးများနှောင်တည်းခံထားရင်း ခေါင်းငိုက်စိုက်နှင့် ရှိနေ၏။ သူ၏တစ်ကိုယ်လုံး အားအင်မဲ့၍ သံကြိုးများတွင် တွဲလောင်းကြီးဖြစ်နေ၏။

ဦးဘသော်၏နှုတ်ခမ်းတို့ကမူ တင်းတင်းစေ့လျက်သား သွေးများ ပေကျံလျက် အသက်ကင်းမဲ့နေချေပြီ။ ထိုအဖြစ်ကြောင့် ဦးရွှေပေါ်က မျက်လုံးပြူးကျယ်ပြီး

*"ဘသော် ဆုံးပြီ"*

ဟု အော်ဟစ်လိုက်ရာ စုံထောက်မြဲခွေက မျက်နှာကို ရှုံ့မဲ့ပြီး

*"ခင်ဗျားရဲ့ရန်သူတော်ကြီးက သူ့လျှာကို သူကိုက်ပြီး အဆုံးစီရင်သွားပုံရတယ်"*

ဟု ရေရွတ်လေ၏။

ထိုအချိန်၌ ဦးဘသော် မသေမီကြုံးဝါးသွားခဲ့သော စကားသံအချို့ကမူ အကျဉ်းခန်းအတွင်း ပဲ့တင်ထပ်နေရစ်ကာ သူတို့ ကြားနိုင်မည်ဆိုပါက…

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ရင်ထဲက လျှို့ဝှက်ချက်တွေကို မင်းတို့ ဘယ်တော့မှမသိစေရဘူး၊ သေရွာအထိ ယူသွားမယ်ဟေ့"
ဟူ၍ပင် ဖြစ်လိမ့်မည်။

*(အားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေ)*

မင်းသွေးသစ္စာ

BURMESE CLASSIC .com



www.burmeseclassic.com